# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၁၂)ရက် ၊ အင်္ဂါနေ့ ၊ (12-5-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၁၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပုဂံဒေသရှိ ရှေးဟောင်းစေတီပုထိုးအဆောက်အအုံများ၏ ခေတ်အလိုက်အုတ်မြစ်တည်ဆောက်မှုစနစ်ကို တူးဖော်သုတေသနပြုလျက်ရှိ၊ မည်သူမဆိုလာရောက်လေ့လာနိုင်

ညောင်ဦး မေ ၁၁

ပုဂံဒေသရှိ ခေတ်အဆက်ဆက် တည်ဆောက်ခဲ့သော ရှေးဟောင်းစေတီပုထိုး အဆောက်အအုံများ၏ မြေပြင်အောက်တွင် တည်ဆောက်ခဲ့သည့် အုတ်မြစ်တည်ဆောက်မှုစနစ်ကို သိရှိနိုင်ရန် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) သုတေသနဌာနစုက တူးဖော်သုတေသနပြုလေ့လာလျက်ရှိသည်။

၂၀၂၃ ခုနှစ်မှစ၍ ခေတ်ကာလမတူညီသော ရှေးဟောင်းစေတီပုထိုးအဆောက်အအုံ ၁၂ ခု၏အုတ်မြစ်တည်ဆောက်မှုစနစ်ကို တူးဖော်သုတေသနပြုလေ့လာခဲ့ပြီး ယခု ၂၀၂၆ ခုနှစ်တွင် သဗ္ဗညုဂူဘုရားအနောက်ဘက်မီးမလောင်ကျောင်းအနီးရှိ ငကျွဲနားငွေ့ောင်းစေတီ (ရှေးဟောင်းအဆောက်အအုံအမှတ် - ၁၆၀၃)၊ ပုဂံရှေးဟောင်းသုတေသန ပြတိုက်ရှေ့ရှိ ပေါက်ပင်ရာစေတီ(ရှေးဟောင်းအဆောက်အအုံအမှတ်-၁၆၁၄)၊ ညောင်ဦး-ပုဂံမြို့ဟောင်းကားလမ်းဘေး မင်းအိုချမ်းသာဘုရားအရှေ့ဘက်ရှိ ရှေးဟောင်းအဆောက်အအုံအမှတ် (၁၉၀၅)တို့၏ အုတ်မြစ်တည်ဆောက်မှုစနစ်ကို တူးဖော်သုတေသနပြုသွားမည် ဖြစ်ကြောင်း သိရသည်။


တူးဖော်သုတေသနပြုနေမှုများနှင့် ပတ်သက်၍ လေ့လာလိုသည့် သုတေသီများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်သုတေသနပြုမှုများကို စိတ်ပါဝင်စားသည့် မည်သူမဆိုလာရောက်လေ့လာနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) ညွှန်ကြားရေးမှူးထံမှ သိရသည်။

ဒီပါလင်း



ငကျွဲနားငွေ့ောင်းစေတီ(ရှေးဟောင်းအဆောက်အအုံအမှတ် - ၁၆၀၃)အား တွေ့ရစဉ်။

# လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်




နေပြည်တော် မေ ၁၁

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း (သီရိလင်္ကာနိုင်ငံမြောက်ပိုင်းကမ်းလွန်)တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၃၁ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်**

စာမျက်နှာ - ၁၇

---

**နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA၊ TNLA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ဦးရေ ၃၀၊ အမျိုးသမီး ၄၂ ဦး စုစုပေါင်း ၇၂ ဦးတို့ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်**

စာမျက်နှာ - ၁၆

**လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ် အသိပေးနှိုးဆော်ခြင်း**

စာမျက်နှာ - ၂၁

**မှီအဆိပ်သင့်မှုတားဆီးကာကွယ် မှိုငယ်ငယ်နဲ့ ဈေးကွက်တွင်း အောင်မြင်ကြမယ်**

ဆောင်းပါး စာမျက်နှာ - ၁၉

**ရည်ရွယ်ချက်ကောင်း တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း**

ဆောင်းပါး စာမျက်နှာ - ၂၆




ရတနာပုံ

၂၀၂၄ ခုနှစ် မေ ၁၂ ရက်

အယ်ဒီတာ့အာဘော်

# မိုးရာသီတွင်ဖြစ်ပွားလေ့ရှိသော ရောဂါအမျိုးမျိုးကို ကြိုတင်သတိပြုကာကွယ်ပါ

မိုးရာသီတွင် စိုထိုင်းဆများနှင့် ရေဝပ်မှုများကြောင့် သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော၊ အအေးမိနှာစေး စသည့်ရောဂါများ အဖြစ်များသည်။ ထို့ကြောင့် ယခုကာလတွင် အဆိုပါရောဂါများ မဖြစ်ပွားစေရန် သတိပြုနေထိုင်ကြရမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် မိုးရာသီတွင် အဖြစ်များသော ရောဂါဖြစ်ပြီး အထူးသဖြင့် မေလ မှ စက်တင်ဘာလအတွင်း ဖြစ်ပွားလေ့ရှိသည်။ အသက်အရွယ်မရွေး၊ ကျား၊ မ မရွေး ဖြစ်ပွားနိုင်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် ဒင်ဂီးဗိုင်းရပ်စ်ပိုးကူးစက်ခြင်းကြောင့်ဖြစ်ပွားပြီး သွေးလွန်တုပ်ကွေးရောဂါပိုးသယ်ဆောင်သည့် ခြင်ကျားအကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ဖြစ်ပွားသည်။ ခြင်ကျားအကိုက်ခံရပါက သွေးလွန်တုပ်ကွေးရောဂါအပျော့စားမှသည် ပြင်းထန်သွေးလွန်တုပ်ကွေးရောဂါထိဖြစ်ပွားကာ သေဆုံးသည်ထိဖြစ်စေပါစေတတ်သည့်အတွက် မပေါ့ဆသင့်ပေ။

ခြင်ကျားများသည် ရေကြည်ရေသန့်များတွင် အဓိကပေါက်ဖွားကြပြီး နေ့အချိန်တွင် လူများကို ကိုက်လေ့ရှိသဖြင့် သွေးလွန်တုပ်ကွေးရောဂါမဖြစ်စေရေး နေ့ဘက်များတွင်ခြင်ကိုက်မခံရအောင် ဂရုစိုက်နေထိုင်ကြရန်လိုသည်။ ထို့ပြင် သန့်ရှင်းပြီး ရေစီးရေလာမကောင်းသည့် အိုင်များ၊ အဖုံးလုံအောင် ပိတ်မထားသည့် ရေကန်များတွင် ထိုခြင်များ ပေါက်ပွားလေ့ရှိသဖြင့် ရေထည့်ထားသောနေရာများကို စနစ်တကျလုံအောင် ဖုံးအုပ်ခြင်း၊ စစ်ဆေးခြင်း၊ ရေဆိုးမြောင်းများ၊ ရေဝပ်နေသောနေရာများကို သန့်ရှင်းရေးများ မကြာခဏလုပ်ပေးခြင်း၊ အိပ်လျှင် ခြင်ထောင်ထောင်အိပ်ခြင်း စသည်တို့ ဆောင်ရွက်ခြင်းဖြင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကို ကြိုတင်ကာကွယ်နိုင်သည်။

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရာသီမရွေး ဖြစ်ပွားတတ်သောရောဂါဖြစ်သော်လည်း အထူးသဖြင့် မိုးရာသီတွင် ဖြစ်ပွားမှုအများဆုံးဖြစ်သည်။ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ပြီး ကလေးသူငယ်များအတွက် အသက်အန္တရာယ်ရှိနိုင်ကြောင်း သိရသည်။ ဝမ်းလျှောခြင်းကို ကာလတိုဝမ်းလျှောခြင်းနှင့် ကာလရှည်ဝမ်းလျှောခြင်းဟူ၍ နှစ်မျိုးခွဲနိုင်သည်။ ကာလတိုဝမ်းလျှောခြင်းသည် နှစ်ရက်ခန့်အကြာတွင် ရပ်တန့်သွား၍ စိုးရိမ်ဖွယ်မရှိသော်လည်း ကာလရှည်ဝမ်းလျှောခြင်းသည် ဝမ်းသွားသည့်အကြိမ်ရေများပြားသည်နှင့်အမျှ ခန္ဓာကိုယ်ထဲတွင် ရေဓာတ်ဆုံးရှုံးသွားသဖြင့် အချိန်မီကုသမှုခံယူသင့်သည့်အပြင် နောက်ဆက်တွဲပြဿနာများအနေဖြင့် အစာအိမ်နာခြင်း၊ အစာအဆိပ်သင့်ခြင်းအပြင် သွေးပေါင်ကျပြီး သတိလစ်ခြင်းပါဖြစ်တတ်သည်။

ထို့ကြောင့် ယခုကာလတွင် ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် မသန့်ရှင်းသည့် အစားအစာများ၊ မသန့်ရှင်းသည့် သောက်သုံးရေများ၊ အမှည့်လွန်သစ်သီးများ၊ ယင်နားစာများ၊ လက်လုပ်ချဉ်များ၊ လမ်းဘေးအစားအစာများ စသည်တို့ကို ရှောင်ကြဉ်၍ ဆင်ခြင်စားသုံးသင့်သည်။ ထို့ပြင် အစာမစားမီ၊ အစားအစာမပြင်ဆင်မီအချိန်၊ အညစ်အကြေးနှင့် အမှိုက်သရိုက်များ ကိုင်တွယ်ပြီးချိန်၊ နှာချေချောင်းဆိုးပြီးချိန်နှင့် သန့်စင်ခန်းမှထွက်လာသည့်အချိန်တိုင်းတွင် လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်နိုင်သည်။

ယခုကဲ့သို့ မိုးရွာသွန်းချိန်တွင် မိုးရေစိုပြီး အအေးမိလျှင် ခန္ဓာကိုယ်၏အပူချိန် ရုတ်တရက်ပြောင်းလဲမှုကြောင့် ကိုယ်ခံအားစနစ်ကို ထိခိုက်ကျဆင်းစေပြီး မည်သည့်ရောဂါပိုးမွှားများကိုမဆို အလွယ်တကူဝင်ရောက်နိုင်သည့်အပြင် အဖျားကြီးခြင်း၊ နှာစေးခြင်း၊ ချမ်းတုန်ခြင်း၊ ကြွက်သားများကိုက်ခဲခြင်း၊ အော့အန်ခြင်း၊ ဝမ်းလျှောခြင်းနှင့် ခေါင်းကိုက်ခြင်းရောဂါတို့ကိုလည်း ဖြစ်စေနိုင်သည်။ ထိုရောဂါများသည် လူ့ကိုယ်ခံစွမ်းအားလျော့နည်းခြင်းကြောင့်ဖြစ်ရသည့်အတွက် ကိုယ်ခံအားကောင်းစေသောအစားအစာများ၊ ဖြည့်စွက်စာများနှင့် ဆေးဝါးများကို မှီဝဲသင့်သည်။ သို့ဖြစ်ပါ၍ မိုးရာသီအကူးအပြောင်းကာလတွင် ဖြစ်ပွားလေ့ရှိသော ရောဂါအမျိုးမျိုးကို မဖြစ်မီကတည်းက ကြိုတင်ကာကွယ်ခြင်းသည် ကျန်းမာရေးအတွက် အကောင်းဆုံးပင်ဖြစ်သည့်အတွက် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် ပြုမူနေထိုင်သင့်ပါကြောင်း တိုက်တွန်းနှိုးဆော်ရေးသားအပ်ပါသည်။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၅၄၂၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကျွန်းလှ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၅၄၂၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၅၄၂၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ပဲတီစိမ်းဧက ၅၄၂၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်ကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# စဉ့်ကိုင်မြို့နယ် ကျွန်းဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် မေ ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့်လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျွန်းဦးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၂၃ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၂၆ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ငါးသန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

# ပန်းတနော်မြို့နယ်တွင် ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ



**ပန်းတနော် မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဒေသထွက် ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် ဒေသထွက် ခဝဲသီးများ ကုန်စိမ်းဈေးကွက်တွင် မေလဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်လျက်ရှိရာ လက်ရှိတစ်ရက်လျှင် ခဝဲသီးအလုံးရေ ၂၅၀၀၀ မှ ၄၅၀၀၀ ထိ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါခဝဲသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ ခဝဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေတာပါ။ လက်ရှိ ခဝဲသီးအလုံးရေ ၂၅၀၀၀ မှ ၄၅၀၀၀ ထိ တစ်ရက်တာ အရောင်းအဝယ် ဖြစ်နေပါတယ်။ အခုအရောင်းအဝယ်ကောင်းနေတဲ့ ခဝဲသီးတွေက လတ်ဆတ်ပြီး အရည်သွေးကောင်းပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခုလို ဒေသထွက်ကုန် ခဝဲသီးတွေ အရောင်းအဝယ်ကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်တဲ့ တောင်သူတွေ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေနေပါတယ်"ဟု ပန်းတနော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် လက်ရှိ ခဝဲသီးများအပါအဝင် ဒေသထွက် ရာသီကုန် ဟင်းသီးဟင်းရွက်များ ပေါ်နေသည့် အချိန်ဖြစ်ကြောင်း၊ အဆိုပါခဝဲသီးများ ဝယ်ယူအားကောင်း အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း ပန်းတနော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် မိုးညှင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာစည် မေ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မိုးညှင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို မေ ၁၀ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အသင်းသား၊ အသင်းသူများကိုတွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့်စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က အတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးဒေါ်မြသက်ဝင်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သန်း ၅၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မိုးညှင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၃ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၆ ဦးကို ငွေကျပ် ၂၄ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၁ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၆၀ ကို ရန်ပုံငွေကျပ် သန်း ၅၀ ထုတ်ချေးပေးခဲ့ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖြုတ်ခွဲကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမောင်၊ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဖြုတ်ခွဲကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဖြုတ်ခွဲကျေးရွာ၌ အနက်ပေ ၂၀၀၊ အကျယ် လေးလက်မခွဲ၊ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် အခြားဆက်စပ် လုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ရန်ပုံငွေကျပ် ၃၇ ဒသမ ၉၄သန်း အသုံးပြုပြီး ဌာနမှ ဝန်ထမ်းများစုဖွဲ့၍ ယခုနှစ် မေ ၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၂ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နော်လူး**

# ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၈၀၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကြံစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၈၀၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံစိုက်ပျိုးရန် အတွက်မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၁၇၇၄ ဧက၊ ဝန်းသိုမြို့နယ်တွင် ၃၅ ဧက စုစုပေါင်း ၁၈၀၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်မှစတင်၍ စက်တင်ဘာလထိစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ ကြံ ၁၈၀၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ကြံစိုက်ပျိုးတဲ့အခါမှာလဲ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့ အထွက်နှုန်းကောင်းမွန်ဖို့ စတဲ့ အသိပညာပေး လုပ်ငန်းတွေကို ဆောင်ရွက် ပေးသွားမှာပါ"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် ကြံစိုက်ပျိုးရာ၌ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ခြောက်သိန်းနှင့် ခုနစ်သိန်းကြားတွင် ကုန်ကျပြီး ကြံတစ်ဧကလျှင် တန်ချိန် ၃၀ ခန့် ထွက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုး ရာတွင် အထွက်ကောင်းမျိုးဖြစ်သည့်K-95/84၊နဝဒေး-၄၊ ဖော်မိုဇာ၊ဆင်းရွှေလီမျိုးများကို စိုက်ပျိုးကြောင်း သိရသည်။

ကြံကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# လေးမျက်နှာမြို့နယ် ဇီးတောကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လေးမျက်နှာ မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးတောကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်၊ ဟင်္သာတခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်၊ လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဇီးတောကျေးရွာ၌ အလျား ၁၂ ပေ၊ အနံ ခြောက်ပေ၊ အမြင့် ငါးပေရှိ အုတ်ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒ သမ ၈၉၇ သန်းဖြင့် ဟင်္သာတခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ယခုနှစ် ဧပြီလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ဧပြီလအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်းက ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ ၃၇၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဧပြီလအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ ၄၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဧပြီလအတွင်းမှာ ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ ၄၈၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပဲတီစိမ်းတွေက အရည်အသွေးကောင်းပါတယ်။ လက်ရှိလဲ ဒေသထွက် ပဲတီစိမ်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပဲတီစိမ်းတွေကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ ဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိပါတယ်။ ဘိုကလေးမြို့နယ်က ထွက်ရှိတဲ့ ပဲတီစိမ်းတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်"ဟု ဘိုကလေးမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချခဲ့သည့် ပဲတီစိမ်း ၁၆ ပြည်ဝင်တစ်အိတ်လျှင်ငွေကျပ် ၁၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဘိုကလေးမြို့နယ်မှထွက်ရှိသည့် ပဲတီစိမ်းများ ရန်ကုန်ဈေးကွက်သို့ တင်ပို့မှုများပြားလာပြီး အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်၊ ပဲတီစိမ်းစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေနေကြောင်း ဘိုကလေးမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၁)

ပါမောက္ခကိုကိုအောင်




ဗီတာမင်ဆိုသည်မှာ လူတို့အပါအဝင် သက်ရှိအားလုံးတို့အတွက် မရှိမဖြစ်လိုအပ်သော အာဟာရဖြစ်သည်။ လူမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမဟူ၊ ရာထူးကြီးငယ်မကျန် ဗီတာမင်ကို စားသုံးရယူရန် လိုအပ်သည်။

ခန္ဓာကိုယ်အတွက်ဖြည့်ဆည်းသင့်သော ဗီတာမင်ပမာဏကို အကြောင်းအမျိုးမျိုးကြောင့် အလုံအလောက် ဖြည့်တင်းနိုင်ခြင်းမရှိပါက အချိန်ကာလကြာမြင့်လာသည့်အခါ ရောဂါအသေးအမွှားမှစ၍ ကြီးမားသောရောဂါကြီးများထိဖြစ်ပွားလာလေ့ရှိသည်။

သင့်တင့်မျှတသော ကုန်ကျစရိတ်ဖြင့် ရရှိနိုင်သည့် ဗီတာမင်ကြွယ်ဝသော အစာအာဟာရများကို စနစ်တကျ စားသုံးမှုမပြုသောကြောင့် များပြားလှသော ကုန်ကျစရိတ်ဖြင့် ကျခံကုသရသည့် ရောဂါကြီးများအဖြစ်သို့ ရောက်ရှိသွားရခြင်းမျိုးက ကမ္ဘာတစ်ဝန်းလုံး၌ အများအပြားရှိခဲ့သည်။ အများအပြားရှိနေဆဲလည်းဖြစ်သည်။

ထိုကဲ့သို့သော အဖြစ်သနစ်မျိုး ဖြစ်ရခြင်း၏ အခြေခံအကြောင်းရင်းဇာစ်မြစ်ကို လေ့လာကြည့်လျှင် ဗီတာမင်၏အကြောင်းကို လုံးဝမသိရှိခြင်း၊ ကြားဖူးနားဝရှိသော်လည်း ဂဃနဏမသိခြင်း၊ သိရှိပြီးဖြစ်သော်လည်း ခန္ဓာကိုယ်က ဗီတာမင်အစုံအလင် ရရှိအောင် လက်တွေ့စားသုံးရယူမှုမရှိခြင်း၊ ဗီတာမင်ချို့တဲ့မှု၏ဆိုးကျိုးများကို မသိနားမလည်ခြင်း၊ သိနိုင်သောဗဟုသုတမရှိခြင်း စသည့်မသိမှုနှင့်မရှိမှုများကြောင့်သာဖြစ်ရကြောင်း တွေ့ရှိကြရမည်ဖြစ်သည်။

လူတို့ကသာလျှင် ဗီတာမင်ကို စားသုံးရယူရန် လိုအပ်သည်မဟုတ်၊ သတ္တလောက တစ်ရပ်လုံး၊ သက်ရှိအားလုံးတို့က ဘဝရှင်သန်ရေးအတွက် ဗီတာမင်ကို လိုအပ်ကြသည်။ သတ္တလောကရှိ တိရစ္ဆာန်မျိုးစိတ်တချို့က ၎င်းတို့အတွက် လိုအပ်သော ဗီတာမင်တချို့ကို ၎င်းတို့ခန္ဓာကိုယ်၏ဇီဝယန္တရားလည်ပတ်မှုအတွင်း ထုတ်လုပ်ပေးနိုင်စွမ်းရှိကြသည်။

သို့ရာတွင် ခန္ဓာကိုယ်၏ ဇီဝယန္တရားလည်ပတ်မှုအတွင်း ဗီတာမင်တချို့ကို ထုတ်လုပ်ပေးနိုင်စွမ်းရှိသော တိရစ္ဆာန်များဖြစ်စေ၊ ထုတ်လုပ်ပေးနိုင်စွမ်းမရှိသော တိရစ္ဆာန်များဖြစ်စေ ၎င်းတို့၏ အသက်ရှင်ရပ်တည်မှုအတွက်လိုအပ်သော ဗီတာမင်များ ပါဝင်နေသည့် အရွက်၊ အသီး၊ အပွင့် စသည်တို့ကို မည်သို့မည်ပုံ ရှာဖွေရွေးချယ်စားသုံးကြရမည်ကို အလိုအလျောက်သိနေသော ပင်ကိုအသိတရားကို သဘာဝက ပေးအပ်ထားသည်။

လူတို့ကမူ မိမိတို့အတွက် လိုအပ်သော ဗီတာမင်သို့တည်းမဟုတ် ဗီတာမင်ပါဝင်သည့်၊ ဗီတာမင်ကြွယ်ဝသည့် အစာအာဟာရများကို မည်သို့မည်ပုံ၊ မည်ရွေ့မည်မျှ စားသုံးဖြည့်ဆည်းရမည်ကို သဘာဝအလျောက်သိနိုင်စွမ်း မရှိကြပေ။ သင်ယူမှုဖြင့်သာ သို့တည်းမဟုတ် လေ့လာမှုဖြင့်သာ သို့တည်းမဟုတ် ဖတ်ရှုမှတ်သားမှုဖြင့်သာ သိနိုင်စွမ်းရှိကြသည်။

ဗီတာမင်ပါဝင်သော အစားအစာများကို ကွဲပြားနားလည်သိရှိပြီး သိရှိကြသည့်အလျောက်လည်း စနစ်တကျ ရွေးချယ်စားသုံးခြင်းသည် ခန္ဓာကိုယ်ကျန်းမာရေးအတွက် အာဟာရကို ထိန်းညှိပေးနေခြင်းပင်ဖြစ်သည်။ လူတို့သည် ယေဘုယျအားဖြင့် ခန္ဓာကိုယ်ကျန်းမာရေးအတွက် အာဟာရထိန်းညှိခြင်းကို ကိုယ်တိုင်ကိုယ်ကြပ် လုပ်ဆောင်နိုင်စွမ်းရှိကြသည်ဖြစ်ရာ အဆိုပါအခွင့်အရေးကို လက်လွှတ်ဆုံးရှုံးမခံမိကြရန် အရေးကြီးလှသည်။

လူသားတစ်ဦးအတွက် မွေးဖွားလာသည်မှစ၍ ဘဝနိဂုံး အဆုံးမသတ်မီအချိန်ထိ အများစုသော အချိန်ကာလတစ်လျှောက်လုံးကို ပိုင်းခြားကြည့်လျှင် ပျမ်းမျှအားဖြင့် ဘဝ၏အချိန် လေးပုံသုံးပုံသည် အာဟာရထိန်းညှိမှုကို ကိုယ်တိုင်ကိုယ်ကြပ် လုပ်ဆောင်ခွင့်ရရှိနေသော အချိန်ကာလများဖြစ်ကြောင်း စိစစ်တွေ့ရှိကြရမည်ဖြစ်သည်။

ဤနေရာတွင် ဘဝ၏အချိန် လေးပုံသုံးပုံဟု ယေဘုယျသဘောပိုင်းခြားပေးရခြင်းမှာ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများရှိ နိုင်ငံသားအများစုကို အဓိကအားဖြင့် ရည်ညွှန်းခြင်းဖြစ်သည်။ အဆိုပါနိုင်ငံများတွင် ဆယ်ကျော်သက်အရွယ်ကျော်လွန်သည်ထိ မိဘအုပ်ထိန်းသူတို့၏ စီမံမှုဖြင့်သာ အစာအာဟာရများကို စားသုံးနေကြရခြင်းဖြစ်သည့်အတွက် အရွယ်ရောက်လာချိန် နောက်ပိုင်းကျမှသာ မိမိဘာသာ စီမံစားသောက်ခွင့်ကို ရရှိလေ့ရှိကြသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများ၌မူ မူကြိုအရွယ်၊ မူလတန်းကျောင်းသားအရွယ်ကတည်းကပင် ကျန်းမာရေးနှင့် အာဟာရအကြောင်းအခြေခံကို သင်ကြားပေးလျက်ရှိနေပြီး ဆယ်ကျော်သက်အရွယ်တွင် မိမိဘာသာ စီမံ စားသောက်ခွင့်ကို ရရှိနေကြသည်။

ထိုနိုင်ငံများရှိ နိုင်ငံသားများအတွက်မူ ပျမ်းမျှလူ့သက်တမ်းကို နှစ် ၈၀ အနေဖြင့် တွက်ချက်ပါက ဘဝ၏ အချိန် ၈၅ ရာခိုင်နှုန်းကျော်မှာ ဗီတာမင် ပါဝင်သော၊ ဗီတာမင်ကြွယ်ဝသော အစားအစာများကို စိတ်ကြိုက်ရွေးချယ် ဝယ်ယူစားသုံးခွင့်ကို ရရှိနေကြသည်။

ထို့ပြင် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ အသား၊ ငါး၊ ဥအမျိုးမျိုး၊ အသီး၊ အရွက်၊ နို့နှင့် နို့ထွက်ပစ္စည်း စသည်တို့ကို ရောင်းချကြရာတွင် ကုန်ပစ္စည်းထုပ်ပိုးခွံများပေါ်၌ ၎င်းတို့ရောင်းချသည့် စားသာက်ကုန်နှင့် ဟင်းချက်စရာများ၌ ဗီတာမင်ပါဝင်မှု၊ အဆီဓာတ်နှင့် သကြားဓာတ်များပါဝင်မှု အစရှိသည်တို့ကို ရိုက်နှိပ်ဖော်ပြပေးထားကြသည်ဖြစ်ရာ စားသုံးသူက ရွေးချယ်ဝယ်ယူတတ်ရန်သာ လိုအပ်သည်။

ဗီတာမင်နှင့် ပတ်သက်သော အခြေခံဗဟုသုတမျှရှိရုံနှင့်ပင် စားသောက်ကုန်များကို ဗီတာမင် ပါဝင်မှုအလိုက် ရွေးချယ်ဝယ်ယူခြင်းဖြင့် ခန္ဓာကိုယ်က လိုအပ်သော ဗီတာမင်မျိုးစုံကို မိမိဘာသာ စားသုံးဖြည့်ဆည်းပေးနိုင်ကြသည်။

ဖွံ့ဖြိုးဆဲနှင့်ဖွံ့ဖြိုးမှု နောက်ကျသော နိုင်ငံများ၌မူ စားသောက်ကုန်၊ သစ်သီးဝလံ၊ အသင့်စား အစားအစာ၊ တာရှည်ခံအစားအစာများ စသည်တို့ကို ရောင်းချကြရာတွင် ကုန်ပစ္စည်း၌ ဗီတာမင်ပါဝင်မှု၊ အဆီဓာတ်နှင့် သကြားဓာတ်များပါဝင်မှု စသည်တို့ကို ရိုက်နှိပ်ဖော်ပြပေးလေ့ မရှိကြပေ။ အဆိုပါနိုင်ငံများ၏ နိုင်ငံသားများအတွက် အနည်းဆုံးအားဖြင့် ဗီတာမင်အကြောင်း၊ အာဟာရများအကြောင်းကို ထဲထဲဝင်ဝင် သိရှိထားကြရန် လိုအပ်မည်ဖြစ်သည်။

ဗီတာမင်နှင့် အာဟာရများအကြောင်းကို စိုးစဉ်းမျှပင် မသိရှိထားပါက ခန္ဓာကိုယ်၏ ကျန်းမာရေးနှင့် အာဟာရ ထိန်းညှိမှု၏သဘောကို မည်သို့မျှ နားလည်နိုင်စွမ်းရှိမည်မဟုတ်ပေ။ ခန္ဓာတည်မြဲမှုအတွက် အာဟာရက အခြေခံဖြစ်သည့်အားလျော်စွာ အာဟာရအတွက် ဗီတာမင်ပါဝင်သော၊ ဗီတာမင်ကြွယ်ဝသော အသား၊ ငါး၊ ဥအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်၊ နို့နှင့်နို့ထွက်ပစ္စည်း၊ အခွံမာသီး၊ အချဉ်ဖောက်ထားသော စားသောက်ဖွယ်ရာ၊ တာရှည်ခံအစားအစာများကို မည်ကဲ့သို့ ရွေးချယ်စားသုံးရမည်ကို မသိရှိသူအတွက်အမှောင်ထဲ၌ စမ်းတဝါးဝါး သွားနေရသူနှင့် သဏ္ဍာန်တူနေလိမ့်မည်ဖြစ်သည်။

ဥပမာပြဆိုရလျှင် စီးပွားရေးပညာကို နားမလည်က စီးပွားရေးလုပ်ငန်းကို မထူထောင်တတ်၊ မလုပ်ကိုင်တတ်ရုံမျှသာ ရှိကောင်းရှိမည်။ ကျန်းမာရေးကိုတော့ ထိခိုက်နိုင်မည် မဟုတ်ပေ။ အလားတူပင် ကျွမ်းကျင်မှု ပညာတစ်ရပ်ကို တတ်မြောက်နားလည်ခြင်းမရှိပါက ၎င်းကျွမ်းကျင်မှု အလုပ်မျိုးကို မလုပ်ရုံ၊ မကျွမ်းကျင်ရုံမျှသာရှိမည်။ ကျန်းမာရေးအပေါ် သက်ရောက်မှုက ရှိလာနိုင်မည် မဟုတ်ပေ။

သို့ရာတွင် ဗီတာမင်၏အကြောင်း အခြေခံမျှလောက်ကိုပင် သိရှိနားလည်ထားခြင်း မရှိပါကမူ ဘဝခရီးရှည်ကြီးတစ်လျှောက် ကျန်းမာရေး ချွတ်ယွင်းမှုတစ်ခုခုနှင့် ကြုံတွေ့ရနိုင်သည်။ တစ်ခုထက်ပိုသော ကျန်းမာရေးချွတ်ယွင်းမှုများကိုလည်း ကြုံကောင်း ကြုံကြရနိုင်သည်။

ဗီတာမင် ပါဝင်နေသော၊ ဗီတာမင်ကြွယ်ဝလှသော အစားအစာများကို ရွေးချယ်စားသုံးရမှန်းမသိလျှင် ကျန်းမာရေးဆိုင်ရာ ပြဿနာတချို့က ဘဝခရီးလမ်းခုလတ်၌ စောင့်ကြိုနေလိမ့်မည်ကို သဘောပေါက် နားလည်ခံယူထားသင့်ကြသည်။

အချုပ်အားဖြင့်ဆိုရသော် ဗီတာမင်ဟူသည်မှာ ဘဝတစ်သက်တာအတွက် မရှိမဖြစ် အရေးကြီးလှသော သက်စောင့်ပစ္စည်းဖြစ်သည်။ ဘဝခရီးရှည်ကြီးတစ်လျှောက် မခွဲမခွာ လက်တွဲသွားရမည့် ထာဝရမိတ်ဆွေကြီးဟု ဆိုရလျှင်လည်း မှားအံ့မထင်ပေ။

❖ ခန္ဓာကိုယ်အတွက် ဖြည့်ဆည်းသင့်သော ဗီတာမင်ပမာဏကို အကြောင်းအမျိုးမျိုးကြောင့် အလုံအလောက် ဖြည့်တင်းနိုင်ခြင်းမရှိပါက အချိန်ကာလကြာမြင့်လာသည့်အခါ ရောဂါအသေးအမွှားမှစ၍ ကြီးမားသောရောဂါကြီးများထိ ဖြစ်ပွားလာလေ့ရှိသည်။ သင့်တင့်မျှတသော ကုန်ကျစရိတ်ဖြင့်ရရှိနိုင်သည့် ဗီတာမင်ကြွယ်ဝသော အစာအာဟာရများကို စနစ်တကျ စားသုံးမှုမပြုသောကြောင့် များပြားလှသော ကုန်ကျစရိတ်ဖြင့် ကျခံကုသရသည့် ရောဂါကြီးများအဖြစ်သို့ ရောက်ရှိသွားရခြင်းမျိုးက ကမ္ဘာတစ်ဝန်းလုံး၌ အများအပြားရှိခဲ့သည်။ အများအပြားရှိနေဆဲလည်းဖြစ်သည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့ တင်ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုး လိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ဇန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၆၉၀ စိုက်ပျိုးမည်

**ကသာ မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၆၉၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ယခင်နှစ်က ပန်းဂေါ်ဖီစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဇန်းမောက်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ဧက ၂၆၉၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို မေလ စတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဇန်းမောက်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၂၆၉၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာသီမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ပန်းဂေါ်ဖီ စတဲ့သီးနှံတွေ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးမယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဇန်းမောက်မြို့နယ်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန်၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့်ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# အုတ်တွင်းမြို့နယ် ဇီးဖြူခင်အလယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်တွင်း မေ ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းပင်ကျေးရွာအုပ်စု ဇီးဖြူခင်အလယ်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေ ထုတ်ချေး ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၂ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဇီးဖြူခင်အလယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၃၄ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၇ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

## မြန်မာအလှ အိမ်ရှင်မ

\- ပန်းကန်ခွက်ယောက် ကြေးညှော်ပျောက်ကာ
တောက်ပလက်ဖွေး ရှိစေရေးတွက်
ဆေးကြောသန့်စင် သူ့ကိုမြင်၍။

\- ထည်ဝတ်စုံစုံ နေ့စဉ်ပုံလည်း
ကုန်စင်ဖြူဆွတ် စွန်းထင်းကျွတ်အောင်
လျှော်ဖွပ်မြဲပင် သူ့ကိုမြင်၍။

\- ဖိုးတန်ဝတ်စုံ မဟုတ်တုံလည်း
ကိုယ့်ဂုဏ်ကိုယ်ဆင့် လိုက်ဖက်တင့်အောင်
သင့်ရုံမျှဆင် သူ့ကိုမြင်၍။

\- အိမ်မှုကိစ္စ အဝဝ၌
လုံ့လနှင့်ဖိ ဉာဏ်ဖြင့်သိကာ
မရိုမပျင်း ဖြူစိတ်ဝင်းလျက်
ရည်ချင်းလှပ အိမ်ရှင်မဟု
ဘဝတူယှဉ် အိမ်သူခင်ကို
ချစ်ကြင်မဆုံး ရှိစဉ်တုန်း။

\- အစိန္တေယျ ဩကာသဟု
အစချီကာ နှုတ်သံသာနှင့်
သီတာရေချမ်း ဆီမီးဆွမ်းနှင့်
ပန်းမြတ်မာလာ ထုံနံ့သာနှင့်
မျက်နှာချိုမြ ဝင်းပပနှင့်
ဗုဒ္ဓရင်ခွင် ဓမ္မမင်ကာ
တိမ်စင်လနှုန်း ကြည်မဆုံးသို့
နှလုံးဖြူလွင် သန့်သည်မြင်သော်
ကြင်သူသက်မျှ တကယ်လှဟု
ဆယ်ဆအချစ် တိုးလေပြီ။ ။

**ချစ်စုအောင်**

# ဝေါမြို့နယ် လက်ပန်ကျေးရွာ၌ ဂဝံမြေလမ်းခင်းနေမှု စစ်ဆေး

**ဝေါ မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပန်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းအချိန်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ လက်ပန်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

လက်ပန်ကျေးရွာ၌ လမ်းအရှည် ၉၆၁ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် မေ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုလေး**

## နိုင်ငံတကာ သတင်းများ

# ငြိမ်းချမ်းရေးအစီအစဉ်ဆိုင်ရာ အီရန်၏ တုံ့ပြန်ချက်များ သမ္မတဒေါ်နယ်ထရမ့် ပယ်ချ

ဝါရှင်တန် မေ ၁၁

အမေရိကန်နိုင်ငံက အဆိုပြုထားသည့် ငြိမ်းချမ်းရေးအစီအစဉ်အတွက် အီရန်နိုင်ငံက ပေးပို့ထားသော တုံ့ပြန်ချက်များကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မေ ၁၀ ရက်တွင် ပယ်ချခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီရန်အစိုးရသည် အမေရိကန်က နောက်ဆုံးအဆိုပြုထားသော ငြိမ်းချမ်းရေး အစီအစဉ်အတွက် တုံ့ပြန်ချက်များကို ပါကစ္စတန်အစိုးရမှတစ်ဆင့် အမေရိကန်အစိုးရထံ ပေးပို့ထားခြင်းဖြစ်သည်။

သို့ရာတွင် အီရန်အစိုးရ၏တုံ့ပြန်ချက်များကို မိမိအနေဖြင့်လုံးဝလက်မခံကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားသည်။

အီရန်အစိုးရ၏ တုံ့ပြန်ချက်များထဲတွင် အမေရိကန်နိုင်ငံအနေဖြင့် အီရန်ကို စစ်လျော်ကြေးပေးရန်၊ ဟော်မုဇ် ရေလက်ကြားအပေါ် အီရန်၏အချုပ်အခြာအာဏာပိုင်စိုးမှုကို အသိအမှတ်ပြုရန်တို့ ပါဝင်ကြောင်း အီရန်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အမေရိကန် ငြိမ်းချမ်းရေးအစီအစဉ်နှင့်ပတ်သက်၍ အီရန်၏ တုံ့ပြန်မှုများကို အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပယ်ချခဲ့ပြီးနောက် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများ မြင့်တက်လာခဲ့သည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ဖြစ်ပွားခဲ့သည့် အီရန်စစ်ရေးပဋိပက္ခကို အဆုံးသတ်ရေးအတွက် အမေရိကန်က ဟော်မုဇ်ရေလက်ကြားကို ပြန်ဖွင့်ရန်နှင့် နျူကလီးယား အစီအစဉ်များ ရပ်ဆိုင်းရန် အီရန်ကိုတောင်းဆိုထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# တူကီယဲလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ် နီပေါလေဆိပ်အဆင်း နောက်ဘီးမီးလောင်မှုဖြစ်

ခတ္တမန္ဒူ မေ ၁၁

တူကီယဲ လေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်တစ်စင်းသည် ယနေ့တွင် ခတ္တမန္ဒူမြို့လေဆိပ်သို့ ဆင်းသက်ခဲ့ပြီးနောက် လေယာဉ်လက်ယာ နောက်ဘီးတာယာတစ်လုံး မီးလောင်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

လေယာဉ်ဘီးတာယာမီးလောင်မှုကြောင့် ခရီးသည်တင်လေယာဉ်ပေါ်၌ လိုက်ပါလာသူ ခရီးသည်နှင့် လေယာဉ်အမှုထမ်း ၂၈၀ နီးပါးကို အရေးပေါ်ထွက်ပေါက်မှတစ်ဆင့် ကယ်ထုတ်ပေးခဲ့ရကြောင်း ခတ္တမန္ဒူလေဆိပ် တာဝန်ရှိသူများက ပြောကြားထားသည်။

အရေးပေါ် ခေါ်ထုတ်မှုပြုလုပ်စဉ် မည်သူတစ်ဦးတစ်ယောက်မျှ အထိအခိုက်မရှိခဲ့ကြောင်း လေဆိပ်တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့မှ ပျံသန်းလာသော အဲဘတ်စ် အေ-၃၃၀ ခရီးသည်တင်လေယာဉ်ပေါ်တွင် ခရီးသည် ၂၇၇ ဦးနှင့် လေယာဉ်အမှုထမ်း ၁၁ ဦးတို့ လိုက်ပါလာကြောင်း သိရသည်။

အဆိုပါ ခရီးသည်တင်လေယာဉ်သည် လေဆိပ်အဆင်းတွင် လက်ယာဘက်နောက်ဘီးတာယာ မီးလောင်ခဲ့ခြင်းဖြစ်ပြီး မီးသတ်သမားများက အောင်မြင်စွာမီးကို ထိန်းချုပ်နိုင်ခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ခတ္တမန္ဒူလေဆိပ်ကို တစ်နာရီခန့်ပိတ်ထားခဲ့ရသည်ဟု နီပေါတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO




# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ခရီးစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အတည်ပြု



ပေကျင်း မေ ၁၁

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် မေ ၁၃ ရက်မှ ၁၅ ရက်ထိ တရုတ်နိုင်ငံသို့ နိုင်ငံတော်ခရီးစဉ်အဖြစ် လာရောက်မည်ဟု တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ယနေ့တွင် အတည်ပြုထားကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အနေဖြင့် သမ္မတရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ မေ ၁၃ ရက်မှ ၁၅ ရက်ထိ တရုတ်နိုင်ငံသို့ နိုင်ငံတော်ခရီးစဉ်အဖြစ် လာရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ယနေ့သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် မေ ၁၃ ရက်တွင် ပေကျင်းမြို့သို့ ရောက်ရှိမည်ဖြစ်ပြီး မေ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် တရုတ်ခေါင်းဆောင်များနှင့်တွေ့ဆုံမည်ဖြစ်သည်။

တရုတ်ခရီးစဉ်အတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့အနေဖြင့် အီရန်စစ်ရေးပဋိပက္ခနှင့် တရုတ်(ထိုင်ဝမ်)ကိစ္စမှသည် နှစ်နိုင်ငံ ကုန်သွယ်ရေးဆိုင်ရာများ ပါဝင်သောကိစ္စများကို ဆွေးနွေးကြဖွယ်ရှိသည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲသည် တရုတ်သမ္မတနှင့် အမေရိကန်သမ္မတတို့အတွက် ခြောက်လကျော်ကြာကာလအတွင်း ပထမဆုံးလူချင်းတွေ့ဆုံဆွေးနွေးပွဲဖြစ်လာမည်ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် တရုတ်နိုင်ငံသို့ မူလက မတ်လကုန်ပိုင်း သို့မဟုတ် ဧပြီလအစောပိုင်းတွင် သွားရောက်ရန် စီစဉ်ခဲ့သော်လည်း အီရန်စစ်ရေးပဋိပက္ခကြောင့် အစီအစဉ်ဆိုင်းငံ့ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဗြိတိန်နှင့်ပြင်သစ်ဦးဆောင်၍ ဟော်မုဇ်ရေလက်ကြားဆိုင်ရာ နိုင်ငံတကာ ကာကွယ်ရေးဝန်ကြီးများဆွေးနွေးပွဲ ကျင်းပမည်

လန်ဒန် မေ ၁၁

ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများ ဘေးကင်းလုံခြုံရေးအတွက် စစ်ရေးအစီအစဉ်များ ရေးဆွဲဖော်ထုတ်ရန် ဗြိတိန်နှင့် ပြင်သစ်တို့က မေ ၁၂ ရက်တွင် နိုင်ငံတကာ ကာကွယ်ရေးဝန်ကြီးများ ဆွေးနွေးပွဲတစ်ရပ် လက်ခံကျင်းပမည်ဖြစ်ကြောင်း Xinhua သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

အဆိုပါ နိုင်ငံတကာကာကွယ်ရေးဝန်ကြီးများ ဆွေးနွေးပွဲကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

နိုင်ငံပေါင်း ၄၀ တို့မှကာကွယ်ရေးဝန်ကြီးများပါဝင်မည့် ဟော်မုဇ်ရေလက်ကြားဆိုင်ရာ ဆွေးနွေးပွဲကို မေ ၁၂ ရက်တွင် ဗြိတိန်နှင့် ပြင်သစ်ကာကွယ်ရေးဝန်ကြီးများက ပူးတွဲဥက္ကဋ္ဌများအဖြစ် တာဝန်ယူကျင်းပမည် ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အရှေ့အလယ်ပိုင်း ဒေသသို့ စစ်သင်္ဘောမလွှတ်ရန် အီရန်နိုင်ငံက ပြင်သစ်နှင့်ဗြိတိန်တို့ကို သတိပေးခဲ့ပြီး နာရီအနည်းငယ်အကြာမှာပင် ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

လက်ရှိတွင် ပြင်သစ်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသသို့ ချားလ်ဒီဂေါလ်လေယာဉ်တင်သင်္ဘောကို စေလွှတ်ထားပြီး ဗြိတိန်က အိတ်ချ်အမ်အက်စ်ဒရာဂွန် ဖျက်သင်္ဘောကို စေလွှတ်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အိန္ဒိယနိုင်ငံ မဟာရက်ရှ်တြာပြည်နယ်၌ ကားစက်ရုံသစ် တိုယိုတာတည်ဆောက်မည်




ဒေလီ မေ ၁၁

တစ်နှစ်လျှင် မော်တော်ယာဉ်အစီး ၁၀၀၀၀၀ ထိ တည်ဆောက်ထုတ်လုပ်နိုင်မည့် ကားစက်ရုံသစ်ကို အိန္ဒိယနိုင်ငံ မဟာရက်ရှ်တြာပြည်နယ်၌ တည်ဆောက်မည်ဟု ဂျပန်နိုင်ငံအခြေစိုက် တိုယိုတာမော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီက မေ ၁၀ ရက်တွင် သတင်း ထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ကားစက်ရုံသစ်သည် ၂၀၂၉ ခုနှစ် ပထမနှစ်ဝက်တွင် လုပ်ငန်း စတင်လည်ပတ်နိုင်မည်ဖြစ်ကြောင်း တိုယိုတာကုမ္ပဏီသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

တိုယိုတာကုမ္ပဏီသည် အဆိုပါကားစက်ရုံသစ်ကို မဟာရက်ရှ်တြာပြည်နယ် ဘစ်ကင်စက်မှုဇုန်၌ တည်ဆောက်ရန် စီစဉ်ထားသည်။

စက်ရုံလုပ်ငန်းများ စတင်လည်ပတ်နိုင်ချိန်တွင် ကားစက်ရုံသစ်သည်အိန္ဒိယနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ၂၈၀၀ ထိ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း တိုယိုတာကုမ္ပဏီသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။


အိန္ဒိယနိုင်ငံသည် နိုင်ငံတကာ မော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီများ၏ အရေးကြီးဆုံးဈေးကွက်များထဲတွင် ပါဝင်သည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံကိုကျော်ဖြတ်၍ ကမ္ဘာ့တတိယအကြီးဆုံး မော်တော်ယာဉ်ဈေးကွက်ဖြစ်လာခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ဆိုက်ခီအာကာသယာဉ်က မေ ၁၅ ရက်တွင် အင်္ဂါဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းမည်



**ဝါရှင်တန် မေ ၁၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဆိုက်ခီအာကာသယာဉ်သည် မေ ၁၅ ရက်တွင် အင်္ဂါဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း မေ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဆိုက်ခီ အာကာသယာဉ်သည် ဆိုက်ခီအမည်ရှိ ဂြိုဟ်သိမ်ဆီသို့ ခရီးနှင်ရာတွင် ဒြပ်ဆွဲအားအကူအညီရယူရေးအတွက် အင်္ဂါဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းရန် စီစဉ်ထားခြင်းဖြစ်သည်။

မေ ၁၅ ရက်တွင် ဆိုက်ခီအာကာသယာဉ်သည် အင်္ဂါဂြိုဟ်ကို ဂြိုဟ်မျက်နှာပြင်နှင့် ၁၂၃၃၃ မိုင်အကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း နာဆာသတင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆိုက်ခီအာကာသယာဉ်သည် မေ ၁၅ ရက်တွင် အင်္ဂါဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းရေးအတွက် ဖေဖော်ဝါရီ ၂၃ ရက်တွင် ပျံသန်းရာလမ်းကြောင်း ပြောင်းလဲပြင်ဆင်မှုများကို ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် ဆိုက်ခီဂြိုဟ်သိမ်ကို လေ့လာရေးအတွက် ဆိုက်ခီအာကာသယာဉ်ကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

**Ref : Russia Today**

**Trs : KKO**


## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသ ရေဒီယိုတယ်လီစကုပ်က နက်ပကျွန်းဂြိုဟ်၏ ဝင်ရိုးစွန်းအလင်းရောင်များကို ပထမဆုံးအကြိမ်အဖြစ် ထောက်လှမ်းတွေ့ရှိခဲ့

**ဝါရှင်တန် မေ ၁၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် နက်ပကျွန်းဂြိုဟ်၏ ဝင်ရိုးစွန်းအလင်းရောင်များကို ပထမဆုံးအကြိမ်အဖြစ် ထောက်လှမ်း တွေ့ရှိခဲ့ကြောင်း မေ ၁၀ ရက် သတင်းများအရ သိရသည်။

နက်ပကျွန်းဂြိုဟ်ပေါ်၌ ဝင်ရိုးစွန်းအလင်းရောင်လှုပ်ရှားမှုများ ရှိနေမှု၏ သဲလွန်စများကို နာဆာ၏ဗွိုင်ယေဂျာ-၂ အာကာသယာဉ်က ၁၉၈၉ခုနှစ်တွင် စတင်တွေ့ရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် နိုင်ငံတကာသိပ္ပံပညာရှင်များအနေဖြင့် နက်ပကျွန်းဂြိုဟ်၏ ဝင်ရိုးစွန်းအလင်းရောင်များကို လက်တွေ့အားဖြင့် ဓာတ်ပုံရိုက်ကူးနိုင်ခြင်း မရှိသေးပေ။



သို့သော် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် Near-Infrared Spectrograph အမည်ရှိ ကင်မရာစနစ်ဖြင့် နက်ပကျွန်းဂြိုဟ်၏ ဝင်ရိုးစွန်းအလင်းရောင်များကို အသေးစိတ်ဓာတ်ပုံ ရိုက်ကူးနိုင်ခဲ့ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဝင်ရိုးစွန်း အလင်းရောင်များသည် နေမှမှုတ်ထုတ်လိုက်သည့် စွမ်းအင်ဆောင်အမှုန်များနှင့် နက်ပကျွန်းဂြိုဟ်၏ သံလိုက်စက်ကွင်းတို့ထိတွေ့မိချိန်တွင် ပေါ်ထွက်လာနိုင်ကြောင်း သိရသည်။

သို့ရာတွင် နက်ပကျွန်းဂြိုဟ်၏ သံလိုက်စက်ကွင်းမှာ ဂြိုဟ်၏ဝင်ရိုးမှ ၄၇ ဒီဂရီတိမ်းစောင်းလျက်ရှိရာ နက်ပကျွန်းဂြိုဟ်၏ ဝင်ရိုးစွန်း အလင်းရောင်များသည် ဝင်ရိုးစွန်းနယ်မြေများနှင့် ဝေးကွာသောနေရာများတွင် ပေါ်ထွက်လာလေ့ရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ရမ်းဆက်အာကာသမစ်ရှင်အတွက် ပူးပေါင်းဆောင်ရွက်ရန် ဥရောပအာကာသအေဂျင်စီနှင့် ဂျပန်အာကာသအေဂျင်စီတို့ သဘောတူညီချက်လက်မှတ်ရေထိုး

**တိုကျို မေ ၁၁**

ရမ်းဆက် (Ramscs) အမည်ရှိ အာကာသမစ်ရှင်အတွက် ပူးပေါင်းဆောင်ရွက်ရန် ဥရောပအာကာသအေဂျင်စီနှင့် ဂျပန်အာကာသအေဂျင်စီတို့ သဘောတူညီချက်လက်မှတ်ရေထိုးခဲ့ကြောင်း မေ ၁၀ ရက် သတင်းများတွင်ရေးသားဖော်ပြထားသည်။

ရမ်းဆက်မစ်ရှင်သည် ၂၀၂၉ ခုနှစ်တွင် ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းမည့် အပိုးဖစ်ဂြိုဟ်သိမ်ကို ရမ်းဆက်အမည်ရှိ အာကာသယာဉ်ဖြင့် လေ့လာမည့် မစ်ရှင်ဖြစ်သည်။

ထိုသို့ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အရ ဥရောပအာကာသအေဂျင်စီ၏ ရမ်းဆက်အာကာသယာဉ်ကို ဂျပန်အာကာသအေဂျင်စီက အိတ်ချ်-၃ ဒုံးပျံဖြင့် လွှတ်တင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဂျပန်အာကာသအေဂျင်စီသည် ရမ်းဆက်အာကာသယာဉ်အတွက် နေစွမ်းအင်ပြားများနှင့် အနီအောက်ရောင်ခြည်ကင်မရာစနစ် တစ်မျိုးကိုလည်း ဖြည့်ဆည်းပေးမည် ဖြစ်ကြောင်း သိရသည်။

အရွယ်အစားအားဖြင့် အချင်း ၃၇၅ မီတာရှိသော အပိုးဖစ်ဂြိုဟ်သိမ်သည် ၂၀၂၉ ခုနှစ် ဧပြီလတွင် ကမ္ဘာဂြိုဟ်ကို ကီလိုမီတာ ၃၂၀၀၀ ခန့်အကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်။

ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းစဉ် အပိုးဖစ်ဂြိုဟ်သိမ်ကို ကြားဖြတ်လေ့လာရေးအတွက် ၂၀၂၈ ခုနှစ်တွင် ရမ်းဆက်အာကာသယာဉ်ကို လွှတ်တင်ရန် ဥရောပ အာကာသအေဂျင်စီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## ဓမ္မတာရာသီ မဝင်မီကာလ ကျန်းမာရေးများက စိတ်ကျန်းမာရေးပြဿနာများနှင့်ဆက်စပ်မှုရှိနေ

**စတော့ဟုမ်း မေ ၁၁**

ဓမ္မတာရာသီ မဝင်မီကာလ ကျန်းမာရေးများသည် စိတ်ကျဝေဒနာ၊ စိုးရိမ်သောကဝင်ရောက်မှုကဲ့သို့ စိတ်ကျန်းမာရေးပြဿနာများနှင့် အပြန်အလှန် ဆက်စပ်မှုများရှိနေကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ မေ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဆွီဒင် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဓမ္မတာရာသီ မဝင်မီကာလ ကျန်းမာရေးပြဿနာများ(PMS) ရှိနေသူ အမျိုးသမီးများတွင် စိတ်ကျန်းမာရေးပြဿနာများ ဝင်လာနိုင်ခြေ ပုံမှန်ထက်နှစ်ဆမြင့်မားကြောင်း သိရသည်။

အလားတူ စိတ်ကျန်းမာရေးပြဿနာများရှိနေသည့် အမျိုးသမီးများ၌ ဓမ္မတာရာသီမဝင်မီ စိတ်ကျန်းမာရေး ပြဿနာများ ပေါ်လာနိုင်ခြေ သိသိသာသာ မြင့်မား နေတတ်ကြောင်းလည်း ဆွီဒင် သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် ဓမ္မတာရာသီ မဝင်မီကာလ ကျန်းမာရေးပြဿနာများသည် စိတ်ကျဝေဒနာ၊ စိုးရိမ်သောက ဝင်ရောက်မှုဝေဒနာများကဲ့သို့ စိတ်ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာနိုင်ခြေမြင့်တက်လာမှုများနှင့် အဓိကအားဖြင့် ဆက်စပ်နေသည်ကိုတွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် PMS ပြဿနာများသည် စိတ်ကစဉ့်ကလျားရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားလာနိုင်မှုနှင့် ဆက်စပ်မှုမရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ပဲအမျိုးမျိုး နေ့စဉ်စားသုံးခြင်းဖြင့် သွေးဖိအားမြင့်တက်မှုကို လျှော့ချနိုင်

**အော့စ်လို မေ ၁၁**

ပဲအမျိုးမျိုး စားသုံးခြင်းဖြင့် သွေးဖိအားပုံမှန်ထက်မြင့်တက်မှုကို ၃၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ မေ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

သွေးတိုးရောဂါ (Hypertension) ခေါ် သွေးဖိအားပုံမှန်ထက်မြင့်မားမှုပြဿနာသည် တစ်ကမ္ဘာလုံး အတိုင်းအတာအရ အရွယ်ရောက်သူ ၁ ဒသမ ၄ ဘီလီယံထိ ခံစားနေကြရသော ကျန်းမာရေးပြဿနာဖြစ်ကြောင်း သိရသည်။

သို့ရာတွင် နော်ဝေနိုင်ငံ အော့စ်လို နယူးတက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပဲကို တစ်ရက်လျှင် ဂရမ် ၁၇၀ ထိ စားသုံးပေးပါက သွေးဖိအားကို လျှော့ချနိုင်ကြောင်း သိရသည်။

ပဲကဲ့သို့ အပင်ထွက်ပရိုတင်းအရင်းအမြစ်များကို ပုံမှန်စားသုံးခြင်းဖြင့် သွေးတိုးရောဂါ ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးနိုင်သည့် ရိုးရှင်းသော နည်းလမ်းဖြစ်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

နော်ဝေ သုတေသနပညာရှင်များသည် အရွယ်ရောက်သူ လူဦးရေ ၃၀၀၀၀၀ ကျော်တို့၏ အချက်အလက်များကို နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

သွေးတိုးရောဂါကြောင့် နှလုံးရတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေများ မြင့်တက်လာတတ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# Mizuho Americas Open ပြိုင်ပွဲ ချန်ပီယံဆုကို ထိုင်းဂေါက်သီးရိုက်မယ် ဆွတ်ခူး

နယူးယောက် မေ ၁၁

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်တွင် ကျင်းပခဲ့သော Mizuho Americas Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) ထိုင်းဂေါက်သီးရိုက်မယ် တီသီကူလ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တရုတ် ဂေါက်သီးရိုက်မယ် ရှုနင်ရင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက်မယ်များ ဖြစ်ကြသည့် အလီဆန်လီ၊ ဂျန်နီဘဲ၊ တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ဟဲဂျင်၊ မက္ကဆီကို ဂေါက်သီးရိုက်မယ် ဂါဘီလိုပက်ဇ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြသည်။

တီသီကူလ်က "ဒီဆုဖလားဟာ ကျွန်မအတွက် အများကြီး အဓိပ္ပာယ်ရှိပါတယ်။ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တယ် ဆိုပေမဲ့လဲ ကျွန်မအနေနဲ့ ဒီပြိုင်ပွဲမှာ ပုံစံကောင်းတွေ မပြနိုင်ခဲ့ဘူးလို့ခံစားမိပါတယ်။ ဒါပေမဲ့ ဒီပြိုင်ပွဲမတိုင်မီမှာ နည်းပြနဲ့အတူ လေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ပြီး Game Plan တွေ သေချာပြင်ဆင်ခဲ့လို့ အောင်မြင်မှုရခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : AZL



# ယခုနှစ်ဘောလုံးရာသီမကုန်ဆုံးမီ ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်ရရှိသည့် အသင်း ၁၈ သင်းထိရှိလာ

ဖူးရစ် မေ ၁၁

ယခုနှစ်ဘောလုံးရာသီ ဥရောပထိပ်တန်းလိဂ်များ ပြိုင်ပွဲပြီးဆုံးမီ လာမည့်နှစ်ဘောလုံးရာသီအတွက် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိသည့် အသင်း ၁၈ သင်းထိရှိလာခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဥရောပ ဘောလုံးအဖွဲ့ချုပ်က ယခုနှစ်ဘောလုံးရာသီမှစတင်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲကို ပုံစံပြောင်းလဲ ကျင်းပနေပြီး ပြိုင်ပွဲဝင်အသင်း ၃၆ သင်းဖြင့် ကျင်းပနေခြင်းဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ ဥရောပထိပ်တန်းလိဂ်များ ပြိုင်ပွဲပြီးဆုံးရန် နီးစပ်လာသည့်အချိန်တွင် ချန်ပီယံလိဂ် ပြိုင်ပွဲဝင်ခွင့်ရရှိထားသည့် အသင်းများအဖြစ် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ အာဆင်နယ်အသင်း၊ မန်စီးတီးအသင်း၊ မန်ယူအသင်း၊ စပိန်လာလီဂါပြိုင်ပွဲမှ ဘာစီလိုနာအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်း၊ အေတီကိုအသင်း၊ ဗီလာရီးရဲလ်အသင်း၊ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲမှ ဘိုင်ယန်မြူးနစ်အသင်း၊ ဒေါ့မွန်အသင်း၊ လိုက်ပ်ဇစ်အသင်း၊ အီတလီစီးရီးအေပြိုင်ပွဲမှ အင်တာမီလန်အသင်း၊ ပြင်သစ်လီဂူးဝမ်းပြိုင်ပွဲမှ ပီအက်စ်ဂျီအသင်း၊ လန်းအသင်း၊ နယ်သာလန်လိဂ်ပြိုင်ပွဲမှ ပီအက်စ်ဗွီအသင်း၊ ဖီယင်နုအသင်း၊ တူကီယဲလိဂ်ပြိုင်ပွဲမှ ဂါလာတာစာရေးအသင်း၊ ယူကရိန်းလိဂ်ပြိုင်ပွဲမှ ရှက်တာဒိုနက်အသင်း၊ ပေါ်တူဂီလိဂ်ပြိုင်ပွဲမှ ပေါ်တိုအသင်းတို့ဝင်ခွင့်ရရှိထားခြင်းဖြစ်သည်။

လာမည့်နှစ် ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့် လက်ကျန် ၁၈ သင်းနေရာအတွက် ဥရောပထိပ်တန်းလိဂ်များ ပြီးဆုံးချိန်ထိ ဆက်လက်စောင့်ကြည့်သွားရမည် ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ကမ္ဘာပေါ်ရှိဘောလုံးပြိုင်ပွဲလိဂ် ၁၀၈ ခုတွင် လိဂ်ရှုံးပွဲမရှိပွဲဆက်အများဆုံး ကလပ်အသင်းအဖြစ် မလေးရှားကလပ် ဂျိုဟိုးဒါရူရယ်အသင်းရပ်တည်



ကွာလာလမ်ပူ မေ ၁၁

မလေးရှား စူပါလိဂ်ကလပ် ဂျိုဟိုးဒါရူရယ် အသင်းသည် ကမ္ဘာပေါ်ရှိ ဘောလုံးပြိုင်ပွဲလိဂ် ၁၀၈ ခုတွင် လိဂ်ရှုံးပွဲမရှိပွဲဆက် အများဆုံး ကလပ်အသင်းအဖြစ် ရပ်တည်နေကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ် ဘောလုံးရာသီ မလေးရှားစူပါလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၅) အဖြစ်ကစားခဲ့သည့် ဂျိုဟိုးဒါရူရယ် အသင်းက ကီလန်တန်အသင်းကို ၁၄ ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်အပြီးတွင် ဂျိုဟိုးဒါရူရယ် အသင်းသည် မလေးရှားစူပါလိဂ်ပြိုင်ပွဲ ၁၀၈ ပွဲဆက် ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဂျိုဟိုးဒါရူရယ် အသင်းသည် ပြည်ပပြိုင်ပွဲများတွင်သာ ရှုံးနိမ့်ခဲ့သော်လည်း မလေးရှားစူပါလိဂ်ပြိုင်ပွဲတွင် ၂၀၂၂ ခုနှစ် ဧပြီလနောက်ပိုင်းမှ ယခုနှစ် ဘောလုံးရာသီပွဲစဉ်(၂၅)ထိ ၁၀၈ ပွဲဆက် ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ကမ္ဘာပေါ်ရှိဘောလုံးပြိုင်ပွဲ လိဂ်အားလုံးတွင် လိဂ်ရှုံးပွဲမရှိ ပွဲဆက်အများဆုံးကလပ်အသင်းအဖြစ် ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဂျိုဟိုးဒါရူရယ် အသင်းသည် မလေးရှား စူပါလိဂ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆု ၁၁ ကြိမ်ထိ ဆွတ်ခူးထားပြီး အအောင်မြင်ဆုံး အသင်းအဖြစ် ရပ်တည်နေသကဲ့သို့ မလေးရှားအက်ဖ်အေဖလား လေးကြိမ်၊ အာရှချန်ပီယံလိဂ်ဖလား တစ်ကြိမ် ဆွတ်ခူးထားသည့် အသင်းဖြစ်ကြောင်း သိရသည်။

Ref : B/R Football

Trs : STA

# ONE Friday Fight 154 ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဆူလိုင်မန်၊ အောင်ထွန်းဘိုတို့ ပါဝင်ထိုးသတ်မည်

ရန်ကုန် မေ ၁၁

ONE Championship က ကြီးမှူးပြီး ထိုင်းနိုင်ငံတွင် အပတ်စဉ် သောကြာနေ့တိုင်း ကျင်းပနေသည့် ပြိုင်ပွဲဖြစ်သော ONE Friday Fight 154 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ နှစ်ဦးဖြစ်သည့် ဆူလိုင်မန်၊ အောင်ထွန်းဘိုတို့ ပါဝင်ထိုးသတ်မည် ဖြစ်ကြောင်း သိရသည်။

ONE Friday Fight 154 ပြိုင်ပွဲကို လာမည့် မေ ၁၅ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ဆူလိုင်မန်၊ အောင်ထွန်းဘိုတို့ တွဲဆိုင်း အပါအဝင် စုစုပေါင်းတွဲဆိုင်း ကိုးဆိုင်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ONE Championship က ကြီးမှူးကျင်းပနေသည့် ONE Friday Fight ပြိုင်ပွဲများတွင် မြန်မာနိုင်ငံသား ဖိုက်တာအများစု အနေဖြင့် စာချုပ်ချုပ်ဆိုထိုးသတ်လျက်ရှိနေပြီး အပတ်စဉ် မြန်မာဖိုက်တာတွဲဆိုင်းများ ထည့်သွင်း ကျင်းပနေခြင်းဖြစ်သည်။

ONE Friday Fight 154 ပြိုင်ပွဲတွင် အောင်ထွန်းဘိုသည် အက်တမ်ဝိတ်တန်း မွေထိုင်းတွဲဆိုင်းအဖြစ် ထိုင်းဖိုက်တာ မာဟီဆွမ်နှင့်လည်းကောင်း၊ ဆူလိုင်မန်သည် ဖလိုင်းဝိတ်တန်း မွေထိုင်းတွဲဆိုင်းအဖြစ် စပိန်ဖိုက်တာ ဂျူအန်မာတီနက်ဇ်နှင့် ထိုးသတ်သွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် ထိုင်းဖိုက်တာများဖြစ်သည့် ဆာမင်ဒန်နှင့်ယိုဖာပါတို့ ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

STA

# ၂၀၂၆ ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာပိုက်ကျော်ခြင်းအသင်း၏ ကစားသမားစာရင်း ထုတ်ပြန်

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ၂၀၂၆ ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာပိုက်ကျော်ခြင်းအသင်း၏ ကစားသမားစာရင်းကို ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

၂၀၂၆ ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် လာမည့် မေ ၁၆ရက်မှ ၂၃ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာပိုက်ကျော်ခြင်းအသင်းတွင် အသင်းအုပ်ချုပ်မှုအဖွဲ့ခေါင်းဆောင်အဖြစ် ဦးအောင်မြင့်မြတ်၊ အသင်းအုပ်ချုပ်သူအဖြစ် ဦးမြင့်လွင်ဌေး၊ နည်းပြများအဖြစ် ဦးကျော်မင်းစိုး၊ ဦးအောင်မျိုးဆွေတို့က တာဝန်ယူသွားမည် ဖြစ်သည်။

အလားတူ ကစားသမားများအဖြစ် ဇင်မင်းဦး၊ သန့်ဇင်ထွန်း၊ အောင်အောင်၊ အောင်မျိုးကျော်၊ ရှိန်းဝဏ္ဏဖော်၊ ရန်ပိုင်ဦး၊ ရဲထက်ဟန်ဝင်းထွဋ်၊ သက်ပိုင်စိုး၊ မင်းသန့်သူ၊ ချစ်လွန်းပို၊ ရှင်းသန့်နောင်တို့ ပါဝင်ခဲ့ကြသည်။



၂၀၂၆ ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်းအနေဖြင့် အမျိုးသား သုံးယောက်တွဲပြိုင်ပွဲ၊ အသင်းလိုက် သုံးယောက်တွဲပြိုင်ပွဲ၊ အသင်းလိုက် လေးယောက်တွဲပြိုင်ပွဲများတွင် ဝင်ရောက်ကစားသွားမည်ဖြစ်ပြီး အမျိုးသား သုံးယောက်တွဲပြိုင်ပွဲ အုပ်စု(C)၌ တရုတ်အသင်း၊ ဗီယက်နမ်အသင်း၊ အင်ဒိုနီးရှားအသင်းတို့နှင့်လည်းကောင်း၊ အသင်းလိုက် သုံးယောက်တွဲပြိုင်ပွဲ အုပ်စု(B) တွင် မလေးရှားအသင်း၊ အိန္ဒိယအသင်းတို့နှင့် လည်းကောင်း၊ အသင်းလိုက် လေးယောက်တွဲပြိုင်ပွဲတွင် အုပ်စု(A)၌ တရုတ်အသင်း၊ ဗီယက်နမ်အသင်းတို့နှင့်လည်းကောင်း တစ်အုပ်စုတည်း ကျရောက်နေကြောင်း သိရသည်။

STA

# အင်္ဂလန်အမျိုးသမီးအက်ဖ်အေဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် မန်စီးတီးအသင်းနှင့် ဘရိုက်တန်အသင်းတို့တွေ့ဆုံ



**လန်ဒန် မေ ၁၁**

အင်္ဂလန်အမျိုးသမီးအက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအပြီးတွင် ဗိုလ်လုပွဲအဆင့်၌ မန်စီးတီးအသင်းနှင့် ဘရိုက်တန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန်အမျိုးသမီးအက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဘရိုက်တန်အသင်းသည် လီဗာပူးအသင်းနှင့် ကစားခဲ့ရာ သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် ဗိုလ်လုပွဲအဆင့်သို့တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အခြားဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းနှင့် ချဲလ်ဆီးအသင်းတို့ပွဲစဉ်တွင် ပွဲချိန်မိနစ် ၉၀ အတွင်း နှစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့သောကြောင့် အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားခဲ့ရာ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီးအချိန်ပို ၁၃ မိနစ်၌ ရှော်ခက မန်စီးတီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် မန်စီးတီးအသင်းက သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် အင်္ဂလန်အမျိုးသမီးအက်ဖ်အေဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်သို့ ယခုတစ်ကြိမ်အပါအဝင် ငါးကြိမ်မြောက် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့် လေးကြိမ်တွင် ၂၀၁၇ ခုနှစ်၊ ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်တို့တွင် ချန်ပီယံဆုသုံးကြိမ်ဆွတ်ခူးခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

အင်္ဂလန်အမျိုးသမီးအက်ဖ်အေဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မေ ၃၁ ရက်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ဝင်ဘာလေအားကစားကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# PGA Tour Truist Championship ပြိုင်ပွဲ ချန်ပီယံဆုကို ခရစ္စတိုဖာ ဆွတ်ခူး

**နယူးယောက် မေ ၁၁**

အမေရိကန်နိုင်ငံ မြောက်ကာရို လိုင်းနားပြည်နယ်တွင် ကျင်းပခဲ့သည့် PGA Tour Truist Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နော်ဝေဂေါက်သီးရိုက်ကစားသမား ခရစ္စတိုဖာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း Golf Today သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဖောင်လာ၊ ဒိန်းမတ် ဂေါက်သီးရိုက် ကစားသမား ဟော့ဂတ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား အဲလက်စ်ဖစ်ဇ်ပက်ထရစ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်ခဲ့သည်။

အဲလက်စ်ဖစ်ဇ်ပက်ထရစ်သည် တတိယနေ့အပြီးတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ခဲ့သော်လည်း နောက်ဆုံးနေ့တွင် အမှားများခဲ့ပြီး ချန်ပီယံဆုဖြင့် လွဲချော်ခဲ့သည်။

ခရစ္စတိုဖာက "ရိုးရိုးသားသားဝန်ခံရရင် အောင်မြင်မှုနဲ့ပတ်သက်ပြီး ကျွန်တော့်မှာပြောစရာစကားလုံးမရှိပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်လုံးဝကိုမျှော်လင့်မထားတဲ့ အရာဖြစ်လာခဲ့တာပါ။ ကျွန်တော်မျှော်လင့်ထားတဲ့ အိပ်မက်တွေ အမှန်တကယ်ဖြစ်လာခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Golf Today**

**Trs : AZL**



# နေပြည်တော် ဂျူနီယာအိုးပင်းချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲကို လာမည့် မေ ၂၉ရက်မှစတင်ကျင်းပမည်

**နေပြည်တော် မေ ၁၁**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ်၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် Junior Golf Myanmar (JGM)က ကြီးမှူးကျင်းပသော နေပြည်တော် ဂျူနီယာအိုးပင်း ချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲကို လာမည့် မေ ၂၉ ရက်မှ ၃၁ ရက်ထိ နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း (နေပြည်တော်)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား ၁၂နှစ်အောက်သက်တမ်း၊ ၁၄နှစ်အောက်သက်တမ်း၊ ၁၈နှစ်အောက်သက်တမ်း၊ အမျိုးသမီး ၁၈နှစ်အောက်သက်တမ်း၊ ၁၄နှစ်အောက်သက်တမ်းဟူ၍ ပြိုင်ပွဲအမျိုးအစားငါးမျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို R&A နှင့် USGA တို့၏ Rules of Golf–2023 ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံတစ်ဝန်းမှ Junior ဂေါက်သီးရိုက် အားကစားသမားများသည် လာမည့် မေ ၂၇ ရက်ညနေ၄နာရီနောက်ဆုံးထား၍ ဦးထွန်းကျော် ဖုန်းနံပါတ် ၀၉-၅၁၉၃၄၂၃ သို့ အမည်စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်အချက်အလက်များ မေးမြန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**STA**

# Italian Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် စဝီယာတက်ခ်နှင့် အိုဆာကာတို့ ထိပ်တိုက်တွေ့ဆုံနေ

**ရောမ မေ ၁၁**

အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပနေသည့် Italian Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် ဂျပန်တင်းနစ်မယ် အိုဆာကာတို့သည် စတုတ္ထအဆင့်တွင်ထိပ်တိုက်တွေ့ဆုံနေကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ကာလရှည် ရပ်တည်ခဲ့ဖူးကြသည့် စဝီယာတက်ခ်နှင့် အိုဆာကာတို့၏ ထိပ်တိုက်တွေ့ဆုံမှုသည် စတုတ္ထအဆင့်ပွဲစဉ်များအနက် ပရိသတ်များ စိတ်ဝင်စားမှုနှုန်းအမြင့်ဆုံးပွဲစဉ်တစ်ပွဲဖြစ်ပြီး အဆိုပါပွဲစဉ်ကို မေ ၁၂ ရက်(**ယနေ့**)တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

စဝီယာတက်ခ်သည် တတိယအဆင့်တွင် အီတလီတင်းနစ်မယ် ကိုစီယာရက်တိုနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး (၆-၁ ၊ ၆-၀)ရလဒ်ဖြင့်အနိုင်ရခဲ့ကာ အိုဆာကာသည် တတိယအဆင့်တွင် ရုရှားတင်းနစ်မယ် စနိုက်ဒါနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး အိုဆာကာက (၆-၁ ၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

စဝီယာတက်ခ်သည် Italian Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုနှစ်ကြိမ် ဆွတ်ခူးခဲ့ဖူးသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး ၂၀၂၄ ခုနှစ် တင်းနစ်ရာသီတွင် ပုံစံကောင်းများ ပျောက်ဆုံးကာ အောင်မြင်မှုရရှိရန် ရုန်းကန်နေရသူ ဖြစ်သကဲ့သို့ အိုဆာကာသည်လည်း ၂၀၂၄ ခုနှစ် တင်းနစ်ရာသီတွင် အောင်မြင်မှုများဖြင့် ဝေးကွာနေခဲ့ပြီး ယခုနှစ်၏ ပထမဆုံးချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေသူဖြစ်သည်။

အိုဆာကာက "ပြီးခဲ့တဲ့ ပြိုင်ပွဲတုန်းကလဲ ဆာဘာလင်ကာနဲ့ စောစီးစွာတွေ့ဆုံခဲ့ရပါတယ်။ အခုဒီပြိုင်ပွဲမှာလဲ စဝီယာတက်ခ်နဲ့ ထပ်တွေ့ပြန်ပြီ။ တကယ့်ကို အခက်အခဲတွေနဲ့ပဲ ရင်ဆိုင်နေရတဲ့ အခြေအနေဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာတော့ အစောပိုင်းအဆင့်တွေမှာ ကစားပုံကို အားရကျေနပ်မှုမရှိခဲ့ပေမဲ့လဲ တတိယအဆင့်ပွဲစဉ်မှာကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ကိုတော့ သဘောကျပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : TSN**

**Trs : AZL**





# ဂျူဗင်တပ်အသင်းက ဗလာဟိုဗစ်ကို အသင်းတွင်ဆက်လက်ထားရှိမည်ဟု ထုတ်ပြန်

**ရောမ မေ ၁၁**

လာမည့်နှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ပြောင်းရွှေ့ရန်ပြင်ဆင်နေသည့် တိုက်စစ်မှူး ဗလာဟိုဗစ်ကို ဂျူဗင်တပ်အသင်းက အသင်းတွင်ဆက်လက်ထားရှိမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်ဟု Goal.com သတင်းဝက်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျူဗင်တပ် အသင်းသည် လာမည့်ဇွန်လတွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် တိုက်စစ်မှူး ဗလာဟိုဗစ်ကို စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးမှုပြုလုပ်နေသော်လည်း ကစားသမားအနေဖြင့် ဆုံးဖြတ်ချက်မပေးသေးဘဲ စာချုပ်သစ်အတွက် မရေမရာဖြစ်နေချိန်တွင် ဂျူဗင်တပ်အသင်းတာဝန်ရှိသူများက ဗလာဟိုဗစ်ကို အသင်းတွင်ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဗလာဟိုဗစ်သည် ယခုနှစ်ဘောလုံးရာသီ အီတလီစီးရီးအေပြိုင်ပွဲတွင် ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသော်လည်း နောက်ဆုံးကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲ နှစ်ပွဲဆက်သွင်းဂိုးများသွင်းယူခဲ့ပြီးနောက် အသင်းအနေဖြင့် အဆင့်(၃)နေရာသို့ တက်ရောက်နိုင်ခဲ့ကာ လာမည့်နှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိရန် နီးစပ်နေသည့်အတွက် ဂျူဗင်တပ်အသင်းတာဝန်ရှိသူများက ဗလာဟိုဗစ်ကို ဆက်လက် ထိန်းသိမ်းမည်ဟု ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဂျူဗင်တပ်အသင်းသည် အီတလီစီးရီးအေ အမှတ်ပေးဇယား အဆင့်(၃)နေရာတွင် ရပ်တည်နေသော်လည်း လက်ကျန်ပွဲစဉ် နှစ်ပွဲလုံးအနိုင်ရမှသာ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

# နိုင်ငံ့စီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်း

**ကိုဘုန်း(ထုတ်လုပ်)**

စိုက်ပျိုးမွေးမြူရေးသည် လူ့အဖွဲ့အစည်း၏ အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သော စားနပ်ရိက္ခာကို ဖြည့်ဆည်းပေးသည့်အပြင် နိုင်ငံ့စီးပွားရေး၏ အဓိကအုတ်မြစ်လည်းဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးအခြေပြုနိုင်ငံများတွင် လယ်ယာစိုက်ပျိုးမွေးမြူရေးသည် ကျေးလက်နေပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံ၏စီးပွားရေးတွင် အဓိကကျသော အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။ စပါး၊ ပဲအမျိုးမျိုး၊ နှမ်း၊ ဝါဂွမ်း၊ ကြံ၊ ရော်ဘာ စသည့် ကုန်သွယ်ဖြစ်ထွန်းသောသီးနှံများမှသည် နွားမွေးမြူခြင်း၊ ကြက်မွေးမြူခြင်း၊ ငါးမွေးမြူခြင်းထိ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းစဉ်တစ်ခုလုံးသည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုကို အထောက်အကူပြုရုံမျှမက ပြည်ပပို့ကုန်ဝင်ငွေ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကိုပါ တိုက်ရိုက်ဖြည့်ဆည်းပေးလျက်ရှိသည်။ သို့ဖြစ်၍ လယ်ယာစိုက်ပျိုးမွေးမြူရေးကို ခေတ်မီရေရှည်တည်တံ့ပြီး သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော မဟာဗျူဟာအဖြစ် အသွင်ပြောင်းလဲပါက မြန်မာနိုင်ငံ၏ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ခိုင်မာစွာအခြေခံနိုင်မည်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတကာ၏ယှဉ်ပြိုင်မှုပြင်းထန်လာခြင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများဖြစ်ပေါ်လာခြင်းနှင့် ပြည်တွင်းစားသုံးမှု လိုအပ်ချက်များ မြင့်တက်လာခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍသည် ခေတ်နှင့်အညီ ပြောင်းလဲဖွံ့ဖြိုးရန် လိုအပ်လျက်ရှိသည်။ ဤအခြေအနေများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကိုရရှိစေရန်အတွက် နိုင်ငံတော်အစိုးရသည် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ခေတ်မီတိုးတက်အောင်ဆောင်ရွက်ရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME)လုပ်ငန်းများကိုအားပေးရန်နှင့် ဆီထွက်သီးနှံများဖူလုံရေးတို့ကို အဓိကစီးပွားရေးဦးတည်ချက်များအဖြစ်ချမှတ်ကာ ရေတိုနှင့် ရေရှည်စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များအနေဖြင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကသော့ချက်ဖြစ်သော သီးနှံအထွက်နှုန်းတိုးတက်ရေးကို မဏ္ဍိုင်ကြီးလေးရပ်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသောအချက်များကို အလေးပေးဆောင်ရွက်လျက်ရှိသည်။ အထွက်ကောင်း၊ အရည်အသွေးမီသော မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲရေး၊ မြေဆီလွှာကို စနစ်တကျပြုပြင်ခြင်းနှင့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ အချိုးကျသုံးစွဲ၍ မြေဆီလွှာဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေရရှိရေးနှင့် စိုက်နည်းစနစ်မှန်ကန်ရေးတို့ကို အဓိကထားဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် သီးထပ်စွမ်းအားမြင့်မားစေရန်အတွက် တစ်သီးစိုက်လယ်မြေများကို နှစ်သီး၊ သုံးသီး စိုက်ပျိုးနိုင်ရေး ဒေသအလိုက်၊ ရာသီအလိုက် သီးနှံပုံစံများချမှတ်အကောင်အထည်ဖော်လျက်ရှိပြီး "မြေကြီးကရွှေသီး" သည်ဆိုသည့်အတိုင်း ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးစေရုံသာမက နိုင်ငံတော်၏စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သည်။

သွင်းအားစုများဖူလုံရေးနှင့် မြေယာထိန်းသိမ်းရေးအတွက် တောင်သူများ အရည်အသွေးကောင်းသွင်းအားစုများဖြစ်သည့် မျိုးစေ့၊ မြေဩဇာ၊ ပိုးသတ်ဆေးများရရှိစေရန် ဥပဒေ၊ နည်းဥပဒေများဖြင့် ထိန်းကျောင်းခြင်း၊ အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ပံ့ပိုးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ မျိုးကောင်းမျိုးသန့်များ အလွယ်တကူရရှိစေရန် မျိုးစေ့ထုတ်လုပ်ငန်းများ၊ အထူးဇုန်များဖော်ဆောင်ခြင်းနှင့် မျိုးစေ့ပြပွဲများကျင်းပခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် မြေဆီလွှာထိန်းသိမ်းရေးမှာ အဓိကကျသည့်အတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာတွဲဖက်သုံးစွဲခြင်း၊ မြေဖုံးပင်၊ လေကာပင်စိုက်ပျိုးခြင်း၊ သီးလှည့်စိုက်ပျိုးခြင်း၊ ကုန်းမြင့်တောင်စောင်းများတွင် လှေကားထစ်စိုက်ပျိုးခြင်း၊ ကွန်တိုစနစ်စိုက်ပျိုးခြင်း၊ သီးနှံ- သစ်တောရောနှောစိုက်ပျိုးခြင်း စသည့်နည်းစနစ်များကို အားပေးလျက်ရှိသည်။ ထို့ပြင် နွားချေး၊ ကြက်ချေး၊ EM ဘိုကာရှီ၊ ငါးအမိုင်နိုအက်ဆစ်အပါအဝင် သဘာဝမြေဩဇာများနှင့် ပိုက်ဆံလျှော်ကဲ့သို့သော သစ်စိမ်းမြေဩဇာများ သုံးစွဲခြင်းကိုလည်း အားပေးဆောင်ရွက်လျက်ရှိသည်။

ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ဆည်ရေပေးဝေမှုသည် စိုက်ပျိုးရေးအောင်မြင်ရေးသည် အဓိကကျသည့်အတွက် နိုင်ငံတော်က ဆည်မြောင်းစီမံကိန်းများကို အလေးထားရင်းနှီးမြှုပ်နှံလျက်ရှိသည်။ လက်ရှိတွင် ရေလှောင်တမံ ၂၄၆ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ကန် ၇၂ ခု၊ ရေတံခါး ၁၉၉ ခု၊ ရေတင်လုပ်ငန်း ၂၁၉ ခု စုစုပေါင်းအရေအတွက် ၈၈၀ တို့ဖြင့် စိုက်ဧက ၃၁ သိန်းကျော်ကို အကျိုးပြုလျက်ရှိသည်။ ရေရရှိမှုခက်ခဲသောဒေသများတွင် စက်ရေတွင်း ၂၅၇၆၉ ခု တူးဖော်ပေးခြင်း၊ မြေအောက်ရေလှောင်တမံများတည်ဆောက်ခြင်း၊ ဆိုလာရေတင်စနစ်တပ်ဆင်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ရေကြီး၊ ရေငန်အန္တရာယ်မှကာကွယ်ရန် ရေကာတာများ၊ ရေငန်တားတာများ ဆောက်လုပ်ခြင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးအသိပညာ ဖြန့်ဖြူးရေးအတွက် နိုင်ငံတော်အစိုးရသည် ခေတ်မီနည်းပညာနှင့် သုတေသနရလဒ်များ တောင်သူများထံရောက်ရှိစေရန် နည်းလမ်းစုံဖြင့်ဆောင်ရွက်လျက်ရှိသည်။ တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်းနှင့် မြဝတီရုပ်မြင်သံကြားမှ စိုက်ပျိုးသုတအစီအစဉ်၊ မြန်မာ့အသံမှ သုတပဒေသာ စိုက်ပျိုးနည်းပညာအစီအစဉ်များကို တိုင်းရင်းသား ဘာသာစကားများဖြင့်ပါ ထုတ်လွှင့်ခြင်း၊ ဒို့ကျေးရွာဂျာနယ်အပါအဝင် စာစောင်များ ဖြန့်ဝေခြင်းနှင့် အင်တာနက်မှတစ်ဆင့် သတင်းအချက်အလက်နှင့် နည်းပညာများကိုရယူနိုင်ရန် ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။



ပြောင်းနှင့် ကုလားပဲသီးညှပ်စိုက်ခင်းကိုတွေ့ရစဉ်။

အဓိကသီးနှံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပမှ စားအုန်းဆီတင်သွင်းမှုလျှော့ချရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သော ပြည်တွင်းစားသုံးဆီ ဖူလုံစေရန်အတွက် မြေပဲ၊ နှမ်း၊ နေကြာ စသည့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးကို အလေးပေးတိုက်တွန်းလျက်ရှိသည်။ ပြည်ပမှ ချည်နှင့်အထည်များ တင်သွင်းမှုလျှော့ချရန် ဝါ အထူးဇုန်များဖော်ဆောင်ကာ တစ်ဧကအထွက်နှုန်း ပိဿာချိန် ၇၀၀ နှင့် အရည်အသွေးမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိသည်။ ထွက်ရှိလာသော အရည်အသွေးမီ ဝါဂွမ်းများကိုအခြေခံ၍ ဝါကြိတ်စက်များ၊ ချည်မျှင်နှင့် အထည်စက်ရုံများ အဆင့်မြှင့်တင်ခြင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ ပြည်တွင်းဖြစ်အထည်များကို အသုံးပြုကြရမည်ဖြစ်သည်။

မွေးမြူရေးကဏ္ဍတွင် နို့စားနွား၊ အသားတိုးနွား၊ ဝက်၊ ကြက်၊ ဘဲ၊ သိုး၊ ဆိတ်များ မွေးမြူထုတ်လုပ်ခြင်း၊ မွေးမြူရေးဇုန်များ ဖော်ဆောင်ခြင်း၊ အရည်အသွေးမီ နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရေးပံ့ပိုးခြင်းတို့ကို နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားစေရန် ကျေးရွာများထူထောင်ခြင်း၊ ရာသီဥတုဒဏ်ခံနိုင်သော မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ သဘာဝဘေးဒဏ်သင့်ဒေသများသို့ အစာနှင့်ဆေးဝါးပံ့ပိုးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ခြင်း၊ မွေးမြူရေးလုပ်ငန်းရှင်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အရင်းမပျောက်ရန်ပုံငွေထုတ်ပေးခြင်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အသားတိုးကြက်၊ ဥစားဘဲ၊ အသားတိုးဝက်မွေးမြူရေး စီမံကိန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ ၁၅ ကျောင်း ဖွင့်လှစ်ထားရှိပြီး ၂၀၂၃- ၂၀၂၄ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းကျောင်းများတွင် တွဲဖက်၍ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအတတ်ပညာသင် အထက်တန်းကျောင်း ၈၅ ကျောင်း ဖွင့်လှစ်ထားရှိသည်။

နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကိုရှေးရှု၍ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ ဤကော်မရှင်သည် ကဏ္ဍပေါင်းစုံမှ တောင်သူများ၏ လုပ်ငန်းများကို ထိရောက်စွာအကျိုးပြုနိုင်မည့်လုပ်ငန်းများကို အရှိန်မြှင့်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် စိုက်ပျိုးမွေးမြူရေးကဏ္ဍပေါ်တွင် တည်မှီလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားရေးဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ မျိုး၊ မြေ၊ ရေ၊ နည်း ဟူသော မဏ္ဍိုင်ကြီးလေးရပ်ကိုအခြေခံ၍ သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မြေယာထိန်းသိမ်းရေး၊ ရေအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ခေတ်မီနည်းပညာဖြန့်ဖြူးရေး စသည့်လုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ဆီထွက်သီးနှံများဖူလုံရေး၊ ဝါဂွမ်းအထွက်နှုန်းမြှင့်တင်ရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထူးအလေးပေး ဆောင်ရွက်ခြင်းဖြင့် ပြည်ပမှတင်သွင်းမှုကို အစားထိုးနိုင်ရေးနှင့် ပြည်တွင်းထုတ်လုပ်မှုတိုးတက်ရေးကို မျှော်မှန်းလျက်ရှိသည်။ ထို့ပြင် မွေးမြူရေးနှင့် ငါးလုပ်ငန်းကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နည်းပညာပံ့ပိုးမှုနှင့် ငွေကြေးပံ့ပိုးမှုများကိုပါ ဆောင်ရွက်ပေးလျက်ရှိသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးသိပ္ပံများနှင့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် အနာဂတ်အတွက် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးလျက်ရှိသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်း အောင်မြင်ပါက ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပိုလျှံသော ထုတ်ကုန်များကို နိုင်ငံခြားသို့ တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေများစွာရရှိစေမည်ဖြစ်ပြီး လူမှုစီးပွားဘဝကိုပါ မြှင့်တင်ပေးနိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

- ၂၀၂၅ ခုနှစ် မတ် ၂ ရက် ထုတ်သတင်းစာ

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# တသသလွမ်း ရုပ်သံဇာတ်လမ်းတွဲကို Channel K Myanmar YouTube Channel တွင် မေလတတိယပတ်အတွင်း ထုတ်လွှင့်တင်ဆက်မည်




ရန်ကုန် မေ ၁၁

မီးမီးမွေး ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် တသသလွမ်း ရုပ်သံဇာတ်လမ်းတွဲကို Channel K Myanmar YouTube Channel တွင် မေလတတိယပတ်အတွင်း ထုတ်လွှင့်မည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင် သရုပ်ဆောင်ထားသူ သရုပ်ဆောင် အောင်မင်းခန့်ထံမှ သိရသည်။

အဆိုပါ တသသလွမ်း ရုပ်သံဇာတ်လမ်းတွဲသည် ပိုင်စိုးသူမောင်၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ ဇီဇဝါ မီးမီးမွေး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် ဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

"မိဘတွေရဲ့ ဒုတိယအိမ်ထောင်ရေးကြောင့် ညီအစ်မတော်စပ်လာသူ မိန်းကလေးနှစ်ဦးနဲ့ ကုမ္ပဏီပိုင်ရှင် သူဌေးသားတစ်ယောက်တို့ရဲ့ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းလေးပါ။ သူတို့သုံးယောက်ကြားမှာ ဘယ်သူက တသသ လွမ်းကျန်ရစ်ခဲ့မလဲဆိုတာ ဒီဇာတ်လမ်းတွဲလေးမှာမြင်ရမှာပါ။ ဒီဇာတ်လမ်းလေးကို အချိန်မရွေး၊ နေရာမရွေး ကြည့်ရှုနိုင်ဖို့ Channel K Myanmar YouTube Channel ကနေ မကြာခင် ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်"ဟု သရုပ်ဆောင် အောင်မင်းခန့်က ပြောပြသည်။

အဆိုပါ တသသလွမ်း ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အောင်မင်းခန့်၊ ဘုန်းမင်းနေလ၊ မင်းဦး၊ မင်းသူ၊ ဟိန်းသံလွင်၊ ဖူးစုံ၊ မေတိုးခိုင်၊ သီရိကျော်၊ နှင်းဝတ်ရည်ကျော်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# The Nest လျှို့ဝှက်သည်းဖိုအက်ရှင်ဇာတ်ကား၌ မင်းသား ဂျဲရတ်အတ္တလာပါဝင်မည်ဖြစ်

နယူးယောက် မေ ၁၁

The Nest အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားသစ်၌ မင်းသား ဂျဲရတ်အတ္တလာ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း မေ ၁၀ ရက် သတင်းများအရ သိရသည်။

The Nest ဇာတ်ကားတွင် မင်းသား ဂျဲရတ်အတ္တလာသည် ၎င်း၏ မိသားစုဝင်များနှင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပရိသတ်ဦးရေ ၇၀၀၀၀ ကို ကယ်တင်ရန် ကြိုးပမ်းရမည့် လက်ဖြောင့် သေနတ်သမားအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

The Nest ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာအေရွန်ဘင်ဂျမင်က ရေးသားပေးထားပြီး အဆိုပါ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူရိုက်ကူးမည့်ဒါရိုက်တာကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးပေ။

The Nest ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်အဖြစ် အမေရိကန်ဒေါ်လာ သန်း ၇၀ နှင့် သန်း ၈၀ ကြားသုံးစွဲရန် ထုတ်လုပ်သူများက ရည်ရွယ်ထားသည်။

The Nest ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို၂၀၂၇ ခုနှစ် အစောပိုင်းတွင်စတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# MGI All Stars ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နိုင်ငံကိုယ်စားပြု အလှမယ်သက်စံအန်ဒါဆန် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်

ရန်ကုန် မေ ၁၁

ထိုင်းနိုင်ငံတွင် ကျင်းပမည့် MGI All Stars ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နိုင်ငံကိုယ်စားပြု အလှမယ် သက်စံအန်ဒါဆန် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ MGI All Stars ပြိုင်ပွဲတွင် မြန်မာနိုင်ငံ နိုင်ငံကိုယ်စားပြုအလှမယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် အလှမယ် သက်စံအန်ဒါဆန်နှင့် စာနယ်ဇင်းမိတ်ဆက်ပွဲကို မေ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Wyndham Grand Yangon တွင် ပြုလုပ်ခဲ့ကြောင်း၊ MGI All Stars International 2026 ပြိုင်ပွဲကို မေ ၁၆ ရက်မှ ၃၀ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"သက်စံအနေနဲ့ ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ စီစဉ်ခဲ့တာတော့ကြာပါပြီ။ ခုလာမဲ့ မေ ၁၆ ရက်ကစတင်ပြီး ထိုင်းနိုင်ငံမှာ ကျင်းပမှာဖြစ်ပါတယ်။ သက်စံအနေနဲ့ Miss Universe ပြိုင်ပြီးကတည်းက MGI All Stars ပြိုင်ပွဲအတွက် ကြိုးစားပြင်ဆင်မှုတွေ အများကြီးဆက်တိုက်




လုပ်ထားပါတယ်။ အဲဒါကြောင့် MGI All Stars ပြိုင်ပွဲမှာ အားပေးကြပါအုံးလို့ အားလုံးကို ပြောချင်ပါတယ်"ဟု မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် သက်စံအန်ဒါဆန်က ပြောပြသည်။

အဆိုပါ MGI All Stars International 2026 ပြိုင်ပွဲကို ထိုင်းနိုင်ငံ Bangkok & Damnoen Saduak တွင် လာမည့် မေ ၁၆ ရက်မှ စတင်ကာ မေ ၃၀ ရက်ထိ ကျင်းပမည်ဖြစ်ပြီး မက္ကဆီကို၊ ထိုင်း၊ ဗင်နီဇွဲလား၊ နယ်သာလန်၊ တရုတ်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ပီရူး၊ ဇမ်ဘီယာ၊ အီကွေဒေါ၊ အိန္ဒိယ၊ မြန်မာ စသည့်နိုင်ငံများမှ နိုင်ငံကိုယ်စားပြုအလှမယ်များ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

ASH

# Somewhere Out There ဇာတ်ကားကို ဒါရိုက်တာ ရှောင်လီဗိုင်းရိုက်ကူးမည်

နယူးယောက် မေ ၁၁

Netflix ကုမ္ပဏီ၏ Somewhere Out There အမည်ရှိ သိပ္ပံရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ရှောင်လီဗိုင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း မေ ၁၀ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ ရှောင်လီဗိုင်းသည် Somewhere Out There ဇာတ်ကားကို တာဝန်ယူရိုက်ကူးမည့်အပြင် ထုတ်လုပ်သူတစ်ဦးအဖြစ်လည်း တာဝန်ယူထားသည်။


ဒါရိုက်တာ ရှောင်လီဗိုင်းသည် Deadpool and Wolverine ဇာတ်ကားကို တာဝန်ယူရိုက်ကူးပေးခဲ့သော ဒါရိုက်တာဖြစ်သည်။

လက်ရှိအချိန်တွင် Somewhere Out There ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးပေ။

Somewhere Out There ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုဇာတ်ညွှန်းရေးဆရာ မက်တက်က ရေးသားပေးထားကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် ဇနီးဖြစ်သူ ကွယ်လွန်ပြီးနောက် ကြယ်များထံ သတင်းစကားပေးပို့ခဲ့သော အမျိုးသားတစ်ဦး ရင်ဆိုင်ရမည့် အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Ref : Russia Today
Trs : KKO



# ညောင်ရွှေမြို့နယ် တောင်ပို့နီကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ညောင်ရွှေ မေ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းပေါခုံ ကျေးရွာအုပ်စု တောင်ပို့နီကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက တောင်ပို့နီကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေဖြင့် ရက်ကန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ ရက်ကန်းလုပ်ငန်း ဆောင်ရွက်နေသည့် အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တောင်ပို့နီကျေးရွာ၌ ရက်ကန်းလုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်း အဖွဲ့တစ်ဖွဲ့ကို RBF စီမံကိန်း ရန်ပုံငွေကျပ် ၁၀ သန်း ထုတ်ချေးပေးထားကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin addresses opening ceremony of 9th UN Peacekeeping Course



General Kyaw Swa Lin addresses the opening ceremony of the 9th UN Peacekeeping Course.

**Nay Pyi Taw May 11**

The inauguration ceremony of a UN Peacekeeping Officer Course, jointly run by Myanmar Tatmadaw and Indian Armed Forces, took place at Parkroyal Hotel in Nay Pyi Taw this afternoon. The course is conducted to disseminate knowledge of the functions of the UN peacekeeping forces among officers and other ranks of Myanmar Tatmadaw.

Present on the occasion were Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, senior military officers from Office of the Commander-in-Chief, the Nay Pyi Taw Command commander, Indian Ambassador to Myanmar H.E. Mr. Abhay Thakur, military attaches, officer instructors from the Indian Armed Forces, officer trainees from Myanmar Tatmadaw and officials.

General Kyaw Swa Lin and party were conducted round the documentaries on the performance of duty in UN peacekeeping, and joint drills between the two Armed Forces in connection with UN peacekeeping.

General Kyaw Swa Lin and the Indian ambassador gave opening speeches.

The General and attendees watched a video clip on the Indian Army Contribution to the United Nation Peacekeeping Operations. Later, the leading instructor from Center for United Nations Peacekeeping (CUNPK) of India explained the objectives of the course and training in connection with UN peacekeeping.

The General, the ambassador and leading instructor exchanged commemorative gifts. They posed for documentary photos together with attendees, officer instructors and trainees.

It is the ninth UN peacekeeping course and 30 officers from the Tatmadaw (Army, Navy and Air) will attend it. The course will distribute practical and theoretical lessons on the history of UN peacekeeping, its structure, rules, ongoing activities, codes of conduct for UN peacekeeping forces, protection of civilians, child protection, civil-military cooperation, patrolling, convoy safety, establishment of a company base, blue helmet training. The course continues till 22 May.

100

# 72 individuals—30 men and 42 women—from DPLA, TNLA, and PDF groups, who understand and trust the state and military's peace processes, further return to legal fold



The Commander presents supplies for those returning to the legal fold.

**Nay Pyi Taw May 11**

The state government has been inviting those who remain in organizations that oppose the government under various names, including the PDF, to return to the legal framework, and has been providing necessary assistance to those who do so. Accordingly, a further 72 people—16 men and 40 women from the DPLA, 3 men from the TNLA, and 11 men and 2 women from groups claiming to be the PDF—have entered the legal framework, as they have come to understand the state and military's peace processes.

This morning, a ceremony to welcome and hand over these returnees to their parents and guardians was held at the Kyat Thayay Saung Hall in Kyaukme, northern Shan State. Among those handed over were 17 men and 37 women from Nawnghkio town, 6 men and 2 women from Kyaukme town, and 7 men and 3 women from Hsipaw town. The event was attended by Major General Aye Min Oo, Commander of the Northeast Command, along with responsible officials, departmental personnel, the returnees, and their parents/guardians.

First, the Commander gave an opening speech, followed by the State Deputy Police Chief clarifying legal matters. Then, the Commander and officials provided supplies to the returnees, had them sign acknowledgment and pledge forms, and transferred them to their parents/guardians. A representative of the returnees then expressed gratitude. Afterwards, the Commander and officials warmly greeted the attendees.

The state is continuing to welcome returnees, providing necessary support and systematically handing them over to their families. It is reported that more individuals still wish to return to the legal framework. Those wishing to do so are encouraged to quickly contact nearby military or police stations, where they will be welcomed and provided with necessary assistance, along with rewards for turning over weapons and ammunition.

The following are the voices of those who have returned to the legal framework.

1. I was unlawfully recruited into this organization in March 2025 and sent to a training camp. At the camp, we had to undergo three months of training. We faced so many difficulties and ethnic discrimination in the camp that we became resentful. Also, after hearing news that the government warmly welcomes defectors, we quickly came within the legal framework. In the training camp, we faced racial discrimination, and the food was such that we only got to eat meat about once a week after staying for about a week. After training, we were sent as soldiers to the Hsenwi area. Once there, we had to stand guard, chop wood, and endured bullying among junior soldiers. Fed up with all this, we decided to enter the legal framework. From here, I urge my friends still in the jungle to quickly realize the truth and defect.

2. I arrived at the terrorist group in September 2025. At first, things were fine. But later, whenever we went for training, *See Page 13*



A man who has entered the legal fold gives an interview.



A woman who has entered the legal fold gives an interview.

# 31 male members of AA and PDF groups accepting peace process of the State and the Tatmadaw return to the legal fold bringing along with arms and ammunition


A man who has entered the legal fold hands over a gun to the Commander.

**Nay Pyi Taw May 11**

The State Government has been inviting those who are involved in armed groups under various names opposing the government, including PDF, to return to the legal fold. As the government provides necessary assistance and support to those who choose to return, a total of 31 male members from the AA group and PDF group, who have understood the peace processes of the State and the Tatmadaw, have once again returned to the legal fold together with their arms and ammunition.

They were seven AA group members — three male members from Thandwe Township, one from MraukU Township, one from Mountaw Township and one from Rathedaung Township of Rakhine State, and one from Pyapon Township of Ayeyawady Region, and 24 PDF members— two male members from Pathein Township, two from Ngayokkaung of Ngaputaw Township, one from Kyangin Township, 12 from Laymyethna Township, three from Ingapu Township, two from Yekyi Township, one from Mawlamyinegyun Township of Ayeyawady Region and one from Amarapura Township of Mandalay Region. Officials welcomed and accepted them. A ceremony to transfer those who returned to the legal fold to parents and guardians took place at Ayeyawady Hall of the South-West Command Headquarters this morning. Ayeyawady Region Chief Minister U Aye Kyaw, Region Hluttaw Speaker U Thein Tun, Commander Brig-Gen Aung Kyaw Khaing, officials, departmental officials, the returnees, their parents and guardians.

The Chief Minister delivered a speech while the Commander explained the legal affairs. The returnees handed over three MA-1s, two M-22s, one grenade, 338 rounds of ammunition and six magazines to the Commander.

The Region Chief Minister and the Commander presented K25 million for five automatic rifles, K300,000 for one grenade and K9.3 million for the returnees, totalling K34.6 million to the returnees. Then, those returnees signed the pladge and were transferred to the parents and guardians. Afterwards, a guardian of returnees spoke words of thanks.

Members of ethnic armed organizations and PDF group who have returned to the legal fold are reported to have done so for several reasons. These include being forcibly recruited, as well as rejecting violent acts carried out for the benefit of terrorist groups— such as threats, arrests, and killings of innocent civilians and public service personnel, and the planting and detonating of landmines to destroy non-military infrastructure such as roads and bridges. Moreover, there have been ethnic discrimination, hierarchical abuse, torture, killings, and other forms of coercion among members within these groups, along with harsh living conditions, poverty, and hardship. In addition, they have become demoralized due to their inability to withstand military offensives by the Tatmadaw. Furthermore, they have trusted and accepted the peace processes of the State and the Tatmadaw, and wish to live peacefully within the legal framework while contributing positively to the country and the public, who have suffered losses due to their actions. For these reasons, they have abandoned the armed struggle line and returned to the legal fold.

Those who return to the legal fold are welcomed and accepted with necessary assistance and handed over to parents and guardians systematically. It was reported that more armed group members wish to return to the legal framework. So, they need to contact nearby military camps and police stationsas quickly as possible. If so, they will be welcomed and accepted there with necessary aids. And, cash awards will be given for arms and ammunition.

The voices of those who have returned to the legal fold are as follows: -

1. In the persuation process, they told me that I would be provided with rice, cooking oil, salt, chilli, and onions, and that I would not have to go to fighting. Because of that, I was deceived by their lies and followed them. Seeing death and injuries every day, I began to think about and miss my family back home. I also realized that the path I had taken was wrong. When I learned that the Tatmadaw warmly welcomed those who returned in time to correct their path, I decided to come back to the legal fold. I am very happy and deeply relieved now. My family is also just as happy as I am. I want other families to be happy as well, so I would like to invite my fellow brothers who are still following this path to come back the right way from here. Everything is well provided, and I would like to sincerely thank all the Tatmadaw members who take care of us in every way, treating us like family members, without letting us lack anything. At a time when I meet my mother and my wife again, I will probably cry. But I want to repeatedly promise my mother that I will never make such a mistake again in the future.

2. They said that military service had to be carried out and that one person from each household could not be exempt, so they organized and recruited us. Five of my friends and I were taken along. Since we joined unwillingly, we faced only difficulties and suffered a lot. We were helpless and eventually tried to find an escape, so we fled. We made that decision on our own and came back in this way. The Tatmadaw organized a ceremony for our return to the legal fold, gave us rewards, and later sent us back to our parents' hometowns. I am happy and satisfied. I feel relieved and also very glad. We are being well fed and properly cared for. For my friends who are still in the jungle, I want them to realize the truth like I did. I also want to persuade them to come back and join us.

100


A man who has entered the legal fold gives an interview.


A man who has entered the legal fold gives an interview.

---

*From Page 12*

I faced difficulties. I couldn't even train properly and was constantly beaten. From the very beginning, I felt distressed and regretful. I absolutely did not want to stay. As soon as the training started, I kept thinking about leaving. Now that I have returned to my parents' home, I am very happy. After training, we had to guard checkpoints. While guarding, if I arrived even slightly late, I was constantly harassed and couldn't live in peace. We suffered from lack of food and harsh living conditions. We had to run all the time. At night, I couldn't sleep well. Every single day, I was verbally abused and tortured. The first time I tried to escape and defect here, they caught me. They kept me in a pit for about 20 days. At first, they were going to kill me. I am deeply grateful to the government. We also understand the goodwill and compassion of the national leaders. I have decided to live a good and proper life. I earnestly plead with my friends still remaining in the jungle to defect as soon as possible.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယနိုင်ငံက အကွာအဝေး ကီလိုမီတာ ၂၀ ထိ ပစ်ခတ်နိုင်သော ၃၀၀ ကီလိုဝပ် လေဆာလက်နက်ကို ထုတ်ဖော်ပြသ




အိန္ဒိယနိုင်ငံသည် အကွာအဝေး ကီလိုမီတာ ၂၀ ထိ ပစ်ခတ်နိုင်သော ၃၀၀ ကီလိုဝပ်လေဆာလက်နက်ကို ထုတ်ဖော်ပြသခဲ့ပြီး ဒေသတွင်း စစ်ရေးအခြေအနေ အားသာချက်များ ပိုမိုရရှိလာခဲ့ကြောင်း Next Gen Defense သတင်းဌာနက မေ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါလေဆာလက်နက်၏ အဓိက နည်းပညာတွင် အဆင့်မြင့်လေဆာတန်း ထုတ်လွှတ်မှုစနစ်၊ အသံထက်မြန်သော နော်ဇယ်များနှင့် အိတ်ဇောထိန်းချုပ်မှု စနစ်တို့ကို ပေါင်းစပ်ဖွဲ့စည်းထားသည်။ ၎င်းသည် စွမ်းအင်ကို ဗဟိုချက်တစ်ခု တည်းသို့စုစည်းစေပြီး ပစ်မှတ်ကို စက္ကန့်ပိုင်းအတွင်း လောင်ကျွမ်းပျက်စီးစေနိုင် စွမ်းရှိသည်။

ဝေးလံသော ပစ်မှတ်များကို တိကျစွာ ပစ်ခတ်နိုင်ရန်အတွက် စင်တီမီတာ ၆၀ ရှိသော အလင်းထုတ်လွှတ်မှုအပေါက်နှင့်အတူ လေဆာတန်းထိန်းချုပ်မှု စနစ်ကို အသုံးပြုထားသဖြင့် လေဆာတန်း၏တည်ငြိမ်မှုကို ရေရှည်ထိန်းသိမ်းထားနိုင်သည်။

ဤလေဆာလက်နက်သည် အခြေခံ အစိတ်အပိုင်းတစ်ခုအနေဖြင့် တည်ရှိနေပြီး နောင်တွင် အခြားလေဆာတန်းများနှင့် ထပ်မံချိတ်ဆက်ခြင်းဖြင့် စွမ်းအင်ပမာဏကို ပိုမိုမြင့်မားလာအောင် တိုးချဲ့တည်ဆောက်နိုင်မည့်စွမ်းရည်ရှိသည်။

အဆိုပါလေဆာလက်နက်ကို ရန်သူ၏ ဒရုန်းအုပ်စုများ၊ လေပေါ်ပျံဝဲ အသေခံတိုက်ခိုက်ရေးဒရုန်းများ၊ ဒုံးကျည်များနှင့် အရှိန်ပြင်းစွာပျံသန်းလာသော ဒရုန်းများကို ကာကွယ်ဖျက်ဆီးရန်အတွက် အဓိက ရည်ရွယ်၍ ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ဤစွမ်းအင်မြင့် လေဆာလက်နက်ကို ထိန်းချုပ်မှုယန္တရားများနှင့်အတူ ရှစ်ဘီးတပ် စစ်သုံးယာဉ်များပေါ်တွင် တပ်ဆင်နိုင်သဖြင့် အမျိုးမျိုးသော မြေမျက်နှာသွင်ပြင်များနှင့် စစ်ဆင်ရေး နယ်ပယ်အသီးသီးတွင် လွယ်ကူလျင်မြန်စွာ ရွှေ့ပြောင်းတပ်ဖြန့်နိုင်မည်ဖြစ်သည်။ အဆိုပါလက်နက်ကို အိန္ဒိယကာကွယ်ရေး သုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (DRDO) ၏ လက်အောက်ခံဌာနတစ်ခုက တာဝန်ယူ တီထွင်ထုတ်လုပ်နေခြင်းဖြစ်သည်။

သမားရိုးကျ ဒုံးခွင်းဒုံးကျည်စနစ်များနှင့်နှိုင်းယှဉ်ပါက လေဆာလက်နက်များသည် ပစ်မှတ်ကို အလင်းအလျင်ဖြင့် ချက်ချင်းချေမှုန်းနိုင်ခြင်း၊ လျှပ်စစ်စွမ်းအင်ရှိသရွေ့ အဆက်မပြတ် ပစ်ခတ်နိုင်ခြင်းနှင့် ပစ်ခတ်မှုတစ်ခုချင်းစီအတွက် ကုန်ကျစရိတ်အလွန်သက်သာခြင်း စသည့် အားသာချက်များရှိနေသည်။ ဤဝိသေသလက္ခဏာများကြောင့် သမားရိုးကျ ဒုံးခွင်းဒုံးကျည်များအသုံးပြုရန် စီးပွားရေးအရ တွက်ခြေမကိုက်သည့် အချိုးမညီသောစစ်ရေးခြိမ်းခြောက်မှုများကို နှိမ်နင်းရာတွင် အလွန်သင့်လျော်မှုရှိကြောင်း သိရသည်။

သို့သော်လည်း လျှပ်စစ်စွမ်းအင် ထုတ်လုပ်နိုင်စွမ်း ကန့်သတ်ချက်၊ စက်ပစ္စည်းများ အပူလွန်ကဲမှုထိန်းချုပ်ရေးနှင့် လေထု၏ အဟန့်အတားများကြောင့် အကွာအဝေး ဝေးလံလာသည်နှင့်အမျှ လေဆာတန်း၏ ထိရောက်မှုလျော့ကျနိုင်သည့် အခြေအနေများရှိနေသည်။ ဤစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် DRDO အနေဖြင့် မည်သည့်ပတ်ဝန်းကျင်တွင်မဆို စွမ်းဆောင်ရည်တည်ငြိမ်နေစေရန်ရည်ရွယ်၍ အဆင့်မြင့်ထိန်းချုပ်မှုစနစ်များနှင့် ပိုမိုကောင်းမွန်သောအအေးပေး နည်းပညာများကို ဆက်လက်တီထွင်လျက်ရှိကြောင်း သိရသည်။

**India's New Laser Weapon Raises the Stakes: 300kW** ကို ဘာသာပြန်ဆိုထားပါသည်။

## တူကီယဲနိုင်ငံက ပဉ္စမမျိုးဆက်တိုက်လေယာဉ် KAAN အစင်း ၂၀ ဝယ်ယူရန် TUSAS နှင့် စာချုပ်ချုပ်ဆို

တူကီယဲနိုင်ငံသည် ၎င်းတို့၏ ကိုယ်ပိုင်နည်းပညာဖြင့် ထုတ်လုပ်ထားသော ပြည်တွင်းထုတ် ပဉ္စမမျိုးဆက် တိုက်လေယာဉ် KAAN အစင်း ၂၀ ဝယ်ယူရန်အတွက် တူကီယဲလေကြောင်းပိုင်ဆိုင်မှုကော်ပိုရေးရှင်း(TUSAS)နှင့် စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း Defence Blog သတင်းဌာနက မေ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါတိုက်လေယာဉ်များကို ၂၀၂၈ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်ကုန်ပိုင်းအတွင်း တူကီယဲလေတပ်ထံသို့ လွှဲပြောင်းပေးအပ်သွားရန် စီစဉ်ထားသည်။

KAAN တိုက်လေယာဉ်များကို Block-10 အမျိုးအစားဖြင့် ထုတ်လုပ်သွားမည်ဖြစ်ပြီး ပထမဆုံးလေယာဉ်ကို ၂၀၂၈ ခုနှစ်တွင် စတင်လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။ Block-10 အမျိုးအစားဆိုသည်မှာ ကနဦးထုတ်လုပ်မှုအဆင့်အတန်းကိုဆိုလိုခြင်းဖြစ်ပြီး၊ နောင်တွင် ပိုမိုအဆင့်မြင့်လာမည့် လက်နက်စနစ်များ၊ ဆော့ဖ်ဝဲလ်များနှင့် အဆင့်မြှင့်တင်မှုများမလုပ်ဆောင်မီ အခြေခံစနစ်များ ပြည့်စုံစွာပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

တူကီယဲလေကြောင်း ပိုင်ဆိုင်မှုကော်ပိုရေးရှင်း(TUSAS)က တီထွင်ထုတ်လုပ်ထားသော KAAN တိုက်လေယာဉ်သည် အင်ဂျင်နှစ်လုံးတပ် ပဉ္စမမျိုးဆက်တိုက်လေယာဉ် အမျိုးအစားဖြစ်ပြီး အသံထက်မြန်သော အရှိန်နှုန်း Mach 1.8 ထိ ပျံသန်းနိုင်စွမ်းရှိသည်။ အဆိုပါတိုက်လေယာဉ်သည် အမြင့်ပေ ၅၅၀၀၀ ထိ ပျံသန်းနိုင်သည့်အပြင် အမြင့်ဆုံးပျံတက်နိုင်သည့် အလေးချိန်မှာ ကီလိုဂရမ် ၃၄၇၅၀ ထိရှိသည်။

တူကီယဲနိုင်ငံသည် ၎င်းတို့၏ အဆင့်မြင့် တိုက်လေယာဉ်စီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် ပထမအသုတ် ထုတ်လုပ်မှုလုပ်ငန်းများကို စတင်လိုက်ပြီဖြစ်ပြီး တစ်ဖက်တွင်လည်း နောင်ထွက်ရှိလာမည့် ပိုမိုအဆင့်မြင့်သော Block အမျိုးအစားများအတွက် လိုအပ်မည့် နည်းပညာဖွံ့ဖြိုးမှုများကိုလည်း တစ်ပြိုင်နက်တည်း ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။



တူကီယဲ လေကြောင်းပိုင်ဆိုင်မှုကော်ပိုရေးရှင်း(TUSAS)က ထုတ်လုပ်သည့် KAAN တိုက်လေယာဉ်သည် ပဉ္စမမျိုးဆက်တိုက်ခိုက်ရေး လေယာဉ်များကို ကိုယ်ပိုင်စက်မှုအခြေခံဖြင့် ဒီဇိုင်းထုတ်၊ တီထွင်ထုတ်လုပ်နိုင်သည့် အနည်းငယ်သောနိုင်ငံများစာရင်းတွင် တူကီယဲနိုင်ငံပါဝင်လာစေရန် ရည်မှန်းထားခြင်းဖြစ်သည်။ အလျား ၂၀ ဒသမ ၃ မီတာ၊ အတောင်ပံအကျယ် ၁၃ ဒသမ ၄ မီတာရှိသော ဤလေယာဉ်သည် ရေဒါတွင် ခြေရာခံရန် ခက်ခဲသောနည်းပညာကို အခြေခံထားပြီး ဝေဟင်စိုးမိုးရေးမှသည် ရန်သူ့နယ်မြေအတွင်းပိုင်းထိ ထိုးဖောက်တိုက်ခိုက်နိုင်သည့် စွမ်းရည်များပါရှိသည်။ အထူးသဖြင့် ဆီစားသက်သာစွာဖြင့် အသံထက်မြန်သော အရှိန်နှုန်းဖြင့် အချိန်ကြာမြင့်စွာ ပျံသန်းနိုင်သည့်စွမ်းရည်၊ ဘက်စုံသုံး အာရုံခံကိရိယာများပေါင်းစပ်မှုနှင့် ကွန်ရက်ဗဟိုပြု စစ်ဆင်ရေးစနစ်များ ပါဝင်သောကြောင့် ခေတ်ဟောင်း တိုက်လေယာဉ်များထက် များစွာသာလွန်သည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ပထမဆုံး ရှေ့ပြေးပုံစံလေယာဉ်ကို အောင်မြင်စွာ ပျံသန်းနိုင်ခဲ့ခြင်းသည် တူကီယဲ၏ လေကြောင်းနည်းပညာ မှတ်တိုင်တစ်ခုဖြစ်ခဲ့သည်။ သို့သော် အင်ဂျင်ပိုင်းဆိုင်ရာတွင် စိန်ခေါ်မှုတချို့ရှိနေဆဲဖြစ်ပြီး ယခု Block-10 အမျိုးအစား တိုက်လေယာဉ်များတွင် အမေရိကန်ထုတ် General Electric F110 အင်ဂျင်များကိုအသုံးပြုထားသော်လည်း တူကီယဲနိုင်ငံသည် နောင်ထွက်ရှိလာမည့် တိုက်လေယာဉ်များတွင် နိုင်ငံခြားအင်ဂျင်များအပေါ် မှီခိုနေရမှုကို အဆုံးသတ်နိုင်ရန် ကိုယ်ပိုင်အင်ဂျင်ထုတ်လုပ်ရေးကိုလည်း အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Turkey signs contract for 20 KAAN fighter jets** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ကေ ၁၆၀၀၀ ကျော် စိုက်ပျိုးမည်



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါကေ ၁၆၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၆၈၂ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍စက်တင်ဘာလထိ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဝါ ကေ ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီလထဲမှာ စတင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်သွားပါမယ်။ ဝါများ စိုက်ပျိုးထုတ်လုပ်ရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ တောင်သူများ လွယ်ကူစွာ စိုက်ပျိုးရာသီအမီ စိုက်ပျိုးသွားနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးပေးပါမယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ဝါကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဝါကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးပိမျိုးစုံပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်း ငါးပိမျိုးစုံပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသန်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း ဒေသထွက် ငါးပိမျိုးစုံပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလအတွင်း ငါးပိမျိုးစုံပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်နေခြင်းကြောင့် တင်ပို့အားမြင့်တက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ဧပြီလအတွင်း ငါးပိမျိုးစုံပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ ထွက်ရှိတဲ့ ငါးပိတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချတာဖြစ်ပါတယ်။ လက်ရှိ မေလထဲမှာလဲ ငါးပိတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ အခုလို ဝယ်ယူအားကောင်းတော့ ဒေသ အလုပ်အကိုင် အခွင့်အလမ်းလဲ အဆင်ပြေနေပါတယ်။ လက်ရှိ ငါးပိတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကပါ မှာယူနေပါတယ်"ဟု ကျိုက်လတ်မြို့နယ်ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသန်းက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးပိမျိုးစုံသည် ငါးရံ့ငါးပိ၊ ငါးခုံးမငါးပိ၊ ဂျပန်ငါးငါးပိ၊ ငါးပင်နော်ငါးပိ၊ ငါးပြေမငါးပိ စသည့်ရေချိုငါးပိများ အများဆုံးတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးပိများမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ မှ ၅၅၀၀၀ ထိ အမျိုးအစားအလိုက် အရည်အသွေးပေါ်မူတည်၍ ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ထားဝယ်မြို့နယ် ဆောင်းနှင်းပြင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေး စစ်ဆေး

**ထားဝယ် မေ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ကူတို့ကျေးရွာအုပ်စု ဆောင်းနှင်းပြင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီမာစိုးနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်အတူ ဆောင်းနှင်းပြင်ကျေးရွာ၌ ရွာတွင်းလမ်းအရှည် ပေ ၁၈၂၀ ကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် လမ်းအခြေအနေနှင့် အကျိုးပြုနိုင်မှု အခြေအနေများကို အကြို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာပြီး ကျေးလက်နှင့်မြို့ပြကွာဟချက်များ ကျဉ်းမြောင်းလာမည် ဖြစ်ကြောင်း ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ငယ်လေး**




# စေတုတ္တရာမြို့နယ် ကျောက်မွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**စေတုတ္တရာ မေ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်မွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို မေ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညိုဝင်းအောင်မှ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် ဦးစီးအရာရှိက စီမံကိန်းရန်ပုံငွေကျပ်သန်း ၃၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဦးစီးအရာရှိနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျောက်မွဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၁၂ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၇ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း ဦးစီးအရာရှိ ဦးညိုဝင်းအောင်ထံမှ သိရသည်။

**ကိုညို**



# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA ၊ TNLA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ဦးရေ ၃၀ ၊ အမျိုးသမီး ၄၂ ဦး စုစုပေါင်း ၇၂ ဦးတို့ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးကို ထောက်ပံ့ပစ္စည်း ပေးအပ်စဉ်။


**နေပြည်တော် မေ ၁၁**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် DPLA အဖွဲ့ဝင် အမျိုးသား ၁၆ ဦး၊ အမျိုးသမီးဦးရေ ၄၀၊ TNLA အဖွဲ့ဝင်အမျိုးသား သုံးဦးနှင့် PDF အဖွဲ့ဝင် အမျိုးသား ၁၁ ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၇၂ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့မှ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၃၇ဦး၊ ကျောက်မဲမြို့မှ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး နှစ်ဦး၊ သီပေါမြို့မှ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး သုံးဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးက ဥပဒေအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများကို ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများကိုယ်စား ဥပဒေဘောင်အတွင်းဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။





ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"ကျွန်တော်ကတော့ ဒီအဖွဲ့အစည်းထဲကို ၂၀၂၅ခုနှစ် ၃လပိုင်းမှာ မတရားဆွဲဆောင်ခံရပြီးတော့ သင်တန်းကွင်းထဲကို ပို့ဆောင်ခံရပါတယ်။ သင်တန်းကွင်းမှာတော့ ကျွန်တော်တို့က သင်တန်း သုံးလတက်ရပါတယ်။ သင်တန်းကွင်းထဲမှာ တွေ့ကြုံရတဲ့အခက်အခဲတွေ လူမျိုးရေးခွဲခြားခံရတာတွေ များလွန်းလို့ ကျွန်တော်တို့စိတ်နာပြီး အစိုးရဘက်က အလင်းဝင်ရောက်သူတွေကို နွေးထွေးစွာ ကြိုဆိုတဲ့သတင်းကြားရလို့ ကျွန်တော်တို့ အမြန်ဆုံးဥပဒေဘောင်အတွင်း ဝင်လာခဲ့ပါတယ်။ သင်တန်းကွင်းထဲမှာလဲ လူမျိုးခွဲခြားခံရတာတွေ အစားအသောက်ကလဲ တစ်ပတ်လောက်နေမှ အသားတစ်ခါလောက် စားရပါတယ်။ သင်တန်းပြီးတော့လဲ ကျွန်တော်တို့ကို တပ်သားအနေနဲ့ သိန်းနီမြို့ဘက်ကိုပို့လိုက်တယ်။ အဲ့ဒီကိုရောက်တော့ ကျွန်တော်တို့ ကင်းစောင့်ရတယ်။ ထင်းခွဲရတယ်။ လက်အောက်ငယ်သားအချင်းချင်း အနိုင်ကျင့်ခံရတယ်။ အဲ့ဒါတွေကို ကျွန်တော်တို့က စိတ်နာပြီးတော့ တရားဥပဒေဘောင်အတွင်းကို ဝင်ရောက်လာခဲ့တာဖြစ်ပါတယ်။ တောထဲမှာ ကျန်တဲ့သူငယ်ချင်းတွေကိုလဲ အမြန်ဆုံး အမှန်တရားရပြီးတော့ အလင်းဝင်ရောက်နိုင်ဖို့ ကျွန်တော်ဒီကနေတိုက်တွန်းလိုက်ပါတယ်"ဟု ပြောသည်။

"၂၀၂၅ ခုနှစ် ၉ လပိုင်းမှာ အကြမ်းဖက်အဖွဲ့ထဲကိုရောက်ရှိခဲ့ပါတယ်။ ရောက်ရောက်ချင်းမှာတော့ ကောင်းကောင်းမွန်မွန်နေရပါတယ်။ နောက်ပိုင်းမှာကျတော့ သင်တန်းသွားရင်လဲအခက်အခဲများနဲ့ ကြုံရပါတယ်။ သင်တန်းလဲ ကောင်းကောင်းမတက်ရဘူး။ အမြဲတမ်းရိုက်နှက်ခံနေရပါတယ်။ ဝဝင်ချင်းလဲစိတ်ညစ်ရတယ်။ နောင်တတွေလဲရခဲ့တယ်။ လုံးဝမနေချင်တော့ဘူး။ သင်တန်းစတက်ချင်းမှာပဲ အမြဲတမ်းထွက်သွားဖို့တွေးနေခဲ့တယ်။ အခုကျတော့ မိဘအိမ်ပြန်ရတော့ အရမ်းလဲပျော်ရပါတယ်။ သင်တန်းပြီးတော့ ဂိတ်တွေစောင့်ရတယ်။ ဂိတ်စောင့်ချိန်မှာလဲ အစောကြီးမရောက်လို့ အမြဲတမ်းပြဿနာရှာခံရပါတယ်။ ကောင်းကောင်းမွန်မွန်လဲမနေရဘူး။ အစားဆင်းရဲ၊ အနေဆင်းရဲနေခဲ့ရတယ်။ အချိန်ပြည့်ပြေးနေရတယ်။ ညဆိုလဲ ကောင်းကောင်း မအိပ်ခဲ့ရဘူး။ နေ့တိုင်းနေ့တိုင်းဆဲဆိုခံရပြီး နှိပ်စက်ခံရတယ်။ ပြီးတော့ ဒီကိုအလင်းဝင်မယ့်အချိန် ပထမအခေါက်ထွက်ပြေးတုန်းက သူတို့ဖမ်းမိခဲ့တယ်။ ရက် ၂၀ လောက် သမီးကို ခြောက်ပေါက်ထဲထည့်ထားတယ်။ အစကတော့ သမီးကိုသတ်တော့မလို့။ နိုင်ငံတော်အစိုးရကိုလဲ ကျေးဇူးအရမ်းတင်ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေရဲ့ စေတနာမေတ္တာကိုလဲ သမီးတို့နားလည်ပါပြီ။ သမီးလဲ ကောင်းကောင်းမွန်မွန်နေထိုင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ တောထဲမှာကျန်ခဲ့တဲ့ သူငယ်ချင်းတွေကိုလဲ အမြန်ဆုံးအလင်းဝင်ရောက်လာပါလို့ မေတ္တာရပ်ခံပါတယ်" ဟု ပြောသည်။ (၅၀၁)

# နမ့်စန်မြို့ရှိ နမ့်စန်သင်တန်းစခန်းတွင် ဖွင့်လှစ်လျက်ရှိသော အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများကို သွားရောက်တွေ့ဆုံ

**နေပြည်တော် မေ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ နမ့်စန်သင်တန်းစခန်းရှိအခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)၌ တက်ရောက်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများ၏ သင်ခန်းစာသင်ကြားပို့ချသင်ယူနေမှုများကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက သင်တန်းသား၊ သင်တန်းသူများကို အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ကြရာ တာဝန်ရှိသူများနှင့် သင်တန်းသား၊သင်တန်းသူများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သင်တန်းသား၊သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ သင်ခန်းစာသင်ကြားနေမှုအား လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ သင်တန်းသား၊ သင်တန်းသူများ သင်ခန်းစာ သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၃၁ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်ထံ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူတစ်ဦးက လက်နက်အပ်နှံစဉ်။

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် AA အဖွဲ့ နှင့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ၃၁ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ သုံးဦး၊ မြောက်ဦးမြို့နယ်မှ တစ်ဦး၊ မောင်တောမြို့နယ်မှ တစ်ဦး၊ ရသေ့တောင်မြို့နယ်မှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ တစ်ဦး စုစုပေါင်း AA အဖွဲ့ဝင် အမျိုးသား ခုနစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်မှ နှစ်ဦး၊ ငပုတောမြို့နယ် ငရုတ်ကောင်းမြို့မှ နှစ်ဦး၊ ကြံခင်းမြို့နယ်မှ တစ်ဦး၊ လေးမျက်နှာမြို့နယ်မှ ၁၂ ဦး၊ အင်္ဂပူမြို့နယ်မှ သုံးဦး၊ရေကြည်မြို့နယ်မှ နှစ်ဦး၊မော်လမြိုင်ကျွန်းမြို့နယ်မှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ တစ်ဦး စုစုပေါင်း PDF အဖွဲ့ဝင် အမျိုးသား ၂၄ ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-1 သေနတ်သုံးလက်၊ M-22 သေနတ် နှစ်လက်၊ လက်ပစ်ဗုံး တစ်လုံး၊ ကျည် ၃၃၈ တောင့်နှင့် ကျည်အိမ်ခြောက်ခုတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို မောင်းပြန်ရိုင်ဖယ် ငါးလက်အတွက် ငွေကျပ် သိန်း ၂၅၀၊ လက်ပစ်ဗုံးတစ်လုံးအတွက် ငွေကျပ် သုံးသိန်း၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအတွက် ငွေကျပ် ၉၃ သိန်း၊ စုစုပေါင်းငွေကျပ် ၃၄၆ သိန်းပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။





အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုပ်စက်၊သတ်ဖြတ်ခြင်း၊အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကိုခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"ကျွန်တော်တို့စည်းရုံးရေးမှာ ကျွန်တော့်ကို ဆန်၊ ဆီ၊ ဆား၊ ငရုတ်သီး၊ ကြက်သွန် ထောက်ပံ့မယ်ပေါ့၊ ပြီးတော့ ကျွန်တော် စစ်တိုက်စရာလဲမလိုဘူးလို့ ပြောပါတယ်။ ဒါကြောင့်မို့ ကျွန်တော်သူတို့ရဲ့ အလိမ်အညာစကားမှာနားယောင်ပြီး လိုက်သွားခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်ရှေ့မှာ သေကျေပျက်စီးနေရတာတွေက နေ့စဉ်နဲ့အမျှ မြင်တွေ့နေရတဲ့အတွက် အပြင်က ကျွန်တော့်မိသားစုရှိတဲ့နေရာကို ကျွန်တော် သတိလဲရတယ်၊ လွမ်းလဲလွမ်းတဲ့အတွက်၊ ပြီးတော့ ကျွန်တော်လျှောက်နေတဲ့လမ်းက မှားတယ်ဆိုတာသိတဲ့အတွက် အချိန်မီ ကျွန်တော် လမ်းမှန်ကိုပြောင်းဖို့အတွက် တပ်မတော်ကလဲ နွေးနွေးထွေးထွေးကြိုဆိုတယ်ဆိုတာ သိရတော့ အလင်းဝင်လာရခြင်းဖြစ်ပါတယ်။ ကျွန်တော် အခုအရမ်းပျော်နေတယ်၊ ပီတိလဲဖြစ်ပါတယ်။ ကျွန်တော့်မိသားစုလဲ အခု ကျွန်တော်နဲ့ ထပ်တူပျော်ရွှင်နေပါတယ်။ သူတို့မိသားစုကိုတွေလဲ ပျော်ရွှင်စေချင်ပါတယ်၊ အဲ့ဒီအတွက် ကျွန်တော်တို့လျှောက်တဲ့လမ်းအတိုင်း လျှောက်လာခဲ့ဖို့ ဒီနေရာကနေ ဖိတ်ခေါ်ချင်ပါတယ် ညီအစ်ကိုတို့အားလုံးကို။ အစစအရာရာပြည့်စုံပါတယ်၊ မိသားစုညီအစ်ကိုမောင်နှမအရင်းအချာလို၊တပ်ဖွဲ့ဝင်တစ်ယောက်လို ကျွန်တော်တို့ကို လိုလေသေးမရှိ အစစအရာရာစီမံပေးတဲ့ တပ်မတော်သားအားလုံးကို ကျွန်တော်ဒီနေရာကနေ ကျေးဇူးတင်တယ်လို့ပြောချင်ပါတယ်ခင်ဗျ။ ကျွန်တော် အမေတို့နဲ့ပြန်တွေ့ရင်၊ မိန်းမနဲ့ပြန်တွေ့ရင် ငိုမိမှာပါ၊ အမေ့ရှေ့မှာ ကျွန်တော်ကတိပေးချင်တာ နောက်နောင်ဒီလိုအမှားမျိုး ဘယ်တော့မှမမှားတော့ဘူးလို့ အမေ့ကို အကြိမ်ကြိမ် ကတိပေးချင်ပါတယ်ဗျ"ဟု ပြောသည်။

"စစ်မှုထမ်းရမယ်ဆိုပြီးတော့ ကျွန်တော်တို့ကိုတစ်အိမ်တစ်ယောက် မလိုက်လို့မရဘူးပေါ့၊ စည်းရုံးပြီးတော့ခေါ်ပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့ သူငယ်ချင်း ငါးယောက်ပါသွားပါတယ်။ကျွန်တော်တို့လဲ စိတ်မပါဘဲပါခဲ့ရတာဖြစ်လို့မပြေလည်မှုတွေပဲ ကြုံတွေ့နေရတယ်၊ ဒုက္ခတွေက အများကြီးရောက်ခဲ့ရတယ်။ အကူအညီမဲ့ခဲ့တယ်၊ ထွက်ပေါက်တွေရှာပြီးတော့ ကျွန်တော်တို့ ထွက်ပြေးလာခဲ့တာပါ။ ကျွန်တော်တို့စိတ်နဲ့ ကျွန်တော်တို့ဆုံးဖြတ်ပြီးတော့ အဲ့ဒီလိုမျိုးလာခဲ့တာပါ။ အလင်းဝင်အခမ်းအနားတွေ လုပ်ပေးတယ်၊ ဆုကြေးငွေတွေပေးတယ်။ပြီးရင် မိဘရပ်ထံကိုလဲပြန်လည်အပ်နှံပေးပါတယ်။ ဝမ်းသာပါတယ်၊ ကျေနပ်မှုရှိပါတယ်။ ကျွန်တော်အားလဲအားရပါတယ်။ ပီတိလဲဖြစ်ပါတယ်။ စားတာသောက်တာတွေကလဲ ကောင်းကောင်းမွန်မွန်ကျွေးမွေးပါတယ်၊ ကောင်းကောင်းမွန်မွန်စောင့်ရှောက်ပါတယ်။ တောထဲမှာ ကျန်ရှိနေတဲ့သူငယ်ချင်းတွေကို ကျွန်တော့်လိုပေါ့ အမြင်မှန်ရစေချင်တယ်၊ ကျွန်တော်တို့ဆီကို အပါဆွဲခေါ်ချင်တာပေါ့"ဟုပြောသည်။ (၅၀၁)

# ဓာတ်မြေသြဇာသုံးစွဲမှုလျှော့ချ၍ သဘာဝမြေသြဇာနှင့် မြေပြုပြင်မြေသြဇာများ စနစ်တကျတွဲဖက်အသုံးပြုရေးပညာပေး

**ရန်ကုန် မေ ၁၁**

နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ စီမံကိန်းအစီအစဉ်အရ ကြံတောင်သူများ ကြံအထွက်နှုန်းတိုးတက်ပြီး ရေရှည်တည်တံ့စေရန် ဓာတ်မြေသြဇာသုံးစွဲမှုလျှော့ချ၍ သဘာဝမြေသြဇာနှင့် မြေပြုပြင်မြေသြဇာများ စနစ်တကျတွဲဖက်အသုံးပြုရေး ပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံသကြားစက်ရုံ၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး (ဥက္ကံ) တာဝန်ခံက ကြံသီးနှံမျိုးကောင်း၊ က ဓာတ်မြေသြဇာများကို မလိုအပ်ဘဲသုံးစွဲမှုများကိုလျှော့ချပြီး သဘာဝမြေသြဇာများနှင့် ရောစပ်ကာ အပင်အာဟာရလိုအပ်ချိန်တွင် ထည့်သွင်းအသုံးပြုခြင်း၊ ကြံစိုက်ခင်းမှထွက်ရှိလာသော ကြံရွက်ခြောက်များကို သဘာဝမြေဆွေးပြုလုပ်သုံးစွဲခြင်း၊ သကြားစက်ရုံမှ ကြံကြိတ်ဝါးထွက်ရှိလာသော ဘေးထွက်ပစ္စည်းဖြစ်သည့် ကြံမြုပ်ချေးများကို ကြံစိုက်ခင်းများတွင် ထည့်သွင်းအသုံးပြုခြင်း၊ သစ်စိမ်းမြေသြဇာစိုက်ပျိုး၍ ထယ်ထိုးမြေမြှုပ်ခြင်းတို့ဖြင့် ရရှိလာသည့်အကျိုးကျေးဇူးများကိုဆွေးနွေးကာ ကြံသီးနှံမျိုးသန့်ခြံ မျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းတစ်ဧကတန် ၃၀ ထွက်ရှိရေး နည်းပညာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုက်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံကစပါးခွံမှ သဘာဝမြေသြဇာပြုလုပ်သုံးစွဲခြင်းနှင့် ငါးအမိုင်နိုအက်စစ်ပြုလုပ်သုံးစွဲခြင်းနည်းလမ်းများ၊ Dr.Farmer(ဖိုးတောင်သူ) မြေပြုပြင်ကုမ္ပဏီမှဦးအောင်မြင့်သန်းက သဘာဝမြေသြဇာနှင့် အနည်းလိုအာဟာရဓာတ်များ၏ အရေးပါမှုတို့ကိုဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)






ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ စစ်သံမှူးများ၊ အိန္ဒိယတပ်မတော်မှ နည်းပြအရာရှိများ၊ မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။

☆ **ကျောဖုံးမှအဆက်**

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်အဖွဲ့ဝင်များသည် အိန္ဒိယတပ်မတော်အနေဖြင့် UN Peacekeeping ဆိုင်ရာ လုပ်ငန်းစဉ်များတွင် တာဝန်ထမ်းဆောင်ခဲ့မှုမှတ်တမ်းများနှင့် မြန်မာ-အိန္ဒိယ တပ်မတော်နှစ်ရပ်အကြား ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းစဉ်ဆိုင်ရာလေ့ကျင့်ခန်းများတွင် ပူးပေါင်းလေ့ကျင့်ခဲ့မှုမှတ်တမ်းများကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အခမ်းအနားတက်ရောက်လာကြသူများက "Indian Army Contribution to the United Nation Peacekeeping Operations" Video Clip ကို ကြည့်ရှုကြပြီးနောက် အိန္ဒိယနိုင်ငံ Center for United Nations Peacekeeping (CUNPK)မှ သင်တန်းနည်းပြခေါင်းဆောင်က သင်တန်းရည်ရွယ်ချက်နှင့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းစဉ်ဆိုင်ရာလေ့ကျင့်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် သင်တန်းနည်းပြခေါင်းဆောင်တို့က အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီးနောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်များ၊ နည်းပြအရာရှိများ၊ သင်တန်းသားများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါသင်တန်းသည် ကိုးကြိမ်မြောက်ဖွင့်လှစ်ခြင်းဖြစ်ပြီး ယခုသင်တန်းတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ သင်တန်းသားအရာရှိဦးရေ ၃၀ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းတွင် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုဆိုင်ရာလုပ်ငန်းများ၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ စည်းမျဉ်းများနှင့် ဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေးအဖွဲ့များ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များ၊ အရပ်သားများကို ကာကွယ်စောင့်ရှောက်မှု၊ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်မှု၊ စစ်ဘက်-အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှု၊ ကင်းလှည့်ခြင်း၊ ယာဉ်တန်းလုံခြုံရေးဆောင်ရွက်ခြင်း၊ တပ်ခွဲအခြေချစခန်းတည်ဆောက်ခြင်း၊ လေ့ကျင့်ခန်း Blue Helmet စသည့် ဘာသာရပ်များကို စာတွေ့၊လက်တွေ့လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး မေ ၂၂ ရက်ထိ ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း အိန္ဒိယတပ်မတော်အနေဖြင့် UN Peacekeeping ဆိုင်ရာ လုပ်ငန်းစဉ်များတွင် တာဝန်ထမ်းဆောင်ခဲ့မှုမှတ်တမ်းများနှင့် မြန်မာ-အိန္ဒိယ တပ်မတော်နှစ်ရပ်အကြား ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းစဉ် ဆိုင်ရာလေ့ကျင့်ခန်းများတွင် ပူးပေါင်းလေ့ကျင့်ခဲ့မှု မှတ်တမ်းများကို လေ့လာကြည့်ရှုစဉ်။

## နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများအလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလ ပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကာကွယ်ရေးဝန်ကြီးဌာန | - | ၀၆၇၃၄၀၄၆၃၄ ၊ ၀၆၇၃၄၀၄၆၃၅ ။ |
| (ခ) | စစ်ရေးချုပ်ရုံး | - | ၀၃၆၁၁၃၄၇ ။ |
| (ဂ) | အလုပ်သမားဝန်ကြီးဌာန | - | ၀၆၇၃၄၃၀၁၈၁ ၊ ၀၆၇၃၄၃၀၁၈၂ ။ |

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

❖ **လာလီဂါချန်ပီယံဆုမှ**

ဆက်တိုက်ဖိအားပေးနိုင်ခဲ့ရာ ပွဲကစားချိန် ၁၈ မိနစ်တွင် ဖာရန်တောရက်စ်၏ ဒုတိယသွင်းဂိုးဖြင့် လာလီဂါချန်ပီယံဆုဖလား ရယူနိုင်ရန်သေချာခဲ့သည်။

ဒုတိယပိုင်းတွင် ရီးရဲလ်မက်ဒရစ်အသင်း ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ဘာစီလိုနာအသင်းခံစစ်ကြောင်းကို ကျော်ဖြတ်နိုင်ခြင်းမရှိသဖြင့် ဂိုးရရှိရန် ခက်ခဲခဲ့သကဲ့သို့ ဘာစီလိုနာအသင်းက အနိုင်ရလဒ်ကို အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့ပြီးနောက် ပွဲပြီးဆုံးချိန်တွင် ဘာစီလိုနာအသင်းက နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရခဲ့ပြီး လာလီဂါချန်ပီယံဆုဖလားကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် လာလီဂါပွဲစဉ်သုံးပွဲကစားရန် ကျန်ရှိနေသော်လည်း ရမှတ် ၉၁ မှတ်ထိ ရရှိခဲ့ပြီးနောက် ဒုတိယနေရာမှ ရမှတ် ၇၇ မှတ်ဖြင့် ရပ်တည်နေသည့် ရီးရဲလ်မက်ဒရစ်အသင်းကို ၁၄ မှတ်ထိ ဖြတ်တောက်နိုင်ခဲ့သဖြင့် လာလီဂါချန်ပီယံဆုဖလားကို ၂၉ ကြိမ်မြောက် ရရှိခဲ့ကြောင်း သိရသည်။

အလားတူ အသင်းသမိုင်းတွင် အယ်က လက်စီကိုပြိုင်ဘက် ရီးရဲလ်မက်ဒရစ်အသင်းကို နိုင်ပွဲရယူ၍ ၁၉၃၂ ခုနှစ်က ဆုဖလားတစ်ကြိမ်၊ ယခုနှစ်တွင်ဆုဖလားတစ်ကြိမ် စုစုပေါင်းဆုဖလားနှစ်ကြိမ်ထိ ရယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : ESPN**

**Trs : ML**

# မှိုအဆိပ်သင့်မှု တားဆီးကာကွယ် မှိုငယ်ငယ်နဲ့ဈေးကွက်တွင်းအောင်မြင်ကြမယ်



ကျင်းပုံစံဖြင့်စိုက်ပျိုးနည်း။



ခြင်းတောင်းများဖြင့်စိုက်ပျိုးနည်း။



ကောက်ရိုးထုံးများအသုံးပြု၍ စိုက်ပျိုးနည်း။

မှိုဟုဆိုလိုက်သည်နှင့် စားသုံး၍သင့်လျော်သောမှိုနှင့် စားသုံးရန်မသင့်သော အဆိပ်ရှိရောဂါဖြစ်စေသောမှိုဟူ၍ ခွဲခြားသိရှိရန်လိုသည်။ စားသုံးရန်မသင့်သော မှိုအစားအစာများမှာ ဥပမာ-အစားအသောက်များ အချိန်လွန်၍ ပုပ်သိုးဆွေးမြည့်ရာမှ ဖြစ်ပေါ်လာသော မှိုများကိုဆိုလိုပါသည်။ မှိုအမျိုးအစားတွင် လူသားတို့ ယနေ့စားသုံးနေသည့် သဘာဝပေါက်ရောက်လေ့ရှိသော သဘာဝမှိုနှင့် စနစ်တကျစားသုံးရန်

**MSME လုပ်ငန်းများတွင် မှိုသီးနှံထုတ်ကုန်တစ်မျိုးမှာလည်း နေရာရရှိလာပြီဖြစ်ရာ မှိုစိုက်ပျိုးခြင်းသည် အာဟာရပြည့်ဝသော မှိုအစားအစာတစ်မျိုး ထုတ်လုပ်လာနိုင်ရုံမျှမက တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ကာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ တက်လှမ်းလာနိုင်နေပြီလည်းဖြစ် . . .**

သင့်လျော်သည့် မှိုအမျိုးအစားများဖြစ်သော မှိုမျိုးစိတ်များကို မှိုအသားစားတစ်သျှူးများမှ မျိုးပွား၍ရရှိသော ကောက်ရိုးမှို၊ ငွေနှင်းမှို၊ ငွေမိုးမှို စသည်တို့ဟု အလွယ်မှတ်မိအောင် ဖော်ပြရမည်ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် မျိုးစိတ်ပေါင်းများစွာရှိသည့်အထဲမှ လက်ရှိမြန်မာနိုင်ငံဈေးကွက်ထဲတွင် တွင်တွင်ကျယ်ကျယ် ရောင်းဝယ်ဖောက်ကားလျက်ရှိသော ကောက်ရိုးမှိုစိုက်ပျိုးမှုနှင့် အသုံးဝင်အကျိုးများပုံတို့ကို ဆက်လက်ဖော်ပြပါမည်။

**မှိုမျိုးစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ ဆောင်ရွက်မှုများရှိ**

ယခုအခါ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီသီးနှံဌာနခွဲအောက်မှ မှိုသုတေသနစိုက်ပျိုးရေးခြံများမှ မှိုမျိုးများကို စနစ်တကျမှိုမွေးမြူခြင်းသင်တန်း၊ မှိုစိုက်ပျိုးနည်းစနစ်များကို နှစ်စဉ်သို့မဟုတ် လစဉ်သင်တန်းသားများခေါ်ယူ၍ သင်တန်းပေးမှုများရှိလာသဖြင့် နောက်ပိုင်းအချိန်များတွင် မှိုစားသုံး၍ အဆိပ်သင့်ရသည့်ဖြစ်စဉ်များ မရှိသလောက်လျော့နည်းသွားသည်။ အာဟာရပြည့်ဝဘေးကင်းလုံခြုံသောမှိုမျိုးများကို တောင်သူသို့မဟုတ် အပြင်စီးပွားရေးလုပ်ငန်းရှင်များကိုယ်တိုင် စိတ်ပါဝင်စားလာပြီး မျိုးစေ့ထုတ်လုပ်ရောင်းချကာ နေရာအနှံ့အပြားမှိုများကို လက်တစ်ကမ်းဝယ်ယူစားသုံးလို့ရရှိနေသည်မှာ ဝမ်းသာစရာပင်ဖြစ်သည်။ သို့ရာတွင် တန်ဖိုးရှိသဖြင့် တစ်ပတ်တစ်ကြိမ်မျှ မှိုဟင်းစားသုံးမှုနှုန်းမှာ မရှိသလောက်နည်းနေသေးသည်ဟု ဆိုရပေမည်။

**ပညာပေးသင်တန်းမှ အတွေ့အကြုံ**

ရှေးယခင်ကတည်းက လူသားတို့သည် သဘာဝအလျောက်ပေါက်ရောက်သောမှိုများကို ချိုးယူစားသုံးလာရာမှ အခန့်မသင့်သည့်အခါတွင် စားသုံး၍မရ/ အဆိပ်သင့်သောမှိုများကိုစားသုံးမိရာ အဆိပ်မိအသက်ဆုံးရှုံးရသည့် ဖြစ်စဉ်များလည်း ကြုံဖူးကြမည်ထင်ပါသည်။ မိမိကိုယ်တိုင်လည်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း နာဂဒေသလေရှီးမြို့ နာဂလူမျိုးများရှိရာဒေသသို့ သင်တန်းများသွားရောက်ပို့ချခဲ့ရာ တက်ရောက်လာသော ဒေသခံများမှ ၎င်းတို့နယ်မြေတွင် သဘာဝပေါက်ရောက်သောမှိုများကို ချိုးယူစားသုံးရာမှ မိသားစုလိုက်အသက်ဆုံးရှုံးခဲ့ရသည့် ဖြစ်စဉ်များရှိခဲ့သည်ဟု ဒေသခံများ၏ပြောပြချက်အရ ကိုယ်တိုင်ကြားသိခဲ့ရသည်။ ယေဘုယျအဆိပ်သင့်မှိုဟု ခွဲခြားသိရှိနည်းများနှင့် ဒေသနှင့်ကိုက်ညီ၍ စိုက်ပျိုးသင့်သည့် ငွေနှင်း၊ ငွေမိုးကဲ့သို့ မှိုများစိုက်ပျိုးလာနိုင်ရေး ပညာပေးခဲ့ဖူးသလို လက်ရှိတွင် လေရှီးမြို့ အမှုထမ်းရပ်ကွက်ရှိ ခရစ်ယာန်နှစ်ခြင်းအသင်းတော်မှ ဦးဆောင်သော နာဂလူမျိုးများသည် ယခုလက်ရှိအချိန်ထိ စိုက်ပျိုးလျက်ရှိနေဆဲပင်ဖြစ်သည်။ သွားလာရန်ခက်ခဲသောနေရာဒေသတစ်ခုအတွက် အဆိပ်သင့်မှုလျှော့ချနိုင်ရန်ရည်ရွယ်၍ ဒေသနှင့်ကိုက်ညီပြီး အာဟာရပြည့်ဝသော မှိုမျိုးရွေးချယ်စိုက်ပျိုးနည်းနှင့် အကျိုးကျေးဇူးများကို ဒေသခံများနားလည်လက်ခံလာပြီး လိုက်ပါဆောင်ရွက်လာနိုင်အောင် နည်းပညာပေးနိုင်ခဲ့သည့်အတွက် မိမိကိုယ်ကို များစွာဂုဏ်ယူမိပါသည်။

**မှိုအဆိပ်သင့်အန္တရာယ်နှင့် အဆိပ်ရှိမှို၏လက္ခဏာများ**

အဆိပ်ရှိမှိုဟုတ်၊ မဟုတ်ခွဲခြားရာ၌ မှို၏အခြေတွင်အခက်ပါရှိနေခြင်း၊ မှိုပွင့်၏ရိုးတံတွင် ခြေကျင်းပုံသဏ္ဌာန်ပါရှိနေခြင်း၊ မိုးထီးရွက်ပေါ်တွင် အကြေးဖတ်များပြန့်ကျဲစွာပါရှိနေခြင်း၊ မှိုထီးရွက်အောက်ဘက်ရှိ ပါးဟက်များသည် အဖြူရောင်ဖြစ်နေသောမှို၊ မှိုကွန်ချာ၊ အရောင်အသွေးစုံလင်စွာဖြင့် လှပစွာပွင့်နေသော မှိုများ၊ မှိုလက်သည်းနှင့် အစိမ်းရောင်မှို၏ မျိုးမှုန်များထုတ်လွှတ်ထားသော မှိုမျိုးများဟု ယေဘုယျသတ်မှတ်နိုင်သည်။ ထို့ပြင် မှိုများကိုချက်ပြုတ်သောအခါ ခရမ်းရောင်ကဲ့သို့သော အရောင်ပြောင်းသွားခြင်းမျိုးရှိပါကလည်း စားသုံးရန်မသင့်သော မှိုအမျိုးအစားအဖြစ် သိရှိနားလည်ထားရမည်ဖြစ်ကြောင်း ယခုဆောင်းပါးတွင် ထပ်မံထည့်သွင်းရေးသားလိုပါသည်။

**ဈေးကွက်တွင်အခိုင်အမာရပ်တည်လျက်ရှိသော ကောက်ရိုးမှိုစိုက်ပျိုးသင့်သည့်အချက်များ**

ယခုဖော်ပြမည့်မှိုတစ်မျိုးမှာ ဈေးကွက်အတွင်းအခိုင်အမာရရှိထားပြီး ဝယ်လိုအားမြင့်မား၍ ဈေးကောင်းရရှိနေသော ကောက်ရိုးမှို (Oyster Mushroom) ကို တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်စိုက်ပျိုးစေရန်



ရည်ရွယ်၍ ယခုဆောင်းပါးကို အကျယ်တဝင့် ရေးသားဖော်ပြရခြင်းဖြစ်သည်။ **“စိုက်ပျိုးရေးလုပ်ငန်းအစ အမျိုးသမီးများက”** ဆိုသည့်အတိုင်း မှိုစိုက်ပျိုးခြင်းကို ကလေးသူငယ်များသာမက အမျိုးသမီးများပါမကျန် စိုက်ပျိုးထုတ်လုပ်၍ရနိုင်သော ပေ့ါပေ့ါပါးပါး “Home Garden” အိမ်တွင်းဥယျာဉ်တစ်ခုသဖွယ် ထည့်သွင်းစိုက်ပျိုးနိုင်သည်။ ကောက်ရိုးမှိုစိုက်ပျိုးခြင်းဖြင့် မိသားစုများအားလပ်ချိန်စိတ်ပျော်ရွှင်လန်းလာစေကာ ဥယျာဉ်ခြံမှတစ်ဆင့် အပိုဝင်ငွေရရှိစေနိုင်ပြီး ထမင်းစားစားပွဲတွင် အာဟာရပြည့်ဝကာ ဘေးကင်းလုံခြုံသော စားသောက်ဖွယ်ရာ မှိုဟင်းအမယ်တစ်ခွက်တိုးလာနိုင်ပြီး စီးပွားဖြစ်လုပ်ကိုင်လာနိုင်ပါက မိမိ မိသားစုသာမက အများအတွက်ပါ အစာအဆိပ်သင့်မှုမှ တားဆီးကာကွယ်နိုင်မည်ဖြစ်ပါသည်။

**လယ်ယာနှင့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို မှိုစိုက်ပျိုးရာတွင် အကျိုးရှိစွာပြန်လည်အသုံးချနိုင်ခြင်း**

ကောက်ရိုးမှိုစိုက်ပျိုးရာတွင် အဓိကလိုအပ်သော ကုန်ကြမ်းများသည် ကောက်ရိုး၊ နွားချေး ၊ ဖွဲနု ၊ ဗေဒါကုန်ကြမ်းများသာဖြစ်သည့်အတွက် လယ်ယာစွန့်ပစ်ပစ္စည်းများနှင့် တိရစ္ဆာန်ထွက်စွန့်ပစ်ပစ္စည်းများကို Recycle အဖြစ် ပြန်လည်အသုံးပြုနိုင်ပြီး သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများကို လျော့ပါးသက်သာစေရုံမကဘဲ မှိုစိုက်ပျိုးပြီးထွက်ရှိလာသော နွားချေး၊ ကောက်ရိုး၊ ဗေဒါရိုးပြတ်များအား အခြားစိုက်ပျိုးထားသော အပင်များအတွက်ပါ ထပ်မံထည့်သွင်းအသုံးပြုနိုင်သည့်အတွက် ပို၍အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။ မှိုစိုက်ပျိုးရေးလုပ်ငန်းသည် အချိန်တိုအတွင်း မြေနေရာကျဉ်းကျဉ်းတွင် အရင်းအနှီးအသင့်အတင့်နှင့် တစ်နိုင်တစ်ပိုင်လုပ်ငန်းဖြစ်သည့်အတွက် ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါသည်။

**မှိုတွင်ပါဝင်သောအာဟာရဓာတ်များ**

ကောက်ရိုးမှိုတွင် ပရိုတင်း၊ အင်တီအောက်စီးဒင့်( Antioxidants)၊ ဗီတာမင် B complex ($B_1$, $B_2$, $B_3$, $B_6$,iron,zinc,potassium) စသည့် သတ္တုဓာတ်များပါဝင်သည်။ ၎င်းအာဟာရဓာတ်များ အချိုးမျှတစွာပါဝင်သည့်အတွက် သွေးတိုးရောဂါ၊ ဦးနှောက်နှင့်အာရုံကြော၊ ကိုယ်အလေးချိန်ထိန်းချုပ်ရေးနှင့် အင်အားနည်းခြင်းနှင့် သံဓာတ်ချို့တဲ့မှုရောဂါများကိုလည်းကာကွယ်နိုင်သည်ဟု ဆေးပညာသဘောအရ လေ့လာသိရှိခဲ့ရပါသည်။

**မှိုစိုက်ပျိုးရန်လွှမ်းမိုးသောအချက်များ**

မှိုစိုက်ပျိုးသည့်အခါတွင် အပူချိန်၊ စိုထိုင်းဆ၊ လေထုဖိအား၊ မြေဆွဲအား စသည့်အချက်များက လွှမ်းမိုးလျက်ရှိသည်။ မိမိစိုက်ပျိုးမည့်ဒေသအနေအထားနှင့် မှိုအမျိုးအစားပေါ်မူတည်၍ ကြိုက်နှစ်သက်သည့် လွှမ်းမိုးမှုများကို ဖြည့်ဆည်းပေးလျှင် အောင်မြင်နိုင်ပါသည်။ မိမိနေထိုင်သည့် ဒေသမှိုပေါက်ဈေး တစ်နည်းအားဖြင့် ဈေးကွက်အခြေအနေကို စောင့်ကြည့်နေရန်လိုအပ်သည်။ မှိုမျိုးတစ်မျိုးနှင့်တစ်မျိုး အရင်းအနှီးကုန်ကျစရိတ်မတူနိုင်သလို ဈေးနှုန်းဈေးကွက်လည်း တူညီနိုင်မည်မဟုတ်သောကြောင့် မိမိဉာဏ်ရှိသလို စိုက်ပျိုးကြဖို့ တိုက်တွန်းချင်ပါသည်။ ယခုဆောင်းပါးတွင် ကောက်ရိုးမှိုစိုက်ပျိုးနည်းများစွာရှိသည့်အနက်မှ **စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၉ မှအဆက်**

စိုက်ပျိုးရန်အလွယ်ကူဆုံးနှင့် အများကစိုက်ပျိုးရန်လက်ခံထားသည့် စနစ်တစ်ခုတည်းကိုသာ ဖော်ပြပေးမည်ဖြစ်ပါသည်။

**ကောက်ရိုးမှိုတစ်နိုင်တစ်ပိုင် စိုက်နည်းစနစ်များ**

၁။ ကျင်းပုံစံဖြင့်စိုက်ပျိုးခြင်း
၂။ ခြင်းတောင်းများဖြင့်စိုက်ပျိုးခြင်း
၃။ ကောက်ရိုးထုံးများအသုံးပြု၍ စိုက်ပျိုးနည်း
၄။ စက်မှုအသွင် စိုက်ရုံများဖြင့် ဇေဒါကုန်ကြမ်းသုံး စိုက်ပျိုးနည်းဟူ၍ နည်းစနစ်အမျိုးမျိုးရှိပါသည်။

ကောက်ရိုးမှိုကို စိုက်ပျိုးမည်ဆိုပါက တစ်နိုင်တစ်ပိုင်နှင့် စီးပွားဖြစ်စိုက်ပျိုးခြင်းအပေါ်မူတည်၍ ချဲ့ကားလျှင်ချဲ့ကားသလောက်တွင်ကျယ်နိုင်ပါသည်။ မိမိက တစ်နိုင်တစ်ပိုင်စိုက်ပျိုးမည့်သူဖြစ်ပါက အနည်းငယ်မှစ၍ စိုက်ပျိုးသင့်သည်။ ကောက်ရိုးမှိုစိုက်ရာတွင် စိုက်နည်းစနစ်အမျိုးမျိုးရှိရာ တစ်နိုင်စိုက်ပျိုးသူများအဖို့ အောက်ပါနည်းလမ်းများနှင့် အစပျိုးစိုက်ပျိုးခြင်းက ပိုကောင်းနိုင်ပါသည်။

**မြန်မာနိုင်ငံရှိ ကောက်ရိုးမှိုစိုက်ပျိုးလေ့ရှိသည့် နေရာဒေသများ**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးလေ့ရှိကြပါသည်။

**MSME လုပ်ငန်းများတွင်တန်ဖိုးမြှင့်ထုတ်ကုန်တစ်မျိုးအဖြစ်ပါဝင်လာမှု**

စားသောက်ဆိုင်၊ ဟိုတယ်ကြီးများတွင် မှိုနှင့်ပတ်သက်သည့် ဟင်းလျာများ၏ ဈေးနှုန်းများကိုကြည့်ပါက မှိုစိုက်ပျိုးထုတ်လုပ်ရန် အခွင့်အလမ်းပိုရရှိစေနိုင်သည်။ ယခုအခါ မှိုမှတစ်ဆင့် စားသောက်ကုန်၊ အလှကုန်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်လာသည်များလည်း ရှိရာ မြန်မာနိုင်ငံ၏ လက်ရှိတွန်းအားပေးနေသော MSME လုပ်ငန်းများတွင် မှိုသီးနှံထုတ်ကုန်တစ်မျိုးမှာလည်း နေရာရရှိလာပြီဖြစ်ရာ မှိုစိုက်ပျိုးခြင်းသည် အာဟာရပြည့်ဝသော မှိုအစားအစာတစ်မျိုး ထုတ်လုပ်လာနိုင်ရုံမျှမက တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ကာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ တက်လှမ်းလာနိုင်နေပြီလည်းဖြစ်သည်။

ကောက်ရိုးမှိုသည် အပူချိန် ၂၅-၃၀ ဒီဂရီစင်တီဂရိတ်အတွင်းရှိသော အပူချိန်ရရှိသော ဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းသည့်အတွက် အပူကြိုက်မှိုဟု ယေဘုယျသတ်မှတ်နိုင်ပါသည်။ ကောက်ရိုးမှိုစိုက်ပျိုးရာတွင် အပူချိန်အမျိုးမျိုးအဆင့်ဆင့် ထိန်းသိမ်းပေးရလေ့ရှိသည်။ ကောက်ရိုးမှိုကို အများဆုံးစိုက်ပျိုးလေ့ရှိကြသော ကျင်းစနစ်ဖြင့် စိုက်ပျိုးနည်းအတွက် လိုအပ်သောကုန်ကြမ်းနှင့် အရင်းအနှီးများကို ဖော်ပြရမည်ဆိုပါက ပထမဦးစွာ မှိုမျိုးထုပ်၊ မှိုအစာအာဟာရအဖြစ် ဖွဲနု၊ စက္ကူဂျပ်များ၊ အပူချိန်အတွက် နွားချေး သို့မဟုတ် ကြက်ချေး၊ အမိုးအုပ်ရန် ပလတ်စတစ်စ လိုအပ်မည်ဖြစ်ပါသည်။ သတိပြုရှောင်ရှားရမည့်အချက်အနေနှင့် မိမိတို့စိုက်ပျိုးမည့်မြေသည် ဆား၊ ဆပ်ပြာပေါက်နေသော မြေ သို့မဟုတ် စက်ရုံစွန့်ပစ်ရေဆိုးမိလ္လာစိမ့်နေသော မြေမဖြစ်စေရန် ရွေးချယ်စိုက်ပျိုးရမည်ဖြစ်သည်။

**မှိုစိုက်ပျိုးနည်းစနစ်နှင့် ပြုစုမှုပုံစံ**

မှိုစိုက်မည့်နေရာသည် အရိပ်ရသော သစ်ပင်ကြီးများအောက်တွင် စိုက်ပျိုးပါကပိုကောင်းသည်။ ယခင်အဆက်ဆက် မှိုစိုက်ပျိုးခဲ့သော နေရာများမှပိုးမွှားရောဂါများကာကွယ်နိုင်ရန်အတွက်စိုက်မည့်နေရာအား ကောက်ရိုးမီးရှို့ပေးခြင်းနှင့် မစိုက်ပျိုးမီ စိုက်ကျင်းအတွင်း ထုံး သို့မဟုတ် ပုရွက်ဆိတ်ဆေးအနည်းငယ်ဖြူးပေးပါ။ မစိုက်ပျိုးမီ ဂျပ်စက္ကူ ငါးပိဿာကို အလျား ၉ ပေ အနံ ၃ ပေနှင့် ၆ လက်မ အနက်ရှိသော စတုဂံပုံစံ အကျယ်အဝန်းအတွက် လက်တစ်ဝါးစာအရွယ်အစားစုတ်ဖြဲထားပြီး ရေစိမ်ပေးထားရမည်။ ၎င်းအကျယ်အဝန်းအတွက် မိမိဝယ်ယူသည့် နေရာမှအသုံးပြုရန် ညွှန်ကြားထားသည့်အတိုင်း မှိုမျိုးငါးထုပ် သို့မဟုတ် ခုနစ်ထုပ်စသည်ကို ဖွဲနုငါးဘူးနှင့် ရောမွှေထားပေးပါ။ အပူချိန်ဖန်တီးပေးရန် အဓိကလိုအပ်သော ကုန်ကြမ်းပစ္စည်းဖြစ်သည့် နွားချေးကိုးတင်းကို ပလတ်စတစ် တုတ်ချောင်းအပိုင်းအစ သို့မဟုတ် မလိုလားအပ်သည့် အမှိုက်များပါမလာစေရန် ဆန်ခါချထားပေးရပါမည်။ ၎င်းဆန်ခါချထားသော မစိုမခြောက် နွားချေးများကို ကျင်းအတွင်း ဖြန့်ခင်းပေးပါ။ ဤတွင် နွားချေးများကို အကုန်သုံးလိုက်ခြင်းမျိုးမဟုတ်ဘဲ အပေါ်အုပ်ရန်အတွက် အနည်းငယ်ချန်ပေးထားရပါမည်။ နွေတွင် စိုက်ပျိုးပါက လိုအပ်သည့်အပူချိန်ကို ထိန်းချုပ်ရန်လွယ်ကူသည့်အတွက် လျော့၍ ထည့်သွင်းခြင်းနှင့် ဆောင်းရာသီတွင် စိုက်ပျိုးမည်ဆိုပါက အနည်းငယ်လျော့၍ထည့်ခြင်း သို့မဟုတ် နွားချေးထက် အပူချိန်များသော ကြက်ချေးကို အသုံးပြုပေးနိုင်လျှင်လည်း ပိုကောင်းပါသည်။ ထို့နောက်ရေပန်းကရားဖြင့် ဖြည်းဖြည်းမှန်မှန် စိုက်ကျင်းစိုသွားသည်အထိ ရေဖျန်းပေးရမည်။ နွားချေးများဖြန့်ခင်းပြီးပါက ရေစိမ်ထားသော ဂျပ်စက္ကူပျော့ဖတ်များကို ရေမှဆယ်ယူရေညှစ်၍ နေရာလပ်မရှိ ဖြန့်ခင်းပေးပါ။ စက္ကူအသုံးပြုရာတွင် ဆပ်ပြာ၊ ရေနံဆီကဲ့သို့သော နေရာတွင်အသုံးပြုထားသော စက္ကူများသည် မှိုပေါက်ရောက်ရန် အတားအဆီး ဖြစ်နိုင်သောကြောင့် အသုံးမပြုစေရန် သတိပြုရပါမည်။ စက္ကူဖြန့်ထားပြီးပါက ဖွဲနုနှင့်ရောနယ်ထားသော မှိုမျိုးများကို ပါးပါးနှင့်ညီညီ ဖြန့်ခင်းပေးရမည်။ ထို့နောက် နွားချေးအနည်းငယ်ကို မှိုမျိုးလုံအောင်ဖုံးထားပေးပြီး မှိုမျိုးများမျောပါမသွားစေရန် ရေပန်းကရားဖြင့် ဖြည်းဖြည်းချင်း ရေလောင်းပေးရမည်။ ထို့နောက် ပလတ်စတစ်အဖြူစကို မှိုစိုက်ကျင်းတွင် အမြင့် ၁ ပေခွဲ အမိုးကိုင်းလုပ်၍ အုပ်မိုးပေးထားပြီး လေလုံအောင်စီမံထားပေးရပါမည်။ ကောက်ရိုးမှိုသည် အလင်းရောင်မကြိုက်နှစ်သက်သည့် မှိုအမျိုးအစားဖြစ်သောကြောင့် အမိုးအုပ်ပြီးပါက အလင်းထိုးဖောက်မှုမရှိစေရန် ကောက်ရိုး၊ သက်ငယ်၊ဓနိ၊ ဂျပ်ဖာများဖြင့် ဖြန့်မိုးပေးနိုင်လျှင်ပိုကောင်းပါသည်။ ထို့ကြောင့် ကောက်ရိုးမှိုစိုက်ပျိုးရန် မြေနေရာရွေးချယ်ရာတွင် အပင်ကြီးများအောက် အရိပ်ရသော မြေနေရာတွင် ရွေးချယ်နိုင်ပါက ပိုကောင်းပါသည်။ မှိုစိုက်ပျိုးပြီး လေးရက် အမိုးကိုင်းပေါ်မှ ဂျပ်စက္ကူအုပ်၍ အမှောင်ချထားပေးရမည်ဖြစ်သည်။ ထို့နောက်ပိုင်းတွင် မှိုပုံကို တစ်နေ့လျှင် နှစ်ကြိမ် ပလတ်စတစ်စကို လှပ်ပေးပါ။ တစ်ရက်ခြားတစ်ခါ မှိုပုံကိုချွေးလှပ်ပေးရမည်ဖြစ်ရာ မှိုပုံအားပြန်အုပ်သည့်အခါ မှိုအစေ့လေးများပေါ်သို့ ချွေးကျ၍မျိုးမအောင်နိုင်သဖြင့် ဆန့်ကျင်ဘက် ထက်အောက်လှန် အုပ်မိုးပေးရမည်။ အစိုဓာတ်လျော့နည်းနေပါက ရေဖျန်းပေးပါ။ ခြောက်ရက်မြောက်နေ့တွင် မှိုမျှင်များပွားလာမည်ဖြစ်ပြီး နောက်ပိုင်း မှိုမျှင်ခဏပျောက်သွားပြီးမှ မှိုဆန်ကွဲစေ့လေးများ စတင်ထွက်ရှိလာပြီး စတင်စိုက်ပျိုးသည့်ရက်မှ ၁၄ ရက်အတွင်း မှိုစတင်ခူးဆွတ်နိုင်မည်ဖြစ်ပါသည်။

**မှိုခူးဆွတ်နည်းပုံစံ**

ကောက်ရိုးမှိုကို ကြက်ဥလုံးအရွယ် အနေအထားလောက်တွင် စတင်ခူးဆွတ်နိုင်မည်ဖြစ်ပါသည်။ မှိုဥများသည် အစုလိုက်ပေါက်ရောက်သည်များလည်းရှိရာ မိမိပထမဆုံးစံထားမည့် ဥမပွင့်ခင်အထိ ဘေးမှိုများ မှိုလုံးကြီးလာသည်ထိစောင့်၍ အစုအပြုံလိုက် ခူးဆွတ်ပေးရန်လိုအပ်ပါသည်။ မှိုခူးရာတွင်လည်း ချွန်ထက်သောဓားနှင့် လှီးဖြတ်ယူနိုင်သကဲ့သို့ လက်ဖြင့်နုတ်ယူ၍လည်းရသည်။ ဓားနှင့်ခူးဆွတ်ရာတွင် သတိထားရမည့်အချက်မှာ အသားစကျန်ခဲ့နိုင်သည်မျိုးရှိနိုင်သဖြင့် မှိုခူးပြီးနောက်ပိုင်း အချိန်များတွင် တစ်ရက်ခြားတစ်ခါ ချွေးလှပ်ရာတွင် ချွေးစများမှိုပေါ်တွင်ကျရောက်ပြီး ပျော့ပုပ်ဖြစ်နိုင်ပါသဖြင့် သတိထားခူးဆွတ်ရန် အထူးလိုအပ်ပါသည်။

မှိုတစ်ကျင်းတွင် မိမိအသုံးပြုသော မျိုးထုပ်အပေါ်မူတည်၍ ရရှိနိုင်ပြီး သက်တမ်းတစ်လခန့်ထိ ခူးဆွတ်နိုင်မည်ဖြစ်သည်။ အထွက်နှုန်းအနေဖြင့် အသုံးပြုသည့်ကုန်ကြမ်းနှင့် ပြုစုမှုပေါ်မူတည်၍ ထွက်ရှိနိုင်မည်ဖြစ်ပါသည်။

မိသားစုဝင်ငွေရရှိရုံမျှမက ဈေးကွက်ထဲတွင် ရောင်းအားကောင်းသောကောက်ရိုးမှိုဥငယ်များအား ပျော်ပျော်ရွှင်ရွှင်မိသားစု စိုက်ပျိုးအကောင်အထည်ဖော်ကြပြီး ဈေးကွက်သို့တင်ပို့ရောင်းချခြင်းဖြင့် အသေးစားစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် မှိုစိုက်ပျိုးခြင်းလုပ်ငန်းအောင်မြင်နိုင်ပါစေကြောင်း ဆန္ဒပြုရေးသားဖော်ပြလိုက်ရပါသည်။ ။

**သဲသဲထွေး(စိုက်ပျိုးရေးဦးစီးဌာန)**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။
(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။
(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။
(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။
(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။
(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။
(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။
(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။
(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊
(ခ) လယ်ယာမြေကိုအားလုံးဖြစ်စေ၊တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊
(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊
(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊
(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊
(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉) **ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# စက်မှုကျွမ်းကျင်သင်တန်းနှင့် အဝတ်အထည်ချုပ်လုပ်မှုသင်တန်း ဖွင့်လှစ်






**နေပြည်တော် မေ ၁၁**

စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း အမှတ်စဉ်(၁၄)နှင့် အဝတ်အထည်ချုပ်လုပ်မှုသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး)၌ ကျင်းပရာ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းအသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ရေးအတွက် သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး နိုင်ငံသားများ၏ အသိပညာ၊ အတတ်ပညာ တိုးတက်မြင့်မားမှုသည် နိုင်ငံ၏ကုန်ထုတ်လုပ်မှုကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ စက်မှုနှင့် နည်းပညာလောကတွင် စဉ်ဆက်မပြတ်လေ့လာခြင်းနှင့် တက်ကြွစွာ ပြုမူဆောင်ရွက်ခြင်းတို့သည် အောင်မြင်မှုကို ရရှိစေမည်ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်က အမှာစကားပြောကြားပြီး စက်မှုကျွမ်းကျင်တစ်နှစ်သင်တန်းလက်တွေ့သင်ကြားရေးအလုပ်ရုံများနှင့် အထည်ချုပ်သင်တန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယခုဖွင့်လှစ်မည့် သင်တန်းအမှတ်စဉ်(၁၄)တွင် သင်တန်းသား၊ သင်တန်းသူ ၇၇ ဦးကို ဘာသာရပ် ခြောက်ခုအား ၂၀၂၄ ခုနှစ် မေ ၁၁ ရက်မှ ၂၀၂၅ ခုနှစ် မတ် ၂၃ ရက်ထိ တစ်နှစ်ကြာ စာတွေ့လက်တွေ့ လေ့ကျင့် သင်ကြားပေးသွားမည်ဖြစ်ပြီး အမှတ်စဉ်(၃)တွင် သင်တန်းသူဦးရေ ၂၀ ကို မေ ၁၁ ရက်မှ ဇွန် ၄ ရက်ထိ တစ်လကြာ လေ့ကျင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ် အသိပေးနှိုးဆော်ခြင်း

၁၉၄၁ ခုနှစ် ဧပြီ ၁ ရက် (၁၃၀၂ ခုနှစ် ဦးတန်ခူးလဆန်း ၆ ရက်) မတိုင်မီ မွေးဖွားခဲ့သည့် အသက် ၈၅ နှစ်ပြည့်ပြီးသော သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ ၃၁-၅-၂၀၂၄ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကျိုးခံစားခွင့်ရှိသူများကို သုံးလပတ် နှစ်ကြိမ် ခြောက်လစာ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများကို မိမိတို့၏လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566၊ 09-889900033 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့က မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်း(MCCT)အစီအစဉ် အသိပေးနှိုးဆော်ခြင်း

တိုင်းဒေသကြီး၊ ပြည်နယ် ခုနစ်ခုဖြစ်သော ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ၂၀၂၄ ခုနှစ် မေ ၂၆ ရက်ထိ ကိုယ်ဝန်ဆောင်အဖြစ်ရှိနေသူများအနေဖြင့် MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ ၃၁-၅-၂၀၂၄ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကျိုးခံစားခွင့်ရှိသူများကို သုံးလပတ် နှစ်ကြိမ် ခြောက်လစာ ထောက်ပံ့သွားမည် ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566၊ 09-889900077 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ၂၀၂၄ ခုနှစ် မေ ၁၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၂၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသောင်းထိုက်အား ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## သတင်းအေဂျင်စီလုပ်ငန်း ပိတ်သိမ်းကြောင်း အသိပေးကြေညာ

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(ခ)အရ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသော ထုတ်ဝေစာကို ပုံနှိပ်၊ ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီစစ်ဆေးပြီး ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်ပါသည်။ သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသူ ဦးရဲသွင်ဟိန်း၏ မြေလတ်အသံ (Myaelatt Athan)၊ ဦးဝင်းဇော်နိုင်၏ Red News Agency နှင့် ဦးဇင်မင်းထက်၏ Asia Citizens (အာရှနိုင်ငံသားများ) သတင်းအေဂျင်စီတို့သည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ခ)ပါ စည်းကမ်းချက်ကိုလိုက်နာခြင်းမရှိဘဲ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားလွှင့်တင်ဖော်ပြခဲ့သည့်အတွက် ၎င်းတို့ကို ထုတ်ပေးထားသည့်သတင်းအေဂျင်စီလုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဧပြီ ၂၃ ရက်မှစ၍ ပိတ်သိမ်းလိုက်ကြောင်းနှင့် ၎င်းသတင်းအေဂျင်စီများအနေဖြင့် မီဒီယာအမျိုးအစားတစ်ခုခုကိုအသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်း မပြုရန် ကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ၁၁-၅-၂၀၂၄ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၁,၅၄၂,၂၉၆.၄၈ | ၈,၄၇၅,၅၃၁.၅၂ | ၁၃၉,၉၃၆,၉၃၂.၇၉ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ တိရစ္ဆာန်အစာ၊ ဂျုံ၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ ထုပ်ပိုးမှုပစ္စည်းများ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၇ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁၅၆ ဒသမ ၇၅ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ပြည်သူ့ကာကွယ်ရေးခေါင်းစဉ်အောက်က အကြမ်းဖက်များရှိနေသရွေ့ သာသနာ့ဘောင်မှ ရဟန်းသံဃာများ အကြောင်းမဲ့အသက်ပေးနေရမည်လား"** ခေါင်းစဉ်ဖြင့် ၁၃-၅-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၀-၅-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် **"ကလေးငယ်များရဲ့ အနာဂတ်ကို လက်တွေ့အကောင်အထည်ဖော်ပေးနေသော အစိုးရနှင့် နိုင်ငံရေးခေါင်းစဉ်အောက်မှာ ကလေးငယ်တွေကို အသုံးချနေတဲ့ အစိုးရအမည်ခံ အဖွဲ့အစည်း"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိရုပ်ရှင်တော်ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများပြီးစီးမှု အခြေအနေများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှုစစ်ဆေး



မန္တလေး မေ ၁၁

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့မှုများ ဖြစ်ပေါ်ခဲ့သည့် မဟာမုနိရုပ်ရှင်တော်နှင့် ဘုရားကြီးပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများကို အစီအမံများချမှတ်၍ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းကလုပ်ငန်းပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ လိုက်လံကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများကို ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများကို မူဝါဒများ၊လမ်းညွှန်ချက်များအတိုင်း စနစ်တကျစီမံကာ ပညာရှင်များဖြင့် ရေးမှုမပျက်အကောင်းဆုံး ဆောင်ရွက်ခဲ့ကြသည့်အတွက် လုပ်ငန်းပြီးစီးခြင်း တိုးတက်မှုများရှိခဲ့ပါကြောင်း၊ မိုးရာသီရောက်ရှိလာပြီဖြစ်၍ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို အရည်အသွေးစံချိန်စံညွှန်းနှင့်အညီ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်သွားရေး၊ ဘုရားဖူးလာပြည်သူများ စိတ်ချမ်းမြေ့စွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေးနှင့် ဘုရားကြီးပရိဝုဏ်အတွင်းအပြင် သန့်ရှင်းသာယာလှပရေးတို့ကိုအလေးထားကာ ဆောင်ရွက်သွားရေး၊ ယာယီဖွင့်လှစ်ရောင်းချနေသည့် ဆိုင်ခန်းများ စည်းကမ်းချက်များနှင့်အညီ စနစ်တကျဖြစ်စေရေးတို့ကို ကြပ်မတ်ဆောင်ရွက်သွားရေး၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ပွင့်လင်းမြင်သာစွာဖြင့် တင်ပြသွားရေးတို့ကို မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများက မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ဖြည့်စွက်ဆွေးနွေး၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မဟာမုနိရုပ်ရှင်တော်မြတ်၊ ဂန္ဓကုဋိကျောင်းတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသ ကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

- (က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊
- (ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊
- (ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊
- (ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# အင်ဒိုနီးရှားနိုင်ငံ ဒူကိုနိုမီးတောင်ပေါက်ကွဲမှုအခြေအနေ မတည်ငြိမ်သေးသဖြင့် တောင်တက်ခွင့် ယာယီပိတ်ထားဆဲဖြစ်





**ဂျကာတာ မေ ၁၁**

အင်ဒိုနီးရှားနိုင်ငံ ဒူကိုနိုမီးတောင်ပေါက်ကွဲမှု အခြေအနေ မတည်ငြိမ်သေးသဖြင့် တောင်တက်ခွင့် ယာယီပိတ်ထားဆဲဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုင်ငံ၏ မြောက်ပိုင်းတွင်ရှိသော ဒူကိုနိုမီးတောင်ပေါက်ကွဲမှုကြောင့် တောင်တက်သမားဦးရေ ၂၀ ပိတ်မိနေခဲ့ရာ ၁၇ ဦးကို အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့သော်လည်း သုံးဦးပျောက်ဆုံးနေသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မေ ၁၀ ရက်တွင် ပျောက်ဆုံးနေသူ သုံးဦး၏ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

မီးတောင်ပေါက်ကွဲမှုအတွင်း သေဆုံးသူသုံးဦးမှာ စင်ကာပူနိုင်ငံသားနှစ်ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသားတစ်ဦး ဖြစ်ကြောင်း National Disaster Mitigation Agency (BNPB)က ထုတ်ပြန်ခဲ့သည်။

အာဏာပိုင်များ၏ အဆိုအရ မီးတောင်လှုပ်ရှားမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်း၊ မြေပြင်အနေအထားခက်ခဲခြင်းနှင့် မီးတောင်ပြာတို့ ပျံ့လွင့်နေမှုကြောင့် တောင်တက်ခြင်းကို ယာယီပိတ်ထားပြီး မီးတောင်ဝန်းကျင် လေးကီလိုမီတာ အန္တရာယ်ဇုန်အပြင်ဘက်တွင်သာ နေထိုင်ကြရန် ဒေသခံများကိုလည်း သတိပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# တောင်အာဖရိကနိုင်ငံတွင် ပြင်းထန်သော ရာသီဥတုဆိုးရွားမှုများဖြစ်ပေါ်နေသဖြင့် အမျိုးသားဘေးအန္တရာယ်အဖြစ် သတ်မှတ်

**ပရီတိုးရီးယား မေ ၁၁**

တောင်အာဖရိကနိုင်ငံတစ်ဝန်းတွင်ဖြစ်ပေါ်နေသော ပြင်းထန်သည့် ရာသီဥတုဆိုးရွားမှုများကြောင့် အစိုးရက အမျိုးသားဘေးအန္တရာယ်အဖြစ် သတ်မှတ်ထားကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာနက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ရာသီဥတု ဆိုးရွားမှုများက တောင်အာဖရိကနိုင်ငံ တစ်ဝန်းတွင်ရှိ Western Cape၊ Eastern Cape၊ Northern Cape၊ North West၊ Free State နှင့် Mpuma-langa ပြည်နယ်တို့ကို များစွာထိခိုက်စေသဖြင့် အမျိုးသားဘေးအန္တရာယ်အဖြစ် တရားဝင်သတ်မှတ်လိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံတွင် မေ ၄ ရက်မှစတင်၍ ယနေ့ထိ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်း၊ မိုးကြိုးမုန်တိုင်းများ၊ လေပြင်းတိုက်ခတ်မှုများကြောင့် လူသေဆုံးမှုများဖြစ်ပွားခဲ့သည့်အပြင် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးကာ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးကဲ့သို့ မရှိမဖြစ်ဝန်ဆောင်မှုများ ကမောက်ကမဖြစ်ခဲ့ကြောင်း၊ လက်ရှိတွင် သေဆုံးသူဦးရေနှင့် ပျက်စီးမှုတန်ဖိုးများကိုမူ စစ်တမ်းများကောက်ယူနေဆဲဖြစ်ကြောင်း သိရသည်။

ရေကြီးရေလျှံမှုများ၊ လမ်းများပိတ်ဆို့ခြင်း၊ အခြေခံအဆောက်အအုံများ ပြိုကျပျက်စီးခြင်းနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ပွားပြီးနောက် ပြည်နယ်အများအပြားတွင် ကယ်ဆယ်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက် လုပ်ဆောင်နေကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာနမှ အကြီးအကဲ အီးလီးယက် ဆစ်ဟိုးက ပြောပြ၍ သိရသည်။

Ref : Sputnik News
Trs : KZ

# ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ချက်ခရိကောင်တီတွင် မိုးကြိုးပစ်မှုကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်

**အော့တဝါ မေ ၁၁**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ချက်ခရိကောင်တီတွင် မေ ၁၀ ရက်က မိုးကြိုးပစ်မှုကြောင့် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း Environ-ment Canada က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးကြိုးပစ်မှုကြောင့် တောမီးလောင်ကျွမ်းသည့် နေရာသည် ချက်ခရိကောင်တီ၏ အဓိကလမ်းမကြီးဖြစ်သည့် ချက်လမ်းမကြီးအနီးတွင် လောင်ကျွမ်းနေခြင်းဖြစ်ကြောင်း၊ တောမီးထိန်းချုပ်ရခက်သည့်အခြေအနေသို့ ရောက်ရှိနေသဖြင့် တောမီးသည် အခြေခံအဆောက်အအုံများနှင့် လူနေအိမ်များအတွက် အန္တရာယ်ရှိနိုင်သည့် အခြေအနေဖြစ်ပြီး ချက်လမ်းမကြီးကို ယာယီပိတ်ထားကြောင်း ဗြိတိသျှကိုလံဘီယာ မီးသတ်တပ်ဖွဲ့က ထုတ်ပြန်သွားခဲ့သည်။



"ဗြိတိသျှကိုလံဘီယာပြည်နယ်မှာ တောမီးရာသီ စတင်ပြီလို့ သတ်မှတ် ကြေညာခဲ့ပြီးနောက်ပိုင်း တောမီးလောင်ကျွမ်းမှုတွေ ဆက်တိုက် ဖြစ်ပေါ်နေပါတယ်။ ချက်ခရိကောင်တီမှာ တောမီးလောင်ကျွမ်းနေတာ ရက်အနည်းငယ်ကြာမြင့်နေပြီဖြစ်ပါတယ်။ မေ ၁၀ ရက်မှာ ချက်လမ်းမကြီးအနီးမှာ မိုးကြိုးပစ်ပြီးတော့ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေတဲ့အချိန် အခုလို တောမီးလောင်ကျွမ်းတာဟာ ဒေသခံတွေအတွက် စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်ပါတယ်"ဟု Environment Canada မှ တာဝန်ရှိသူတစ်ဦးက ပြောကြား သွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# အာဖဂန်နစ္စတန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းနေပြီး လာမည့်ရက်ပိုင်းအတွင်း စီရင်စုအမြောက်အမြား၌ ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်

**ကဘူးလ် မေ ၁၁**

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း မေ ၁၀ ရက်မှစတင်၍ နေရာအနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်နေပြီး မိုးရေချိန်မြင့်မားသည့်အတွက် လာမည့်ရက်ပိုင်းအတွင်း စီရင်စုအမြောက်အမြား၌ ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ကြောင်း ရေထုနှင့် စွမ်းအင်ဝန်ကြီးဌာနက သတိပေးချက် ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသော စီရင်စုများမှာ အာဖဂန်နစ္စတန်နိုင်ငံ မြောက်ဘက်ပိုင်းတွင်ရှိသော စီရင်စုများဖြစ်ကြပြီး လာမည့် ရက်ပိုင်းအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်နိုင်ကြောင်း၊ မြစ်ရေလျှံတက်မှုဖြစ်ပေါ်နိုင်သည့် မြစ်ချောင်းများစုမှာ ဘော့ခ်ဒေသ၊ ဆာမန်ဂန်ဒေသ၊ လိုဂါဒေသ၊ မိုင်ဒန်ဝါဒက်ခ်ဒေသ၊ ကာဘူးလ်ဒေသ၊ ပန်ချာဒေသ၊ ပါဝမ်ဒေသ၊ နန်ဂါဟာဒေသ၊ လက်မန်ဒေသ၊ ကူနာဒေသ၊ နူရီစတန်ဒေသ၊ ဘာဒက်ရှန်ဒေသ၊ တက်ဟာဒေသ၊ ကွန်ဒက်ဇ်ဒေသနှင့် ဘာဂလန်ဒေသတို့မှ မြစ်ချောင်းများဖြစ်ကြောင်း ရေထုနှင့် စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"အနောက်ဘက်ပိုင်း စီရင်စုတွေမှာ မေ ၁၀ ရက်က စတင်ပြီးတော့ မိုးသည်းထန်စွာရွာသွန်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ မိုးရေချိန်ဟာ ၁၀ မီလီမီတာကနေ မီလီမီတာ ၃၀ ထိ မြင့်တက်နေတယ်လို့လဲ မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ထားပါတယ်။ မြစ်ရေလျှံတက်မှုတွေ ဖြစ်ပေါ်လာနိုင်တဲ့အတွက်ကြောင့် ရေကြီးရေလျှံမှုဟာ အန္တရာယ်ရှိနိုင်တဲ့ အဆင့်မျိုး ရောက်သွားနိုင်ပါတယ်"ဟု အာဖဂန်နစ္စတန် ရေထုနှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ် ဂန်ဟင်နာဂါမြို့တွင်အပူလှိုင်းဖြတ်သန်းနေပြီး စံချိန်တင်အပူချိန် ၄၅ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်နိုင်ကြောင်း IMD က ထုတ်ပြန်

**နယူးဒေလီ မေ ၁၁**

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ် ဂန်ဟင်နာဂါမြို့တွင် အပူလှိုင်းဖြတ်သန်းနေပြီး စံချိန်တင် အပူချိန် ၄၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နိုင်ကြောင်း India Meteorological Department (IMD)က သတိပေးချက် ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဂူဂျာရတ်ပြည်နယ်အတွင်း မေ ၁၀ ရက်၌ အပူချိန်မှာ ၄၃ ဒသမ ၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီး လာမည့်ရက်ပိုင်းတွင် အပူချိန်ပမာဏသည် ၄၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်သည့်အတွက် ကျန်းမာရေးလုံခြုံမှုကို ဆိုးရွားစွာခြိမ်းခြောက်လာနိုင်ကြောင်း၊ အပူချိန်မြင့်တက်မှုသည် နေ့ချိန်သာမက ညအချိန်တွင်လည်း သာမန်ထက်မြင့်တက်နေကြောင်း IMD က ထုတ်ပြန်သွားခဲ့သည်။


"ဧပြီလ နောက်ဆုံးပတ်ကတည်းက နိုင်ငံအတွင်း အပူလှိုင်းဖြတ်သန်းမယ်လို့ ကြိုတင်သတိပေးချက်တွေ ထုတ်ပြန်ခဲ့တယ်။ ထုတ်ပြန်ထားတဲ့အတိုင်း အခုပြည်နယ် တော်တော်များများမှာ အပူလှိုင်းဖြတ်သန်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ ၂၀၁၆ ခုနှစ်ဟာ အပူချိန်အမြင့်မားဆုံးသော နှစ်တစ်နှစ်ဖြစ်လာနိုင်ပါတယ်။ မေ ၁၀ ရက်မှာ ဂူဂျာရတ်ပြည်နယ်ကို အပူလှိုင်းဖြတ်သန်းခဲ့တယ်။ အပူလှိုင်းဖြတ်သန်းမှုကြောင့် စံချိန်တင်အပူချိန်မြင့်တက်မှုနဲ့ ရင်ဆိုင်ရနိုင်တဲ့ဒေသကတော့ ဂူဂျာရတ်ပြည်နယ် ဂန်ဟင်နာဂါမြို့ပဲဖြစ်ပါတယ်"ဟု India Meteorological Department (IMD)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

ဝတ္ထုတိုကလျာ

# ကျောင်းမိုက်

ယင်းမာ



(၁)

"အမေက ငါချက်တဲ့ဟင်းဆို မစားဘူး"ဟု ကျွန်မ စိတ်မကောင်းစွာဖြင့် အစ်မများကိုပြောဖြစ်သည်။ အမှန်တွင်လည်း အမေက ကျွန်မချက်သည့် ဟင်းဆို ဘယ်တော့မှ အကောင်းမပြော။ ချဉ်လျှင်လည်း ချဉ်ပြန်ပြီ။ ငန်လျှင်လည်း ငန်ပြန်ပြီနှင့် ဘယ်တော့မှ မစား။ အစ်မများအိမ်က ပို့သည့်ဟင်းမှ အကောင်းထင်သည်။ ဤသည်လည်း များများစားသည်မဟုတ် ဟိုဟာနည်းနည်း၊ သည်ဟာနည်းနည်း စားခြင်းသာ ဖြစ်သည်။ အစ်မများကလည်း အမေစားရန်အတွက် ကောင်းနိုးရာရာလေးများချက်ကာ ပို့ပေးတတ်ကြသည်။ ထမင်းစားချိန်ဆိုလျှင် ဟင်းခွက်များကိုစားပွဲအပြည့် နေ့စဉ်တွေ့နေရတတ်သည်။ အမေကတော့ များများစားနိုင်သည်မဟုတ်ဘဲ အနည်းငယ်နှိုက်ရုံသာနှိုက်တတ်သည်။ ကျန်သည့်ဟင်းများကတော့ ကျွန်မ၏သားသမီးနှစ်ယောက်နှင့် ကျွန်မတို့ ဇနီးမောင်နှံ စားရသည်ပင်။

အမေက ပေါ်ဆန်းမွှေးဆန်ကိုမှစားသည်။ ကျွန်မတို့မိသားစုကတော့ ရောမင်းဆန်ကိုစားသည်။ ရောမင်းကကြမ်းသည်ဟုဆိုကာ အမေကမစား။ သည်တော့ တစ်အိမ်တည်းနေပြီး အမေက ထမင်းအိုးတစ်လုံး၊ ကျွန်မတို့မိသားစုက ထမင်းအိုးတစ်လုံး တည်ရသည်။ အမေ့ထမင်းအိုးကိုတော့ ပေါင်းအိုးသေးသေးလေးနှင့်တည်သည်။ ကျွန်မတို့ထမင်းအိုးကိုတော့ နံနက်ခင်း ထမင်းရည်သောက်ကြသဖြင့် မီးမွှေးကာ ထမင်းရည်ငှဲ့၍ချက်သည်။ နံနက်ခင်း ထမင်းရည်ကိုတော့ အမေက ထမင်းနှင့်ဖျော်ကာ သောက်တတ်သည်။ နံနက်ခင်း အမေကြိုက်တတ်မည်ထင်သည်များ လုပ်ပေးပြန်လျှင်လည်း အမေက မစား။ ခေါက်ဆွဲကလေးပြုတ်၊ ကြာဆံကလေးပြုတ် လုပ်ပေးသည်။ အမေက မကြိုက်ဘူးပြောတော့ လုပ်မပေးဖြစ်တော့ပေ။ တိုဟူးလေး ဘာလေး သုပ်လျှင်တော့ နည်းနည်းပါးပါး စားတတ်သည်။

"ငါ့ထမင်းအိုး ညည်းတို့မတည်နဲ့။ ညည်းတို့ တည်လိုက်ရင် ပျော့လိုက်၊ မာလိုက်နဲ့ အဆင်ကို မပြေဘူး"

အမေက အဲသည်လိုမျိုးဖြစ်သည်။ နံနက်စောစောထ၍ သူ့ထမင်းအိုး ထတည်ပေးသည်ကို ပျော့သည်၊ မာသည်နှင့် သူများချက်ပေးသည်ကိုမကြိုက်။ ကိုယ်တိုင်လုပ်ရမှ အကောင်းထင်သည်။ ကျန်သည့် အချိန်က အရေးမဟုတ်။ ဆောင်းတွင်းအချိန်ဆိုလျှင် နံနက်စောစောထရသည်မှာ အင်မတန်အေးသည်။ မထပါနှင့်ပြောလည်းမရပေ။ စောစောထ၊ သူ့ထမင်းအိုးလေးသူတည်၊ မျက်နှာသစ်၊ ဘုရားရှိခိုး၊ တရားထိုင်နှင့် အမေကသူ့အချိန်ဇယားနှင့်သူ အပျက်မခံပေ။ ကျွန်မတို့ကတော့ အအေးပတ်ပြီး နေမကောင်းဖြစ်မှာ စိတ်ပူနေရသည်။ အမေ့မှာက နှလုံးရောဂါကရှိသေးသည်။ မွေးရာပါ သွေးအားနည်းသည့်အခါက ရှိနေပြန်သေးသည်ဆိုတော့ လှုပ်လှုပ်၊ လှုပ်လှုပ်လုပ်လျှင် ရောဂါက ပြန်ပြန်ထချင်သည်။ ထို့ကြောင့် ကျွန်မတို့ကတော့ ဖြစ်နိုင်လျှင်အမေ့ကို ဘာမှမလုပ်စေချင်ပေ။ ရောဂါဖောက်လျှင် အမေပဲ ခံစားရသည် မဟုတ်ပါလား။

(၂)

"မေမေရေ အဘွားအဝတ်တွေလျှော်နေတယ်"

"ဟောတော် ဒုက္ခပဲ"

ကျွန်မသည် ချက်ရင်းပြုတ်ရင်း ပန်းကန်ခွက်ယောက်များ ဆေးကြောနေရာမှ ရေကန်ဘက်ဆီသို့ အပြေးအလွှားသွားမိသည်။ အမေကတော့ သူ့အင်္ကျီ၊ လုံချည်များကို ထုရိုက်ကာ လျှော်ဖွပ်နေသည်။

"အမေအဝတ်တွေလျှော်နေပြန်ပြီလား။ သမီးရေချိုးတော့လျှော်ပေးမှာပေါ့။ လှုပ်လှုပ်၊ လှုပ်လှုပ် လုပ်ရင် အမေနေမကောင်းဖြစ်နေမယ်နော်"

"ညည်းလျှော်တာ မပြောင်ဘူး ငါ့ဘာသာ ငါပဲလျှော်မယ်"

"အမေကတော့နော် နေမကောင်းဖြစ်တော့မှာပဲ"

ကျွန်မ ဗျစ်တောက်၊ ဗျစ်တောက်ပြောရင်းနှင့် အမေလျှော်ထားသော အဝတ်များကို ယူလှန်းပေးလိုက်သည်။

"ခဏနေ ရေချိုးပေးမယ်အမေ နားလိုက်အုံး"

ကျွန်မသည် မီးဖိုဘက်မှ အလုပ်များကို လက်စသတ်ကာ အမေ့ကို ရေချိုးပေးလိုက်ပါတော့သည်။

"အင် ဟင် ဟင် အင်ဟင် ဟင်"

ကျွန်မသည် နေ့ခင်းပိုင်း စားသောက်ပြီးသည်နှင့် စာဖတ်နေချိန်မှာ အမေ့အခန်းဘက်မှ ညည်းညူနေသံကြားလိုက်ရသည်။ ကျွန်မစိုးရိမ်စိတ်နှင့် အမေ့အခန်းဆီသို့ ထွက်လာခဲ့သည်။ ထင်သည့်အတိုင်းပင် အမေသည် ခုတင်ပေါ်တွင် ခွေခွေကလေးအိပ်ကာ ညည်းညူနေသည်။

"အမေ နေမကောင်းဘူးလား"

ကျွန်မအမေးကို အမေက မျက်လုံးကလေးနှင့် အဖြေပေးသည်။

"ထင်သားပဲ အဲဒါကြောင့် အမေ့ကို အလုပ်တွေ မလုပ်ပါနဲ့ဆိုတာ အမေကပြောမှမရတာ"

ကျွန်မသည် အမေခံစားနေရသည်ကိုကြည့်၍ မချင့်မရဲပြောမိသည်။ အမေကတော့ နှလုံးတုန်သည့် ဒဏ်ကြောင့် အခံရခက်စွာ မျက်နှာကလေး ရှုံ့မဲ့နေလေသည်။ နှလုံးကအခုန်များသောအခါ လည်ပင်းကြွက်သားများပင် တဆတ်ဆတ်တုန်နေသည်။ မျက်နှာကိုလည်း လက်နှစ်ဖက်ဖြင့်အုပ်ကာ တညည်းတည်းညည်းနေသည်။ ကြာကြာလည်းလှဲမနေနိုင်၊ ကြာကြာလည်းထိုင်မနေနိုင်။ ထိုင်လိုက်ထလိုက်နှင့် မြင်နေရသူပင် အနေရခက်လှသည်။

"ငါ ဆီးသွားချင်တယ်အေ"

အမေသည် သူ့ဝမ်းဗိုက်ကို အဝတ်တစ်ခုနှင့်ဆွဲ၍ စည်းကာ ခုတင်ပေါ်မှ ကမန်းကတန်းဆင်းနေသည်။

"နေအုံးအမေ နေအုံး သမီးဆီးအိုးခံပေးမယ်"

"ဟင့်အင်း ဟင့်အင်း"

အမေကမရ။ ဇွတ်ထကာ အခန်းထဲမှဇွတ်ထွက်သည်။ ကျွန်မလည်း အမြန်ထကာတွဲပေးလိုက်ရသည်။ ကယိမ်းကယိုင်နှင့်သွားကာ အိမ်သာထိရောက်အောင်သွားပြီး ဆီးသွားသည်။ ဝမ်းသွားချင်လျှင်လည်း ထိုနည်းအတိုင်း ကယိမ်းကယိုင်နှင့် အိမ်သာထိ ရောက်အောင်သွားသည်။ အခန်းထဲပြန်ရောက်တော့ လူက မောဟိုက်နေသည်။ အိုးနှင့်သွားပါဆိုသည်ကို ပြောမရ၊ မထနိုင် မသွားနိုင်သည့်အဆုံးကျမှ အိုးနှင့် သွားတတ်သည်။ အမေက အစားအသောက်လည်း နည်းသည်။ ကောင်းနိုးရာရာ မုန့်ပဲသရေစာဝယ်ပေးလျှင်လည်းမစား။ အမေ မကြိုက်သည်က များနေသည်။ မုန့်ကောင်းကောင်း ဝယ်လာလျှင်လည်း မစား။ လိမ္မော်သီးကလေးများ ဝယ်ပေးပြန်လျှင်လည်း ချဉ်သည်ဆိုပြီး မစား။ အမေ့ကို တကူးတက စားစေချင်၍ ခေါက်ဆွဲပြုတ်လေး လုပ်ပေးလျှင်လည်း မစားသည်ကများသည်။ တစ်ခါတစ်ရံ ကျွန်မတို့မိသားစုခေါက်ဆွဲများကို ကန်စွန်းရွက်များ၊ မုန်ညင်းရွက်များနှင့် ထမင်းလွတ် ဖောဖောသီသီလုပ်စားလျှင်တော့ အမေ့ကို ပန်းကန်နှင့်ထည့်ပေးလျှင် အမေက စားတတ်သည်။ အမေ့အတွက်ဆိုကာ သီးသန့်လုပ်ပေးလျှင် ငြင်းဆန်တတ်လေသည်။ တစ်ခါတစ်ရံ ဟင်းကောင်းကလေးများ ဝယ်ချက်သည့်အခါများဆိုလည်း –

"အမေက အသားမကြိုက်ဘူးနော်။ ညည်းတို့ အသားတွေစားရတာ သွားကြားညပ်လွန်းလို့။ ငါးချက်ရင် အမေက ခေါင်းကလေးပဲ ချဉ်ဟင်းချက်တာကြိုက်ပါတယ်အေ ညည်းတို့ကြော်ထားချက်ထားတဲ့ငါးတွေလဲ ငါမစားချင်ပါဘူး"

"အမေရယ် မစားချင်လဲ အားလေးဖြစ်အောင် စားအုံးမှပေါ့။ လူငယ်တွေက ဘာစားစား အားဖြစ်ပြီးသား အမေအားဖြစ်ဖို့အရေးကြီးတာ"

"တော်ပါအေ ငါက ဘာအလုပ်ကြမ်းလုပ်ရလို့ အားဖြစ်နေရအုံးမှာတုံး။ ငါမကြိုက်တာတွေတော့ မစားပါရစေနဲ့အေ"

အမေက ထိုသို့ပြောသည်။ သူမစားချင်ဆိုသည့် အရာကို ဘယ်လိုကျွေးကျွေး မစားတတ်သည်ကများသည်။ နောက်ဆုံးတော့ ကျွန်မသာ လက်လျှော့လိုက်ရသည်။ ကျောင်းပိတ်ထားသဖြင့်သာ ကျွန်မမှာလည်း အလုပ်များနိုင်နိုင်နင်းနင်း ရှိနေရခြင်းဖြစ်သည်။ ကျောင်းဖွင့်ချိန်ဆိုလျှင် မနက်မလင်းမီထ၍ ချက်ရပြုတ်ရ၊ လျှော်ရ၊ ဖွပ်ရ ကျောင်းသွားရနှင့် ကျွန်မမှာ ဖတ်ဖတ်ကိုမောနေသည်။ အမျိုးသားကလည်း ကျောင်းသွားရသဖြင့် သူလည်းကျောင်းဖွင့်ရက်ဆို ကျွန်မကိုမကူနိုင်။ သားနှင့်သမီးမှာလည်း ကျောင်းနေအရွယ် ငယ်ရွယ်သေးသဖြင့် ကျွန်မကို မကူနိုင်။ ကျွန်မမှာ ချက်ရ၊ ပြုတ်ရ၊ လျှော်ရ၊ ဖွပ်ရ ကျောင်းသွားရနှင့် မနက်မလင်းမီကနေ ညမိုးချုပ်သည်ထိ အလုပ်နှင့် လက်မပြတ်။ ကျွန်မပင်ပန်းသည်ကိုကြည့်၍ အမေက စိတ်မကောင်း။

တစ်ခါတစ်ရံတွေးမိသည်။ အမေသည် အလုပ်များသောကျွန်မကို သူ့အတွက် အလုပ်မပိုစေချင်ဟု တွေးပုံရသည်။ ထို့ကြောင့်လည်း သူလုပ်နိုင်သည့် အလုပ်များကိုလုပ်ကာ သူ့ဝန်သူ ထမ်းချင်နေခြင်းဖြစ်မည်။

(၃)

"အမေ ဒီမှာကိတ်မုန့် အမေ ဗိုက်ဆာတဲ့အချိန် စားရအောင်လို့"

အစ်မကြီးက အမေ့အတွက် ကိတ်မုန့်လေးဝယ်ကာ လာပို့သည်ကိုတွေ့ရသည်။ ကျွန်မ အသာကြည့်နေသည်။ ခါတိုင်း ကျွန်မဝယ်ပေးလျှင် အမေက နံစော်သည်ဆိုပြီးမစားတတ်ပေ။ သမီးကြီးဝယ်ပေးသောမုန့်ကိုတော့ ငြင်းသံမကြားရ။ စားမည့်သဘောပင်။ အဲသည်လိုပင်။ လိမ္မော်သီးလည်း ကျွန်မဝယ်ပေးသည့် အသီးသာချဉ်သည်။ ကျန်သမီးများဝယ်ပေးလျှင်တော့ မြေးများနှင့် ဝေကာ၊ ငှကာ စားတတ်သည်။ အမေက ကျွန်မ ကျွေးတာပဲ အကောင်းမထင်တာလားဟု တွေးမိသည့်အခါ ရင်ထဲက အလိုလို ဝမ်းနည်းမိချင်သည်။ ကျွန်မကို အမေ မချစ်ဟုလည်း တွေးမိကာ ဝမ်းနည်းမိပြန်သည်။

"မေမေ လာစားလေ။ သမီးတို့စားလို့ကုန်တော့မယ်"

သားနှင့်သမီးက ငါးကင်စားချင်သည်ဆို၍ သူ့အဖေက ငါးတစ်ကောင်ဝယ်ကာ ကင်ပေးသည်။ ကင်ထားသောငါးကို ပန်းကန်ပြားထဲတွင်ထည့် အချဉ်ရည်ပန်းကန်နှင့် စားပွဲပေါ်ချကာ စားနေကြသည့် သားနှင့်သမီးကိုကြည့်၍ ကျွန်မပြုံးနေမိသည်။ ဦးဦးဖျားဖျား အမေ့ကိုသွားကျွေးတော့ ညှီစော်နံသည်ဟုဆိုကာ မစားပေ။ ကျွန်မသားနှင့်သမီးက အင်မတန်မှ စားနိုင်သောက်နိုင်သော ကလေးများဖြစ်ကြသည်။ ထမင်းဟင်းလည်းကြေးမများပေ။ ရှိသည့်ဟင်းနှင့် စားကြကာ များများလည်း စားနိုင်ကြသည့် အစားကြီးသူများဖြစ်သည်။

"တော်တို့ပဲစားကြ စားကြ ကျုပ်ကတော့ ညှီစော်နံလို့မကြိုက်ဘူး"

"ဟင် မေမေကလဲ ဘွားဘွားလိုပြောပြန်ပြီ"

သမီးငယ်စကားကိုအကြားမှာ ကျွန်မရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။ ခေါင်းထဲကပင် မူးချင်သလိုလို၊ ဝေချင်သလိုလို။ သြော်...အခုမှပဲ ကျွန်မ၏အမေ ဘာကြောင့် ကောင်းကောင်းမွန်မွန် အစားအသောက်များကို မကြိုက်ဟုဆိုကာ ငြင်းဆန်တတ်သလဲ ဆိုသည့်အဖြေကို ကျွန်မသိခွင့်ရလိုက်သည်။ ကျွန်မချက်သည့်ဟင်းများကို အမေဘာကြောင့်မစားသလဲ ဆိုသည့်အဖြေကိုလည်း ကျွန်မသိလိုက်ရပြီ။ ယခုမှပင် အမေဆိုသည်မှာ အကောင်းမကြိုက်တတ်သည့် အမျိုးပါလားဟုတွေးမိရင်း ကျွန်မရင်တွင်းမှာ ဟာလာဟင်းလင်းကြီး ဖြစ်နေမိသည်။ ငါးကင်စားနေသည့် သားနှင့်သမီးကိုကြည့်၍ ပီတိဝေနေသော ကျွန်မ၏ အိမ်ဦးနတ်ကြီးကတော့ ကျွန်မကို သည်လို မှတ်ချက်ပေးပါသည်။

"ညည်းအမေက ငါးကြော်မကြိုက်တဲ့ ကြောင်မိုက်ကြီးလေ"

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၀၃၇၀ စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

ရွှေဘို မေ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၀၃၇၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၀၃၇၀ စိုက်ပျိုးရန်အတွက် လျာထားပြီး မေလစတုတ္ထပတ်တွင် စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ ယခုလက်ရှိ မြေပဲများ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ မြေပဲဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပေးပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း တီလားဗီးယားငါးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ မေ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း တီလားဗီးယားငါး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မတ်လအတွင်းက တီလားဗီးယားငါး ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလအတွင်း တီလားဗီးယားငါးပိဿာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တီလားဗီးယားငါး တစ်ပိဿာလျှင် အရွယ်အစားပေါ်မူတည်၍ ငွေကျပ် ၁၄၀၀၀ မှ ၁၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေ တီလားဗီးယားငါးတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဧပြီလအတွင်း တီလားဗီးယားငါး အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ မေလထဲမှာလဲ ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခုလို ငါးတွေ အရောင်းအဝယ် ကောင်းလာတော့ ငါးလုပ်ငန်းနဲ့ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။



ဖျာပုံမြို့နယ်တွင် တီလားဗီးယားငါးများ အပါအဝင် ရေထွက်ကုန်ပစ္စည်းများကို ပွဲရုံပိုင်ရှင်များက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# နမ့်စန်မြို့နယ် လွယ်ကပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နမ့်စန် မေ ၁၁

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွယ်ကပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက ကျေးရွာ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လွယ်ကပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၆၀ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သံသာ

## လက်တွဲတူညီ ပန်းတိုင်ဆီ

- မိုးသက်မုန်တိုင်း ကဆုန်စိုင်း၍
ဘုံတိုင်းရှစ်ခွင် လေပြင်းနှင်သော်
တစ်ပင်ထီးတည်း သစ်ပင်ကြီးသည်
ခိုင်ဖီးသန်မာ ရှိနေပါလည်း
ကွယ်ကာကင်းဝေး လေဒဏ်ဘေးကြောင့်
မာန်သွေးပျက်ကာ ကျိုးပဲ့နာ၍
မြေမှာလဲကျ မြင်ပါရခဲ့။

- တောင်စဉ်တောင်တန်း တောင်ခါးပန်းနှင့်
ချောင်ဝှမ်းအငူ တောင်ကမူဝယ်
မျိုးတူမျိုးကွဲ ပေါင်းစုတွဲ၍
မခွဲတူယှဉ် ထိုသစ်ပင်တို့
လျှပ်၏ဒဏ် မိုးပြင်းဒဏ်နှင့်
လေဒဏ်ခံရဲ သတ္တိခွဲဖြင့်
မလဲကေန် အောင်ပွဲခံသို့။

- ကရင်ကယန်း ကချင်ရှမ်းနှင့်
မွန်ကမ်းလက်တွေ ရခိုင်မြေဝယ်
ချင်းဆွေ နာဂ ပအိုဝ့်လှတို့
မြန်မာ့အားလေ ကယားမေနှင့်
မသွေစုပြား တစ်သုံးငါးရှိ။

- ဒီမိုကရေစီ လမ်းကြောင်းဆီသို့
ဦးတည်ရွေ့လျား မြန်ပြည်သားတို့
ခွဲခြားအယူ သွေဖည်မှုကို
ညီတူပေါင်းစည်း ရှေ့ခရီးဝယ်
တစ်စီးဆန်လှေ ဝဲဗွက်ရေအား
လက်တွေတွဲဆင့် ရွေ့ရှက်လွှင့်၍
တက်မြင့်လျော်စေ ညီညွတ်လေမှ
တို့တွေမျှော်မှန်း အောင်စခန်းမှာ
ငြိမ်းချမ်းမသွေ မြဲမြဲပေလိမ့်။ ။

ကိုမောင်လှသိန်း(ညိုမြတို့ရွာ)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ရည်ရွယ်ချက်ကောင်း တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း

ပညာရေးဆိုသောစကားသည် လက်တင်ဘာသာစကား Educate မှ ဆင်းသက်လာပြီး အဓိပ္ပာယ်မှာ "ဦးဆောင်ဦးရွက်ပြုခြင်း၊ ရှေ့ဆောင်လမ်းပြခြင်း" ဆိုသည့် သဘောကိုဆောင်သည်။ ၎င်းသည်လူမှုသိပ္ပံပညာရပ်တစ်ခုဖြစ်ပြီး သင်ကြားခြင်း၊ သင်ယူခြင်းတို့နှင့် ဆက်နွှယ်နေသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ တစ်နည်းအားဖြင့် လက်ဆုပ်လက်ကိုင်မပြနိုင်သည့် နက်နဲသိမ်မွေ့သော အသိပညာဆိုင်ရာ ဗဟုသုတများ၊ စိတ်ကူးများ၊ စွမ်းဆောင်နိုင်ရည်များနှင့် ကိုယ်ကျင့်တရားစသည်တို့ကိုသင်ကြားပေးခြင်းဖြစ်သည်။ ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးနှင့် လူ့အဖွဲ့အစည်း တိုးတက်ရေးအတွက် အခြေခံကျပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးဆုံး ဒေါက်တိုင်တစ်ခုဖြစ်သည်။ ပညာရေးတွင် မျိုးဆက်တစ်ဆက်မှ နောက်မျိုးဆက် တစ်ဆက်သို့ အဆင့်ဆင့် လက်ဆင့်ကမ်းနိုင်မည့် ပန်းတိုင်လည်း ရှိရမည်။ ပညာရေးနယ်ပယ်တွင် မည်သည့်စနစ်သည် အထိရောက်ဆုံးဖြစ်သည်၊ အသိပညာ ရရှိစေရန်မည်သို့ သင်ကြားပေးသင့်သည်၊ မည်သည့်အတတ်ပညာသည် အဆီလျော်ဆုံးဖြစ်မည်၊ ရရှိပြီးပညာရပ်ကိုမည်ကဲ့သို့ ဆက်လက်ထိန်းသိမ်းရမည် ဆိုသောအချက်များကို အလေးထားစဉ်းစားရပါမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပညာရေးကဏ္ဍကို ပိုမိုမြှင့်တင်ပေးလျက်ရှိသည်။ အသိပညာနှင့်အတတ်ပညာပြည့်စုံသည့် လူချွန်လူကောင်းများဖြင့်သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီး တည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်။ အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်နေသည်။ အမျိုးသားပညာရည်မြင့်မားရေးနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်ထိ သတ်မှတ်ခဲ့ရာ နှစ်တိုငါးနှစ်စီမံကိန်းကာလ ခြောက်ခုပိုင်းခွဲခြား၍အကောင်အထည်ဖော်လျက်ရှိသည်။ ယခုအခါ KG မှစတင်ပြီး G-12 ထိ အတန်းများသင်ကြားပို့ချနေပြီဖြစ်သည်။

တိုးတက်ပြောင်းလဲလာသည့်ကမ္ဘာ့အခြေအနေတွင် နိုင်ငံသားတစ်ဦးသည်အနည်းဆုံး အခြေခံပညာအလယ်တန်းအဆင့်ထိ တတ်မြောက်သင့်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်သူတစ်ဦးတစ်ယောက်ချင်းစီသည် KG+9 အတန်းထိ ပညာသင်ကြားရေးဦးတည်ချက်ကို ချမှတ်ထားသည်။

ပညာရေးကဏ္ဍတိုးတက်ရေးတွင်စာသင်ကျောင်းဆိုသည်ကလည်းရှိရမည်။ စာသင်ကျောင်းဆိုသည်မှာ ကလေးများစုဝေးပြီး စနစ်တကျပညာသင်ပေးသည့်ဌာနကို ခေါ်ဆိုကြသည်။ ကမ္ဘာပေါ်တွင် ပညာသင်ကြားပေးရန် နည်းလမ်းအမျိုးမျိုးရှာဖွေရာမှ စာသင်ကျောင်းဟူ၍ပေါ်ပေါက်လာသည်။ ၎င်းတို့သည်မှာ လူသားများ၏ လိုအပ်ချက်ကို ကလေးဘဝမှစတင်၍ နည်းလမ်းအမျိုးမျိုးဖြင့် ပညာပေးဝေသော နေရာတစ်ခုဖြစ်သည်။ ထို့ကြောင့် ကျောင်းနေခြင်းဆိုသည့် ယဉ်ကျေးမှုသည် ကမ္ဘာပေါ်တွင် ထွန်းကားလာသည်။ စာသင်ကြားရာတွင် ကျောင်းသင်ခန်းစာများ သင်ယူမှု၊ ကျောင်းပြင်ပသင်ယူမှုနှင့် အတွေ့အကြုံများမှ ကိုယ်တိုင် လေ့လာသင်ယူမှုဟူ၍ သုံးမျိုးရှိသည်။ ထိုသုံးမျိုးဖြင့် ဘဝတစ်သက်တာ လေ့လာသင်ယူသွားကြရမည်ဖြစ်ရာ စာသင်ကျောင်းများသည် အနာဂတ် နိုင်ငံတော်အတွက် အားထားရသော ပညာရေး အင်အားစုကို မွေးထုတ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် အားထားရသော ပညာရေး အင်အားစုများ ပေါ်ထွန်းလာရေးအတွက် တပ်မတော်အနေဖြင့် တပ်မတော်လူငယ်ပညာရေး သင်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းအဆင့်ကိုသင်ကြားပေးသွားမည်ဖြစ်သည်။ အထူးသဖြင့် တပ်မတော်သားမိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များနှင့် ပြင်ပတွင် ကျောင်းနေရန် အခက်အခဲရှိသူများအတွက် ရည်ရွယ်သည်။ အမှတ် (၁) တပ်မတော်လူငယ်ပညာရေး သင်တန်းကျောင်း (ရဲမွန်) နှင့်အမှတ် (၂) တပ်မတော် လူငယ်ပညာရေးသင်တန်းကျောင်း (နေပြည်တော်) တို့တွင် တက်ရောက်နိုင်ရန် ကျောင်းသားသစ်များ ခေါ်ယူလျက်ရှိသည်။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှ စတင်၍ အခြေခံပညာ အထက်တန်းဆင့် Grade-10၊ Grade-11 နှင့် Grade-12 အတန်းပညာများကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

> ❖ မြန်မာနိုင်ငံတွင် အားထားရသော ပညာရေးအင်အားစုများ ပေါ်ထွန်းလာရေးအတွက် တပ်မတော်အနေဖြင့် တပ်မတော်လူငယ် ပညာရေးသင်တန်းကျောင်းများတွင် အခြေခံပညာ အထက်တန်း အဆင့်ကို သင်ကြားပေးသွားမည်ဖြစ်သည်။ အထူးသဖြင့် တပ်မတော်သားမိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ နှင့် ပြင်ပတွင် ကျောင်းနေရန် အခက်အခဲရှိသူများအတွက် ရည်ရွယ်သည်။ အမှတ် (၁) တပ်မတော်လူငယ်ပညာရေး သင်တန်းကျောင်း (ရဲမွန်) နှင့် အမှတ် (၂) တပ်မတော် လူငယ် ပညာရေးသင်တန်းကျောင်း (နေပြည်တော်) တို့တွင် တက်ရောက်နိုင်ရန် ကျောင်းသားသစ်များ ခေါ်ယူလျက်ရှိသည်။ ❖

တပ်မတော်ပညာရေးကျောင်းများမှတက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ကျောင်းသားများသည် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက တပ်မတော်ဆိုင်ရာ တက္ကသိုလ်နှင့်သိပ္ပံများသို့ လျှောက်ထားခွင့်ရှိသည်။ ထို့ပြင် အင်ဂျင်နီယာသင်တန်း၊ ကွန်ပျူတာ ဒီပလိုမာတပ်ကြပ်ကြီး၊ စာရေးသင်တန်းနှင့် တပ်မတော်ဆေးဘက်ဆိုင်ရာ ပညာသင်ကျောင်းများ၌ ဖွင့်လှစ်သည့်တတိယအဆင့် ဆေးလက်ထောက်သင်တန်း (အထူး) သို့လျှောက်ထားခွင့်ရှိကြောင်း သိရှိရသည်။

တပ်မတော်မှ အဆိုပါ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများ ဖွင့်လှစ်ပေးခြင်းအားဖြင့် ပညာသင်ကြားမှု အခွင့်အလမ်းများ တိုးတက်လာမည်။ ပညာရေး တစ်ပိုင်းတစ်စဖြစ်နေသည့်လူငယ်များအတွက် ရွေးချယ်စရာလမ်းကြောင်းသစ်တစ်ခုကိုရရှိစေသည်။ အထူးသဖြင့် ဝေးလံသောဒေသများမှ လူငယ်များနှင့် မိသားစုကျောထောက်နောက်ခံအခက်အခဲရှိသူများအတွက် အခမဲ့ပညာသင်ကြားခွင့်ကို ရရှိစေသည်။ နိုင်ငံတော်၏ "အားလုံးအကျုံးဝင်သော ပညာရေး" (Inclusive Education) ကို အထောက်အကူပြုပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ပညာမသင်နိုင်သည့် လူငယ်များကို Grade -10 မှ Grade -12 ထိ သင်ကြားပေးသဖြင့် နိုင်ငံသားများ၏ ပညာအရည်အချင်းကို တိုးတက်စေသည်။ စနစ်ကျသည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်သည်။ တပ်မတော်၏ လေ့ကျင့်ရေးစနစ်သည် စည်းကမ်းကောင်းမှုအပေါ်အခြေခံသည့်အတွက် လူငယ်များအနေဖြင့် အခြေခံပညာ အထက်တန်းဘာသာရပ်များအပြင် ကိုယ်ကျင့်တရား၊ စည်းကမ်းလိုက်နာမှုနှင့် အချိန်စီမံခန့်ခွဲမှုစသည့် အရည်အချင်းကောင်းများကို ငယ်စဉ်ကတည်းက လေ့ကျင့်ပေးမှုကိုရရှိပါသည်။ ဤကျောင်းများမှ ပညာသင်ယူမှုပြီးမြောက်သူများသည် တပ်မတော်အတွင်း သို့မဟုတ် နိုင်ငံ့ဝန်ထမ်းအဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် အခွင့်အလမ်းများ ရရှိပါမည်။ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ရာထူးအဆင့်ဆင့်တိုးမြှင့်နိုင်သည့် ခိုင်မာသောအသက်မွေးဝမ်းကျောင်းကိုရရှိပါမည်။ အဖွဲ့အစည်းဖြင့် လုပ်ကိုင်တတ်ခြင်းကို သင်ကြားပေးသဖြင့် ဦးဆောင်နိုင်စွမ်းကိုရရှိစေသည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံ၍သင်ကြားပေးမည်ဖြစ်ရာ မိမိနိုင်ငံ၊ မိမိလူမျိုးအပေါ် တန်ဖိုးထားတတ်သည့်စိတ်ဓာတ်များ ကိန်းအောင်းလာစေကာ အနာဂတ်တွင် တာဝန်သိစိတ်ရှိသော နိုင်ငံသားကောင်းများဖြစ်လာပါမည်။ စည်းကမ်းရှိသော ပညာတတ်လူငယ်များ ပေါ်ထွန်းလာခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်အကျိုးကျေးဇူးကိုရရှိစေသည်။ တပ်မတော်ပညာရေးကျောင်းများတွင် ကာယပညာနှင့်အားကစားကဏ္ဍကို အလေးထားသင်ကြားပေးလေ့ရှိရာ လူငယ်များ၏ ကျန်းမာကြံ့ခိုင်မှုနှင့်အားကစားတွင် ထူးချွန်သူများပေါ်ထွက်လာစေပါမည်။ ဤစီမံကိန်းသည် လူငယ်များအတွက် အခွင့်အလမ်းသစ်တစ်ခုဖြစ်ပြီး နိုင်ငံတော်အတွက်လိုအပ်သော ပညာတတ်စစ်သည်တော်များနှင့် အရည်အချင်းရှိသော လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရာ ရောက်ပါသည်။ ထို့ပြင် အဆိုပါသင်တန်းကျောင်းများတွင် တက်ရောက်ရန် ရည်မှန်းထားသော လူငယ်များအနေဖြင့် ကိုယ်ရည်ကိုယ်သွေးနှင့်စွမ်းဆောင်ရည် ရှိရန်လိုအပ်သည်။ အမိန့်နှင့်စည်းကမ်းကို လေးစားလိုက်နာတတ်သည့် အလေ့အကျင့်ရှိရပါမည်။ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူဖြစ်ရမည်။

အချုပ်အားဖြင့်ဆိုရလျှင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ပညာရေးကဏ္ဍသည်အရေးပါလျက်ရှိသည်။ တပ်မတော်သည် မြန်မာ့လူငယ်များ ပညာရည် တိုးတက်မြင့်မားစေရန် တပ်မတော်လူငယ်ပညာရေး သင်တန်းကျောင်းများတွင် Grade -10 မှ Grade -12 ထိ သင်ကြားပေးသွားမည်ဖြစ်သည်။ မွေးထုတ်ပေးလိုက်သော လူငယ်များသည် မိမိတို့၏ အခွင့်အရေးနှင့်တာဝန်များကို သိရှိနားလည်ပြီး ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်သော နိုင်ငံသားကောင်းများ ဖြစ်လာကြမည်။ နောင်တစ်ချိန်တွင် နိုင်ငံတော်ကို ဦးဆောင်မည့် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော ခေါင်းဆောင်ကောင်းများ ဖြစ်လာကြပါမည်။ နည်းပညာနှင့်တီထွင်ဖန်တီးနိုင်စွမ်းတို့ မြင့်မားလာပြီး နိုင်ငံတော်ကို ခေတ်မီတိုးတက်အောင် လုပ်ဆောင်နိုင်ကြမည်ဖြစ်ရာ ရည်ရွယ်ချက်ကောင်းများဖြင့် ဖွင့်လှစ်ထားရှိသော တပ်မတော်လူငယ်ပညာရေး သင်တန်းကျောင်းများ၏ဖွင့်လှစ်မှုကို ကြိုဆိုပါကြောင်း ဝမ်းမြောက်စွာ ရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၄-၅-၂၀၂၆ ရက်နေ့ထုတ် မြဝတီ သတင်းစာ။

**စိန်ငွေးလှိုင်(ပခုက္ကူ)**


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# အဓမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာ အသိပညာပေး

## တိုင်ကြားခြင်းဖြင့်မည်ကဲ့သို့သောရလဒ်များ ပေါ်ပေါက်လာနိုင်ပါသလဲ

အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား(NCM)ထူထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ အဓမ္မခိုင်းစေမှုရှိပါက ပြည်သူများအနေဖြင့် အလွယ်တကူတိုင်ကြားနိုင်ရန်နှင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို ထိရောက်စွာ အရေးယူဖြေရှင်းနိုင်ရန် ဖြစ်ပါသည်။ ဤတိုင်ကြားပုံနည်းစနစ် တည်ရှိမှုနှင့်လုပ်ငန်းဆောင်ရွက်မှုသည် အဆိုပါရည်ရွယ်ချက်ကို ရှေ့ရှု၍ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ထို့အပြင် သင်၏ တိုင်ကြားမှုသည် မှန်ကန်ကြောင်း စုံစမ်းပေါ်ပေါက်ပါက သင့်အနေဖြင့် တစ်နည်းတစ်ဖုံ တရားမျှတမှုနှင့် နောက်နောင် ဤသို့ထပ်မံမဖြစ်ပွားတော့ဆိုသည့် အသိအမြင်ရရှိစေခြင်း သို့မဟုတ် အဓမ္မခိုင်းစေသူ၏ လုပ်ရပ်များအတွက် ထိုက်သင့်သော ပြစ်ဒဏ်ပေးပြီးဖြစ်ကြောင်း ကျေနပ်မှုရစေခြင်းတို့ကို မျှော်လင့်နိုင်ပါသည်။




## တိုင်ကြားမှုပြုလုပ်ရန် မည်သူ့ကိုဆက်သွယ်ရမည်နည်း

ပဏာမအားဖြင့် ရပ်ကွက်/ကျေးရွာ၊ မြို့နယ် (သို့မဟုတ်)ခရိုင်အဆင့်ရှိ ဒေသခံအုပ်ချုပ်ရေး အဖွဲ့အစည်းများထံတိုင်ကြားလျှင် သင့်လျော်မည်ဟုထင်မြင်ယူဆလျှင် ထိုသို့တိုင်ကြားမှုပြုလုပ်နိုင်ပါသည်။ အဓမ္မစစ်မှုထမ်းစေခြင်း သို့မဟုတ် အသက်မပြည့်သော ကလေးသူငယ်များအား စစ်မှုထမ်းစေသောကိစ္စရပ်များတွင် စိုးရိမ်မကင်းဖြစ်မှုကိုနီးစပ်ရာ တပ်သားသစ်စုဆောင်းရေးစခန်း၊ စစ်အခြေခံလေ့ကျင့်ရေးကျောင်း သို့မဟုတ် နီးစပ်ရာတပ်စခန်းသို့ တင်ပြနိုင်ပါသည်။

အကယ်၍ အထက်ပါအကြံပြုချက်သည် သင့်အတွက် မသင့်လျော်ဟုထင်မြင်ပါက သို့မဟုတ် အဆိုပါတိုင်ကြားမှုနှင့် စပ်လျဉ်းသော တုံ့ပြန်ဆောင်ရွက်ပေးမှုအပေါ် အားရကျေနပ်မှုမရှိပါက သက်ဆိုင်သော အချက်အလက် အထောက်အထားများဖြင့် တိုင်ကြားချက်ကို အောက်ပါအတိုင်းလိပ်မူပေးပို့နိုင်ပါသည်။

အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ
တိုင်ကြားမှုယန္တရား
(National Complaint Mechanism-NCM)
ဖုန်း- ၀၆၇-၃၄၃၀၀၉၀၊ ၀၆၇-၃၄၃၀၂၇၃၊
၀၆၇-၃၄၃၀၄၃၆
E-mail directorgeneral.dol@gmail.com
moloffice51@gmail.com
organizationresearch25@gmail.com

## အဓမ္မခိုင်းစေမှုပပျောက်ရေး

မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုလုံးဝပပျောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၀၇ ခုနှစ်မှစတင်၍ ILO နှင့်ပူးပေါင်း၍ တိုင်ကြားမှုယန္တရားထူထောင်ပြီး အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်ကာ ၂၀၂၀ ပြည့်နှစ်မှစတင်၍ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM) မှအဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

## အဓမ္မခိုင်းစေမှုဆိုသည်မှာအဘယ်နည်း

အဓမ္မခိုင်းစေမှုဆိုသည်မှာ လူတစ်ဦးတစ်ယောက်အား အလုပ်တစ်ခုကို ထိုသူမပြုလုပ်ပါက (သို့မဟုတ်) မလိုက်နာပါက တစ်စုံတစ်ရာ အပြစ်ပေးခံရမည်ဟူသော ခြိမ်းခြောက်မှုဖြင့် ထိုသူ၏ဆန္ဒမပါဘဲ ဥပဒေနှင့်ဆန့်ကျင်၍ခိုင်းစေသောအလုပ်မျိုးကိုခေါ်ပါသည်။ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်များသည် အဓမ္မခိုင်းစေမှုကျင့်သုံးခြင်းကိုလည်းကောင်း၊ အသက်(၁၈)နှစ်အောက်ကလေးသူငယ်များအား တပ်မတော်အတွင်းသို့ စုဆောင်းမှုကိုလည်းကောင်းတားမြစ်ထားပါသည်။

## မည်ကဲ့သို့တိုင်ကြားနိုင်ပါသနည်း

သင်တိုင်ကြားနိုင်သော နည်းလမ်းများစွာရှိပါသည်။ အကယ်၍ အခြေအနေပေးပါက သင့်အနေနှင့်ပဏာမတိုင်ကြားမှုကို ရပ်ကွက်/ကျေးရွာ၊ မြို့နယ်(သို့မဟုတ်) ခရိုင်အဆင့်ရှိ သင်၏ဒေသခံအုပ်ချုပ်ရေး အဖွဲ့အစည်းများမှတစ်ဆင့်တိုင်ကြားနိုင်ပါသည်။ (သို့မဟုတ်) နီးစပ်ရာတပ်သားသစ်စုဆောင်းရေး စခန်းများတွင် စုံစမ်းမှုပြုလုပ်နိုင်ပါသည်။ အထက်ပါနည်းလမ်းသည် အဆင်မပြေပါက (သို့မဟုတ်) မနှစ်သက်ပါက အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM)သို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

## တိုင်ကြားမှုပြုလုပ်ရန် လုံခြုံမှုရှိပါသလား

တိုင်ကြားမှုကိုအကြောင်းပြု၍ တိုင်ကြားသူများ၊ တိုင်ကြားမှုနှင့် ဆက်နွှယ်နေသူများနှင့် အဓမ္မခိုင်းစေခံရသူများအား အနှောင့်အယှက်ပေးခြင်း၊ တရားစွဲဆိုခြင်း၊ တန်ပြန်အရေးယူခြင်းတို့ကို NCM မှ အကာအကွယ်ပေးထားပါသည်။ NCM သည်တန်ပြန်အရေးယူခြင်းမရှိသည်ကိုမှန်ကန်ကြောင်း အတည်ပြုရန်အလို့ငှာ အဓမ္မခိုင်းစေခံရသူများ၊ တိုင်ကြားသူ(များ)၊ သူ/သူမ၏ကိုယ်စားလှယ် (များ) (သို့မဟုတ်) အခြားသော သက်ဆိုင်ရာပုဂ္ဂိုလ်(များ)နှင့် လွတ်လပ်စွာနှင့်လျှို့ဝှက်စွာဆက်သွယ်ခွင့်ရှိပါသည်။

## မည်သူတို့က တိုင်ကြားနိုင်ပါသနည်း

မြန်မာနိုင်ငံတွင် နေထိုင်သူ တစ်ဦးဖြစ်သည့် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးမှတိုင်ကြားနိုင်ပါသည်-

၁။ အဓမ္မခိုင်းစေခံရသူ (သို့မဟုတ်)
၂။ အဓမ္မခိုင်းစေခံရသူ၏ ဆွေမျိုးသားချင်း (သို့မဟုတ်)
၃။ အခြားသက်ဆိုင်သောပုဂ္ဂိုလ်

## တိုင်ကြားမှုသည် လျှို့ဝှက်လုံခြုံမှုရှိပါသလား

တိုင်ကြားမှုတစ်ခုအား ပြုလုပ်သည့်အချိန်တွင် သင့်အနေဖြင့် သင်သည်မည်သူဖြစ်သည်ကို အသေးစိတ်ဖော်ပြရမည်။ သို့ရာတွင်သင်၏ တောင်းဆိုချက်အရ NCM မှ သင်မည်သူဆိုသည်ကို လျှို့ဝှက်ထားနိုင်ပါသည်။ စုံစမ်းစစ်ဆေးမှု အောင်မြင်အဆင်ပြေရန် အလို့ငှာဖြစ်နိုင်ပါက အဓမ္မခိုင်းစေသူသည် မည်သူဖြစ်ကြောင်း ဖွင့်ဟပြောပြသင့်ပါသည်။

ထွက်ဆိုချက်များနှင့် အခြားသက်ဆိုင်သော အထောက်အထား စာရွက်စာတမ်းများ (ရှိခဲ့လျှင်)ကို ဓမ္မဓိဋ္ဌာန်ကျစွာ စစ်ဆေးသွားမည့်အပြင် လျှို့ဝှက်ထားရှိမှုနှင့် စပ်လျဉ်းသည့် စိုးရိမ်မကင်းဖြစ်မှုများအား ပပျောက်သွားသည်အထိ တိုင်ကြားချက်မပြုလုပ်မီရှင်းပြသွားမည်ဖြစ်ပါသည်။

## တိုင်ကြားပုံနည်းစနစ်အရ မည်သို့ဆောင်ရွက်သနည်း

တိုင်ကြားမှုတစ်ခုကို လက်ခံရရှိသည့်အခါ တင်ပြထားသော အချက်အလက်များအား ဓမ္မဓိဋ္ဌာန်ကျသော အကဲဖြတ်မှုတစ်စုံတစ်ရာ မပြီးဆုံးမီ အသေးစိတ်အချက်အလက်များအားရှင်းလင်းစေရန် လိုအပ်ပါက NCM မှ တိုင်ကြားသူနှင့် တွေ့ဆုံမှုပြုလုပ်ရန် စီစဉ်ရမည် (သို့မဟုတ်) သင့်လျော်ပါက တိုင်ကြားမှုပြုလုပ်သည့် ဒေသသို့ သွားရောက်၍ ဆန်းစစ်မှုပြုလုပ်ရမည်။

တိုင်ကြားမှုတစ်ခုအား လက်ခံရရှိသည့်အခါ NCM ရုံးအဖွဲ့သည် အချက်အလက်များမှန်ကန်မှု ရှိ၊မရှိစိစစ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့်သင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။



# ရေးဟန်

**စာချစ်သူတစ်ဦး**

"စာမေးပွဲနဲ့ပတ်သက်လို့ ကျင့်သုံးတဲ့မူက အောင်သင့်တဲ့သူ မကျစေနဲ့၊ ကျသင့်တဲ့သူ မအောင်စေနဲ့ဆိုတဲ့မူပဲ"

"အောင်သင့်တဲ့သူတစ်ယောက်ကျသွားရင် သူ့ကို မတရားလုပ်ရာကျတယ်။ ကျသင့်တဲ့သူတစ်ယောက် အောင်သွားရင် ကျောင်းသားအားလုံးကို မတရားလုပ်ရာကျတယ်လို့ ခံယူတယ်။ ဒီမူအတိုင်း ကျင့်သုံးတယ်"

ပါမောက္ခဒေါက်တာခင်အေး
(မောင်ခင်မင်(ဓနုဖြူ)၁၉၄၂-၂၀၂၅)
(ဆူးခင်းလမ်းကို လျှောက်ခဲ့ရ။ စာ-၁၁၅)

**နိဒါန်း**

စာပေအရေးအသားမှာ အခြေခံသဘောမတူဘဲ ကွဲပြားကြတဲ့အရာနှစ်ခုရှိနေပါတယ်။ တစ်ခုက စကားပြေ၊ နောက်တစ်ခုက ကဗျာလင်္ကာပါ။ စကားပြေဆိုတာ လူအများနားလည်လွယ်အောင် ရေးရတယ်။

ကဗျာလင်္ကာဆိုတာ ဖတ်သူကို ခံစားရအောင် ရေးဖွဲ့သီကုံးရတယ်။ တေးသီချင်းဆိုတာ ကဗျာလင်္ကာကို အသံ၊ သံစဉ်နဲ့ စည်းဝါးထည့်ပြီး သီဆိုတီးမှုတ်ခြင်းပါ။ ထင်ရှားအောင် သာဓကပြရရင် ဆရာဇော်ဂျီရဲ့ ပန်းပန်လျက်ပဲကို စန္ဒရားချစ်ဆွေက ပန်းပန်လျက်ပါရုပ်ရှင်မှာ ကြည်ကြည်ဌေး အငြိမ့်သီချင်းအနေနဲ့ သီဆိုရအောင် ကဗျာကို တေးသီချင်းအဖြစ် ပြောင်းလဲခဲ့တာကိုကြည့်ပါ။ ဆရာမင်းသုဝဏ်ရဲ့ နှင်းဆီပွင့်ကဗျာကို စန္ဒရားလှထွန်းက သုမောင်ဆိုတဲ့ ရုပ်ရှင်နောက်ခံသီချင်းအနေနဲ့ သီဆိုစေခဲ့တာလေ။ ဆရာကန်မြဲအေးကျော် ရေးဖွဲ့ခဲ့တဲ့ ရုပ်သေးပွဲသွားရအောင် သီချင်းအနေနဲ့ အဆိုတော်ခင်အုန်းမြင့်လေး သီဆိုနိုင်အောင် လင်းခေးလှုင်က မူရင်းကဗျာကို ပြောင်းလဲလိုက်ပုံကြည့်နိုင်တယ်။ စာလုံးတစ်လုံးမှမပြင်ဘူး၊ မဖြည့်ဘူး။ စည်းဝါးတကျသံစဉ်ဂီတဖြစ်သွားတယ်နော်။

စကားပြေကို ကဗျာဆန်လွန်းပါက မိန်းမလျာအမူအရာလို ကြည့်လို့မကောင်း။ ကဗျာကို ကာရန်နဘေမပါစေဘဲ လင်္ကာဖွဲ့ပါက မိန်းကလေးက ယောကျ်ားလျာလို ကော့ကော့ကားကားလုပ်ပုံမျိုးနဲ့ မသင့်လျော်။

**လက္ခဏာ**

စကားပြေကစကားပြေလက္ခဏာ၊ အရည်အချင်းရှိရပါတယ်။ ကဗျာဆိုရင်လဲ ကဗျာပီသတဲ့လက္ခဏာအရည်အချင်းရှိရပါမယ်။ ကဗျာဆိုတာက လူတိုင်းမဖန်တီးနိုင်ပါ။ စကားပြေဆိုတာကတော့ လူတိုင်းနဲ့မကင်းနိုင်အောင် ရုံးသုံး၊ အိမ်သုံး၊ ကျောင်းသုံး၊ အရပ်သုံး ဆက်သွယ်အသုံးပြုနေရတာမို့ အသုံးချတန်ဖိုးသဘောအရ ပိုပြီးနားလည်သိမြင်သင့်ပါတယ်။ တတ်မြောက်ကျွမ်းကျင်လေလေ မှန်ကန်ထိရောက်လေလေဖြစ်ပါတယ်။

ကောင်းပါပြီ။ စာရေးသူအနေနဲ့ ဆရာ၊ ဆရာမများကော ကျောင်းသား၊ ကျောင်းသူများပါ အလုပ်ခွင်က ရုံးသူ၊ ရုံးသားများအပါအဝင် အလွှာမရွေး၊ နေရာမရွေး၊ လူတိုင်းအတွက် သင့်တော်တဲ့ မြန်မာစာ၊ စကားပြေကျမ်းစာအုပ်တစ်အုပ် ပြောပြပေးပါဆိုရင်တော့ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနတွင် ပါမောက္ခတာဝန် ခြောက်နှစ်ကျော်ထမ်းဆောင်သွားခဲ့တဲ့ ဒေါက်တာဦးခင်အေး(၁၉၄၂-၂၀၂၅) ၁၉၇၉ ခုနှစ်က ရေးသားခဲ့တဲ့ **"စကားပြေသဘောတရား စကားပြေအတတ်ပညာ"**ဆိုတဲ့စာအုပ်ကို ဖတ်ရှုလေ့လာသင့်တယ်လို့ ဖြေပါမယ်။ လွန်ခဲ့တဲ့ ၄၇ နှစ်ဆီက ပြုစုခဲ့တာဖြစ်ပေမဲ့ ၁၀ ကြိမ်မက အကြိမ်ကြိမ်ပြန်လည်ထုတ်ဝေနေလို့ ရှာရင်ရနိုင်ကောင်းပါတယ်။ **"ပညာရှင်တို့ဖတ်ရှုသင့်တယ်"**လို့ လန်ဒန်တက္ကသိုလ် ပါမောက္ခဒေါက်တာလှဖေက ချီးကျူးတဲ့စာအုပ်ဖြစ်ပါတယ်။ စကားပြေပုံစံအကြောင်းရေးရာမှာ ကိုးကားစရာစာအုပ် ၂၀၀ ကျော်ကို ဖတ်ရှုသုတေသနပြုပြီး ရေးခဲ့တဲ့ ကျမ်းတစ်ဆူပါ။

**အရေးပါ**

**"စကားပြေမထွန်းကားသောစာပေသည် အရေးကြီးအရာရောက်သောစာပေဟု မဆိုထိုက်ကြောင်း"** ဆရာကြီးဦးဖေမောင်တင်က ဆိုမိန့်ခဲ့ဖူးပါတယ်။

❖ ရေးဟန်သွင်ပြင်နဲ့ပတ်သက်ရင် ဒီသုံးချက်ရှိပါတယ်။ သိထားဖို့လိုတယ်- ၁။ ခေတ်ရဲ့သွင်ပြင် ၂။ ရေးသူရဲ့ပင်ကိုစရိုက် ၃။ ရေးသူရဲ့စေတနာ။ ရေးဟန်ကွဲပြားပုံက အောက်ပါအချက်များကြောင့် ကွာခြားသွားကြတာပဲ ဖြစ်ပါတယ်- ၁။ စာဖတ်သူ(ပစ်မှတ်ပရိသတ်ကွဲပြားခြားနား) ၂။ ရည်ရွယ်ချက် ၃။ အကြောင်းအရာ ၄။ အလင်္ကာ ၅။ လေသံ ၆။ နရီ(စည်းဝါး)စကားပြေကောင်းဖြစ်အောင် ယခင်က မသိသေးတာတွေကို ယခုလို တိတိကျကျနဲ့ရှင်းရှင်းလင်းလင်း၊ သဲသဲကွဲကွဲသိမြင်နားလည်လိုက်ရတော့ အများကြီးအသုံးကျပါပြီ။ ❖

ဆရာကြီးမင်းသုဝဏ်ကလည်း **"စကားပြေသည် လူမျိုး၏အသက်၊ လူမျိုး၏အားထားရာ၊ လူမျိုး၏ တန်ဆောင်ဆီမီးဖြစ်သည်"**လို့ ဆောင်ပုဒ်ပြုခဲ့ဖူးပါတယ်။ စာလုံးပေါင်းသတ်ပုံ၊ သဒ္ဒါလွဲမှားချွတ်ချော်စွာ မဆင်မခြင်၊ မိမိထင်ရာမြင်ရာ မရေးသင့်ပါ။ စကားပြေကောင်းရဲ့ လက္ခဏာအင်္ဂါရပ်တွေက ဘာလဲ။ စကားပြေရေးရင် သူ့မှာရှိသင့်ရှိထိုက်တဲ့ လက္ခဏာတွေရှိရပေလိမ့်မယ်။

၁။ **မှန်ကန်ရမယ်။** စာလုံးပေါင်း၊ သတ်ပုံ၊ သဒ္ဒါ၊ ရေးထုံး၊ ရည်ရွယ်ချက်၊ စကားလုံးရွေးချယ်မှုစသည်။

၂။ **ရှင်းလင်းရမယ်။** ရှင်းရှင်းလင်းလင်းတွေး၊ ရှင်းရှင်းလင်းလင်းရေးရင် ဖတ်သူမှာ နားရှင်းတာပေါ့။ ထိရောက်စေတာပေါ့။ ရေးပြီးရင် အသံထွက်ဖတ်၊ ပြန်စစ်၊ ထစ်နေရင်ပြင်၊ ထောက်နေရင်ပြင်။ စကားပြေဟာ ရှင်းလင်းရပါမယ်။

၃။ **တိကျရမယ်။** ဖတ်ရသူက ထပ်မေးလာစရာမလိုအောင် (က)ဘယ်သူ၊ (ခ)ဘယ်အချိန်၊ (ဂ)ဘယ်နေရာ၊ (ဃ)ဘာကြောင့်၊ (င)ဘာကို၊ (စ)ဘာလုပ်လဲဆိုတဲ့ အချက်ခြောက်ချက် ပြည့်ပြည့်စုံစုံ တိတိကျကျပါသင့်။

၄။ **ကျစ်လျစ်ရမယ်။** စာလုံး၊ ဝါကျ၊ စာပိုဒ်တွေ ထပ်ကာထပ်ကာမပါသင့်။ လိုရင်းကို တိုတိုနဲ့ရှင်းလင်းအောင်ရေးရင် အပိုတွေ၊ အကွန့်တွေ၊ မဆီမဆိုင်တွေ မပါစေရပါ။

၅။ **စကားပြေပါဆို၊ ပြေပြစ်ရမယ်။** စိတ်တိုနေရင်စာမရေးနဲ့၊ စာထဲမှာ ဒေါသသံမပါစေနဲ့။ စိတ်ထဲမှာအာရုံစူးစိုက်ပြီး မေတ္တာဓာတ်ပါရင် ပြေပြစ်စေပါတယ်။ ပြေပြေပြစ်ပြစ်ရေးပါ။ ကြည်လင်ချိုသာပါစေ။

၆။ **လိုက်ဖက်ရမယ်။** စကားပြေထဲမှာပါတဲ့ စကားလုံးတွေ၊ ဝါကျတွေ၊ စာပိုဒ်တွေဟာ ဆီလျော်လိုက်ဖက်ရပါမယ်။ စကားလုံးထဲက အရောင်အသွေးတွေဟာ လိုက်ဖက်ရမယ်။ ဖတ်သူရဲ့စိတ်ထဲမှာ ဆီလျော်သင့်တော်ပါပေတယ်။ လိုက်ဖက်တယ်လို့ နားလည်လက်ခံစေရမယ်။

ကိုယ်ရေးတဲ့စကားပြေမှာ ဒီခြောက်ချက်ပြည့်စုံရင် အသက်ဝင်တဲ့စကားပြေကောင်းလို့ ဆိုနိုင်ပါပြီ။ **(မှန် ရှင်း တိ ကျစ် ပြေပြစ် လိုက်ဖက်၊ ဤခြောက်ချက်၊ စကားပြေကောင်း အသက်)**

**ရေးဟန်သဘော**

ရေးဟန်သဘောကို အကျယ်မတင်ပြလိုပါ။ သိပြီးသား သို့မဟုတ် အကျယ်သိချင်ရင် ကိုယ်တိုင် ဒေါက်တာဦးခင်အေးရေးတဲ့ စကားပြေဆိုင်ရာစာအုပ်တွေကို ဆက်လက်ဖတ်ရှုပါလို့သာ ညွှန်းပါရစေ။

ရေးဟန်သဘောကို ဒီနေရာမှာတော့ မာတိကာ အညွှန်းသဘောလောက်သာ တင်ပြပါမယ်။

ရေးဟန်သွင်ပြင်နဲ့ပတ်သက်ရင် ဒီသုံးချက်ရှိပါတယ်။ သိထားဖို့လိုတယ်-

**၁။ ခေတ်ရဲ့သွင်ပြင်**
**၂။ ရေးသူရဲ့ ပင်ကိုစရိုက်**
**၃။ ရေးသူရဲ့စေတနာ**

**ရေးဟန်ကွဲပြားပုံ**

ရေးဟန်ကွဲပြားပုံက အောက်ပါအချက်များကြောင့် ကွာခြားသွားကြတာပဲဖြစ်ပါတယ်-

**၁။ စာဖတ်သူ(ပစ်မှတ်ပရိသတ်ကွဲပြားခြားနား)**
**၂။ ရည်ရွယ်ချက်**
**၃။ အကြောင်းအရာ**
**၄။ အလင်္ကာ**
**၅။ လေသံ**
**၆။ နရီ(စည်းဝါး)**

စကားပြေကောင်းဖြစ်အောင် ယခင်က မသိသေးတာတွေကို ယခုလို တိတိကျကျနဲ့ရှင်းရှင်းလင်းလင်း၊ သဲသဲကွဲကွဲသိမြင်နားလည်လိုက်ရတော့ အများကြီး အသုံးကျပါပြီ။

ဆရာကြီးမောင်ခင်မင်(ဓနုဖြူ) ရေးထားပုံလေးကို နမူနာကောက်ယူပြီး တင်ပြပါရစေ-

**နမူနာ**

(ပါမောက္ခကုလားထိုင်စာအုပ်။ **"မိုးလင်းမိုးချုပ်"** ဆိုတဲ့ အခန်းထဲမှ ကောက်နုတ်ချက်ပါ)

"မိုးလင်းမိုးချုပ် တစ်နေကုန်တစ်နေခန်းအလုပ်လုပ်ရတယ်ဆိုတဲ့စကားကို ပါမောက္ခဖြစ်တော့မှ ပိုပြီးသဘောပေါက်မိပါတယ်။ ကျွန်တော်ပါမောက္ခဖြစ်တဲ့ ခြောက်နှစ်ခွဲအတွင်း လုပ်ခဲ့ရတဲ့ **"မိုးလင်းမိုးချုပ်"**အလုပ်တွေကို ပြန်သတိရမိပါတယ်။

ကျွန်တော်က စာသင်ချင်သူမို့ အတန်းမပျက်အောင် မနက် ၈ နာရီ အတန်းတွေချည်း ယူထားတယ်။ အစည်းအဝေးနဲ့မတိုက်အောင်ပါ။ ဒါတောင် မနက်စောစောခေါ်တဲ့ အစည်းအဝေးသွားရရင် အတန်းပျက်ပါလေရော။ ပျက်သွားတဲ့အတန်းချိန်ကို သိပ်နှမြောပါတယ်။ မိုးလင်းတာနဲ့ ငါ့ကို အဆညက ဘယ်အချိန်ခေါ်မလဲလို့ တွေးတောရတယ်။ ဌာနကို သွားနေတုန်း ကားပေါ်မှာရှိသေးတယ် "ဆရာ အဆညကို အခုကြွပါ"ဆိုပြီး ဖုန်းဆက်ခေါ်တာမျိုး မကြာခဏကြုံရပါတယ်။

ဌာနမှာလုပ်စရာရှိတာလုပ်၊ စာသင်ချိန်ဝင်သင်၊ အစည်းအဝေးခေါ်ရင်ထသွား၊ ပြန်ရောက်တော့ လုပ်စရာရှိတာဆက်လုပ်နဲ့ အိမ်ပြန်ရောက်တော့ မိုးချုပ်စပြုနေပါပြီ။ တစ်နေကုန်လှုပ်ရှားခဲ့ရလို့ ပင်ပန်းပြီး တီဗီတောင်မကြည့်နိုင်တော့ပါဘူး။ စားသောက်ပြီး ခဏလောက်အိပ်ပြီးမှ ပြန်ထနိုင်တယ်။ ရန်ကုန်တက္ကသိုလ်ဝင်းထဲ မရောက်ခင်တော့ ဝင်းထဲမှာ လမ်းလျှောက်တဲ့သူတွေကိုအားကျပြီး "ငါတက္ကသိုလ်ဝင်းထဲမှာနေရရင် မနက်၊ ညနေမှာ မိသားစုနဲ့ အေးအေးဆေးဆေးလမ်းလျှောက်မယ်"လို့ တွေးထားပေမဲ့ မိုးလင်းက မိုးချုပ် လှုပ်ရှားရတာမို့ ကျွန်တော်နေခဲ့တဲ့ အဓိပတိလမ်း (အိမ်နံပါတ်-၃၀)၊ ခြံဝင်းထဲတောင် သိပ်မဆင်းဖြစ်ပါဘူး။

ဒီအိမ်ကြီးမှာနေခဲ့ရတဲ့အတွက်တော့ ကျေနပ်ပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ ပါမောက္ခဖြစ်လို့ အဲဒီအိမ်မှာနေခွင့်ရတာပါ။ အရင်ကတော့ စိတ်ကူးယဉ်ခဲ့ဖူးပါရဲ့။ "ကျွန်တော်တို့မိသားစုက အဲဒီပါမောက္ခအိမ်မျိုးမှာနေ၊ သမီးလေးက သုံးဘီးစက်ဘီးလေး ခြံထဲလျှောက်စီး"လို့ စိတ်ကူးယဉ်တာပါ။ တကယ်နေရတော့ သမီးက တက္ကသိုလ်ကျောင်းသူဖြစ်နေပြီမို့ သုံးဘီးစက်ဘီးစီးတဲ့အရွယ်မဟုတ်တော့ဘဲ ကားမောင်းပြီး ကျောင်းတက်တဲ့အရွယ်ဖြစ်နေတာတွေးရင်း ပြုံးမိပါတယ်။

(မွေးလာတဲ့ တစ်ဦးတည်းသော သမီးလေး အသက် လေး၊ ငါးနှစ် အရွယ်လောက်ရောက်ရင် ပါမောက္ခဖြစ်လာလေမလားလို့ စိတ်ကူးယဉ်တွေးတောမိဖူးပေမဲ့ ၁၅ နှစ်လောက်နောက်ကျပြီးမှ တော်ပါသေးရဲ့ ရန်ကုန်တက္ကသိုလ်မှာပဲ ပါမောက္ခဖြစ်လာရလို့၊ ဆရာကြီးဘဝကို ရင်းရင်းနှီးနှီးပြောပြသလို "မိုးလင်းမိုးချုပ်"အလုပ်လုပ်ခဲ့ရပုံလေးရေးပြထားပုံပါ။)

**စေတနာ**

တစ်ခါက ဆရာရေးဖူးတယ်။ ဆရာမြဇင် (အင်္ဂလိပ်စာကျွမ်းကျင်တဲ့ ညွှန်ချုပ်ဦးဝင်းဖေ)၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနလာဟောပြောစဉ်က **"ခင်ဗျားတို့မြန်မာစာတော်ချင်ရင် အင်္ဂလိပ်စာများများဖတ်ကြပါ"**လို့ ပြောသွားတာ သတိရတယ်တဲ့။ "အင်္ဂလိပ်စာကျွမ်းကျင်ရင် အင်္ဂလိပ်လိုရေးထားတဲ့စာပေတွေကို ဖတ်နိုင်ပြီး အသိအမြင်အတွေးအခေါ်နယ်ပယ်ကျယ်ပြန့်လာမှာမို့ မြန်မာစာလေ့လာနေသူတွေလည်း မြန်မာစာပိုတော်လာမယ်" လို့ ဆိုလိုတာပါ။

ပါရဂူသင်တန်းတက်မဲ့သူတွေအတွက် နိုင်ငံတကာတက္ကသိုလ်တွေက သတ်မှတ်ထားတဲ့ သတ်မှတ်ချက်တစ်ခုရှိပါတယ်။ ဒါက **"နိုင်ငံခြားဘာသာ**

**စာမျက်နှာ ၂၉ သို့** á

**ဦးလှငွေ**
**အသက်(၈၃)နှစ်**
**လပွတ္တာမြို့**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သုခဒဂုံအိမ်ရာနေ ဒေါ်ဥတ္တမနန္ဒီ(ဒေါ်စန်းဝင်း)၏ ဒါယကာ၊ ဦးဝင်းစိုး+ဒေါ်သီတာမျိုး၊ ဗိုလ်မှူးကြီးစောထွန်း+ဒေါ်နီနီဝင်း၊ ဦးဝဏ္ဏမိုး+ဒေါ်သင်းသင်းဆွေ၊ ဒေါ်သန့်စုစုထွေး၊ ဦးအောင်သူရဖြိုး+ဒေါ်သက်သက်လှိုင်၊ ဗိုလ်မှူးရဲထွန်းမင်း+ဒေါ်နန်းကျော့သွင်စိုးတို့၏မွေးသဖခင်၊ မြေးခုနစ်ယောက် မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၁-၅-၂၀၂၆(တနင်္လာနေ့)ည ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၆(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁:၃၀ နာရီတွင် ကြည်စုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးလှငွေ**
**အသက်(၈၃)နှစ်**

ကိုစောထွန်း၏ဖခင်ဖြစ်သူ ဦးလှငွေသည် ၁၁-၅-၂၀၂၆(တနင်္လာနေ့) ည ၈:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၃၆)မှ
ကျောင်းဆင်းများနှင့် မိသားစုများ

**သစ်တော**
**မှန်လျှင်**
**အသုံးဝင်**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ပူတာအိုမြို့နယ် မူလာအွန်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပူတာအို မေ ၁၁**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မူလာအွန်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဖြင့် စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မေ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်၊ ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မူလာအွန်ကျေးရွာ၌ မွေးမြူရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ပူတာအိုခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်က ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF)နှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ (RBF) စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀၊ ကျေးရွာပြည်သူထည့်ဝင် ငွေကျပ် သိန်း ၁၀၀ စုစုပေါင်းငွေကျပ် သိန်း ၄၀၀ ဖြင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သည့်အရင်းအနှီးများ ရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တက်စေရန် အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၁၃၂၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲကြီးစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၁၃၂၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၁၃၂၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးမည်ဖြစ်ပြီး ယခုအချိန်တွင် စိုက်ပျိုးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ပဲကြီးဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးမှာပါ"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းနှင့်အရည်အသွေး တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# ဒိုက်ဦးမြို့နယ် ကမာဖရုံကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဒိုက်ဦး မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမာဖရုံကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မေ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကမာဖရုံကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဒိုက်ဦးမြို့နယ် ကမာဖရုံကျေးရွာ၌ လမ်း အရှည် ပေ ၉၁၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်ဧပြီ ၂၆ ရက်မှ စတင်ကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၄၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကမာဖရုံကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ၏ သွားလာရေး အဆင်ပြေလွယ်ကူစေမည်ဖြစ်ပြီး ယခင်ကထက် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ချိုလေး**

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးသလောက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ဧပြီလအတွင်း ငါးသလောက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မတ်လအတွင်း ငါးသလောက်ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလအတွင်း ငါးသလောက်ပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဧပြီလအတွင်း ငါးသလောက်ပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ငါးသလောက်တွေက လတ်ဆတ်မှုနဲ့ အရွယ်အစားအလေးချိန်အပေါ် မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက်အသေး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၊ အလတ် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၃၅၀၀၀၊ အကြီး တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၇၅၀၀၀ ထိ အရွယ်အစားအပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း၊ အဆိုပါ ငါးသလောက်များ အရောင်းအဝယ်ပုံမှန်တင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၈ မှအဆက်

**စကားတစ်ခုခုကျွမ်းကျင်ရန်မှာ ဘွဲ့လွန်ကျောင်းသားတစ်ယောက်အတွက် ကြိုတင်လိုအပ်ချက်ဖြစ်တယ်"ဆိုတဲ့အချက်ပါ။**

တက္ကသိုလ် ဆရာ၊ ဆရာမဖြစ်လာပြီဆိုရင် သုတေသနပြုရမယ်။ စာတမ်းဖတ်ရပါမယ်။ ပြည်ပကို သွားဖတ်ရတာမျိုးရှိတယ်။ ပြည်ပက ပညာရှင်လာရင် ရင်ပေါင်တန်းဆွေးနွေးနိုင်ရမှာမျိုးရှိတယ်။ ဒီတော့ အင်္ဂလိပ်စာမတတ်ရင် အဲဒါတွေ ဘာတစ်ခုမှလုပ်နိုင်မှာမဟုတ်ဘူး။ ပညာအရည်အသွေးမြင့်အောင် ကိုယ့်ကိုယ်ကိုယ်ဖြည့်မယ်ဆိုရင်တော့ သုတေသနလုပ်တာ၊ စာတမ်းဖတ်တာတွေ မလုပ်လို့မရပါဘူး။ အင်္ဂလိပ်စာနဲ့ရေးထားတဲ့ စာအုပ်စာတမ်း၊ ကျမ်းတွေကို ဖတ်ဖြစ်အောင်ဖတ်ဖို့" ဆရာကြီးဒေါက်တာဦးခင်အေးက စကားစပ်မိသမျှ တိုက်တွန်းအားပေးရှာပါတယ်။

**နိဂုံး**

မျက်စိတစ်ဖက်သာမြင်ရရှာတဲ့ ဆရာကြီးက မျက်လုံးနှစ်ဖက်လုံး မြင်ကြပါလျက်နဲ့ အင်္ဂလိပ်စာဘာသာကို ကျွမ်းကျင်တတ်မြောက်စရာ မလိုပါဘူးဆိုပြီး အမြင်ကျဉ်းမြောင်းကြတဲ့ တက္ကသိုလ် ဆရာ၊ ဆရာမများနှင့် **"အင်္ဂလိပ်စာအဖတ်အရှုမရှိတဲ့ ဆရာတွေ၊ လုပ်ဖော်ကိုင်ဖက်တွေနဲ့ အင်္ဂလိပ်စာအဖတ်အရှုရှိတဲ့ ဆရာတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ ကွာခြားတာတွေကို ကိုယ်တွေ့ကျောင်းသားဘဝ၊ ဆရာဘဝမှာ သိမြင်ခဲ့ရတာမို့ အင်္ဂလိပ်စာကို လေ့လာဖတ်ရှုဖို့ တိုက်တွန်းရတာပါ"တဲ့။** အေးအေးညင်သာ ပြောရှာခဲ့ပါတယ်။

နောင်လာနောက်သားလူငယ်များ၊ အနာဂတ်ကာလမှာ "ကမ္ဘာကြည့် ကြည့်မြင်နိုင်အောင်" အင်္ဂလိပ်စာအပါအဝင် ဘာသာခြားစာပေ၊ စကားများကို ကိုယ်ထူကိုယ်ထကြိုးစားပြီး ဆည်းပူးသင်ယူကြပါကုန်။

**ဗလငါးတန်ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေဖတ်ကြစို့**

# တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများအတွက် ကျောင်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းဆင့် Grade-10၊ Grade-11 နှင့် Grade-12 အတန်းပညာများကို သင်ကြားလေ့ကျင့်ပေးမည့် အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်)၊ အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း (နေပြည်တော်)တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသားသစ်များအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) Grade-10 သင်တန်းအတွက် Grade-9 အောင်မြင်ပြီး အသက် ၁၇ နှစ်ထက်မကြီးသူ၊ Grade-11 သင်တန်းအတွက် Grade-10 အောင်မြင်ပြီး အသက် ၁၈ နှစ်ထက်မကြီးသူ၊ Grade-12 သင်တန်းအတွက် Grade-11 အောင်မြင်ပြီး အသက် ၁၉ နှစ်ထက် မကြီးသူ ဖြစ်ရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူအမျိုးသား(လူပျို)ဖြစ်ရမည်။

(ဂ) တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရဖူးသူ မဖြစ်စေရ။

(ဃ) စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းအောင်မြင်ရမည်။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၅-၂၀၂၆ ရက်နေ့မှ ၂၀-၅-၂၀၂၆ ရက်နေ့အတွင်း လျှောက်ထားသူကာယကံရှင်ကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များသို့ လျှောက်ထားရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ ၃ ပုံ။

(ခ) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဂ) မိဘ/အုပ်ထိန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဃ) အိမ်ထောင်စုဝင်လူဦးရေစာရင်း(ပုံစံ-၆၆/၆)(မိတ္တူ)။

(င) ကျောင်းထွက်လက်မှတ်(မိတ္တူ)။

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ သို့မဟုတ် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ ထောက်ခံစာမူရင်း။

(ဆ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ကျောင်းသားသစ်အဖြစ်လျှောက်ထားသူအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းကြီးကြပ်ရေးနှင့် ကျောင်းသားစိစစ်ရေးရွေးချယ်ရေးအဖွဲ့က ပဏာမရွေးချယ်ရန် အကြောင်းကြားလာပါက အပိုဒ်(၂)ပါစာရွက်စာတမ်းများ မူရင်းနှင့် မိတ္တူ(၃)စောင်စီ ယူဆောင်၍ ၂၂-၅-၂၀၂၆ ရက်အရောက် မိဘ/အုပ်ထိန်းသူနှင့်အတူ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများအား ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို ကျောင်းသားအဖြစ် အတည်ပြုရွေးချယ်သွားမည်။

၄။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှု၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အခြားသင်ထောက်ကူပစ္စည်းများ၊ အခြေခံပစ္စည်းများ အခမဲ့ရရှိမည့်အပြင် ပညာသင်ကြားနေစဉ်ကာလအတွင်း လစာအဖြစ် တစ်လလျှင် Grade-10 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၃၀ ရာခိုင်နှုန်း (၄၃၂၀၀၀/- ကျပ်)၊ Grade-11 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၄၀ ရာခိုင်နှုန်း(၅၇၆၀၀၀/- ကျပ်)နှင့် Grade-12 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၅၀ ရာခိုင်နှုန်း(၇၂၀၀၀၀/-ကျပ်) တို့အား ခံစားခွင့်ရှိသည်။

၅။ ကျောင်းသားများအား အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များကို ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နှစ်အလိုက် သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်မှကျင်းပပြုလုပ်သည့်တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ကျောင်းသားများသည် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိပါက တပ်မတော်ဆိုင်ရာ တက္ကသိုလ်နှင့်သိပ္ပံများသို့ လျှောက်ထားခွင့်ရှိသည်။ တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့် သိပ္ပံများသို့တက်ရောက်ရန် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုမရှိပါက ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းနှင့် တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်ကျောင်း၌ဖွင့်လှစ်သည့် တတိယအဆင့်ဆေးလက်ထောက်သင်တန်း(အထူး)သို့ လျှောက်ထားခွင့်ရှိသည်။

၆။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ပညာရေးဌာနစု၊ ဖုန်း-၀၃၆-၃၀၅၃၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .



‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’

ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTOMEC

FDA အမှတ်-2212 PCE 0013

DENTIST RECOMMENDED




ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ ၃၆ x ၃၇ လမ်းကြား၊ ၇၃ x ၇၄ လမ်းကြား ဦးကျော်ဝင်း ပါ_၆ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများက မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ ၃၆ x ၃၇ လမ်းကြား၊ ၇၄ လမ်းတွင်နေထိုင်သူ ဦးမာတင် (ခ) ဦးလှဝင်း (ဘ) ဦးအိစမ်အင်(၉/မရတ(နိုင်)၀၇၀၇၆၂)ကိုင်ဆောင်သူ လူကြီးမင်းထံသို့ လွှဲအပ်ခဲ့သော မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ ၃၆ x ၃၇ လမ်းကြား၊ ၇၃ x ၇၄ လမ်းကြား၊ အကွက်အမှတ်(၆၈၄)၊ ဦးပိုင်(၃၂-ခ)၊ ဒေါ်ဟလီမာ အမည်ပေါက် ဂရန်မြေပေါ်တွင် အာရ်စီ(၂)ခန်းတွင် (၄)ထပ်အဆောက်အဦးဆောက်လုပ်ရန် အထွေထွေကိုယ်စားလှယ်လွှဲစာအား လွှဲအပ်ပေးထားခဲ့ပါသည်။ လွှဲအပ်သူ (၆)ဦးအနက်မှ ဒေါ်အေးအေးမြင့်မှာ ကွယ်လွန်သွားပြီးဖြစ်ပါသည်။

ယခုအခါ ကျန်ရစ်သူ လွှဲအပ်သူဦးကျော်ဝင်း ပါ_၅ဦးမှ ဦးမာတင် (ခ) ဦးလှဝင်းထံသို့ လွှဲအပ်ထားသည့် အထက်ပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ဆက်လက်ဆောင်ရွက်ရန်ကိစ္စများပြီးစီးသည်ဖြစ်၍ ယနေ့မှစ၍ ပြန်လည်ဖျက်သိမ်းလိုက်ပါသည်။ အဆိုပါဖျက်သိမ်းသည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**

၁။ ဦးကျော်ဝင်း
၂။ ဒေါ်တင်တင်မြင့်
၃။ ဦးခင်မောင်ဝင်း
၄။ ဦးမျိုးလွင်
၅။ ဦးမျိုးခိုင်

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထွန်းဝင်းအောင်**
**(LL.M, D.B.L,D.I.L,D.P.S, Dip: in English(MUFL)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၁၉/၂၇-၁-၂၀၂၁)
တဲကုန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။
၀၉-၄၀၄၈၄၈၇၉၁၊ ၀၉-၇၈၄၀၉၉၅၅၈

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၂)ရပ်ကွက် အရှေ့လားသော်လမ်း၊ အနောက်လားသော်လူမနေ၊ တောင်လားသော် ဒေါ်အုံးမြ၊ မြောက်လားသော် ဒေါ်မိုမို ယင်းအနားလေးရပ်အတွင်းရှိ ဒေါ်သန်းငွေ၏သမီး ဒေါ်ဂျူလိုင်မိုး(၈/ရစက(နိုင်)၂၃၃၁၅၁) ကိုင်ဆောင်သူမှ အလျား ၁၄'-၀"၊ အနံ ၁၆'-၀" ဝါးထရံကာ (၂)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ပျောက်ဆုံးကြောင်း

နမ့်စန်မြို့၊ ရပ်ကွက်(၁)နေ အေးမွန်လတ် (ဘ) ဦးကြည်ဝင်း (၁၃/နစန(နိုင်)၀၇၂၄၃၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-101380)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-68889890**

## ပျောက်ဆုံးကြောင်း

မိုးကောင်းမြို့၊ နမ္မတီးနေ မယာမူနာဒေဗီ (ဘ) ဦးဂျိုတီလားလ်(၁/မကတ(နိုင်)၀၆၅၈၂၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-790179120**

## ပျောက်ဆုံးကြောင်း

အမရပူရမြို့နယ်၊ ဖရဲကျွန်းကျေးရွာနေ မအေးအေးမိုး (ဘ) ဦးကျော်ထွန်း(၉/အမရ(နိုင်)၀၉၃၀၅၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-257487662**

## ဦးမြင့်သိန်း(ရွှေဂျိုးသာပိုးထည်တိုက်)

## အသက် (၇၄)နှစ်

အမရပူရမြို့နယ်၊ တရုတ်တန်း(၄)ရပ်၊ ရှေ့တော်ပြေးလမ်း၊
ရွှေဂျိုးသာခြံနေ
(ဦးလှအောင် + ဒေါ်သန်းသန်း)တို့၏သား
(ဦးဘမြင့် + ဒေါ်ညိုညို)တို့၏သားမက်
ဦးစိုင်းခမ်းရှုန် + မရွှေဟသ်ာ၊ ဦးရဲမင်းကို + မထက်မြင့်ညို(တုံတုံ)၊
ကိုငြိမ်းချမ်း(ဂျိုးဂျိုး)၊ ကိုခေါင်စွမ်းသာ(ဝိုင်း) + မစန္ဒာအောင်တို့၏ဖခင်
မောင်ရွှေလက်ရုံး၊ မောင်ရွှေမင်းညို၊ မောင်ရွှေလင်းရောင်တို့၏အဘိုး
ဒေါ်မမ၏ ချစ်လှစွာသော ခင်ပွန်း

**ဦးမြင့်သိန်း အသက် (၇၄)နှစ်**

သည် ၁၁-၅-၂၀၂၆ ရက်နေ့ နံနက် ၂ နာရီ ၂၈ မိနစ်တွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၁၃-၅-၂၀၂၆ ရက်နေ့ မွန်းတည့် ၁ နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း

## ကိုးကြိမ်မြောက် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်ဆိုင်ရာသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား






ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်ဆိုင်ရာသင်တန်းဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် မေ ၁၁**

မြန်မာ့တပ်မတော်မှ အရာရှိ၊ စစ်သည်များအနေဖြင့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းတာဝန်များ သိရှိနိုင်စေရန်အတွက် မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်တို့ပူးပေါင်းဖွင့်လှစ်သော ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်ဆိုင်ရာသင်တန်း (UN Peacekeeping Officer Course) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ PARKROYAL ဟိုတယ်၌ ပြုလုပ်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ စစ်သံမှူးများ၊ အိန္ဒိယတပ်မတော်မှ နည်းပြအရာရှိများ၊ မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

### ထူးခြားသည့် နေ့အပူချိန်များ

(၁၁-၅-၂၀၂၅)

ကော့ကရိတ်
၃၈ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်
ဘားအံ
၃၈ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်
ထားဝယ်
၃၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်
မော်လမြိုင်
၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ်
မုဒုံ
၃၆ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်
သိမ်ဇရပ်
၃၆ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်
မြိတ်
၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်
မြဝတီ
၃၆ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ်

# ဘာစီလိုနာအသင်းက ရီးရဲလ်မက်ဒရစ်အသင်းကို အနိုင်ယူပြီး လာလီဂါချန်ပီယံဆုကို ၂၈ ကြိမ်မြောက် ဆွတ်ခူး

**ဘာစီလိုနာ မေ ၁၁**

လာလီဂါပွဲစဉ်(၃၅)တွင် အယ်ကလက်စီကိုပြိုင်ဘက်ဖြစ်သည့် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ တွေ့ဆုံခဲ့ရာ ဘာစီလိုနာအသင်းက ပထမပိုင်းသွင်းဂိုး နှစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီ လာလီဂါချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဘာစီလိုနာအသင်းက အိမ်ရှင်အားသာချက်ဖြင့် ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှုအသာရယူပြီး တိုက်စစ်ဆင်နိုင်ခဲ့သောကြောင့် ပွဲကစားချိန် ကိုးမိနစ်တွင် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်က ဦးဆောင်ဂိုးရရှိခဲ့ပြီးနောက်

**စာမျက်နှာ ၁၈ ကော်လံ ၄ ❖**






အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563